# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday 5 August 2018 ၉၃၆၉


# မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသများအတွက် အလှူငွေများ လှူဒါန်းခြင်းနှင့် ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၄

**မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ဒေသရှိ ပြည်သူများအတွက် အလှူငွေ၊ အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့

ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၅၀ အား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်

စာမျက်နှာ - ၃

ရင်ခွင်မဲ့ကလေးငယ်များ လှေလှော်ချရေးနှင့်ကာကွယ် စောင့်ရှောက်ရေး ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများ ဖွဲ့စည်းရေး တွေ့ဆုံဆွေးနွေးပွဲ ပုသိမ်တွင်ကျင်းပ

စာမျက်နှာ - ၅

ကျေးလက်ပြည်သူ ဝင်ငွေ တိုးစေမည့် ပေတောကျေးရွာရှိ ခေတ်မီ ဥစားကြက်ခြံစီမံကိန်း

စာမျက်နှာ - ၈

မြိတ်မြို့၌ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် မှုခင်းများကြန့်ကြာမှုမရှိစေရေး ဆွေးနွေး

စာမျက်နှာ - ၁၀

## သထုံမြို့နယ် ရေဘေးကယ်ဆယ်ရေးစခန်းရှိ ကလေးများအား စိတ်ဓာတ်ခွန်အားမြှင့်အစီအစဉ်များ သွားရောက်ပြုလုပ်ပေး



**သထုံ ဩဂုတ် ၄**

မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းနေထိုင်နေကြသည့် သထုံမြို့နယ် ဈေးမသွယ်အထက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ရေဘေးကယ်ဆယ်ရေးစခန်းမှ ရေဘေးသင့်ပြည်သူများအား သထုံခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကာ ဩဂုတ် ၄ ရက် နံနက်ပိုင်းက တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် ကလေးငယ်များ စိတ်ဓာတ်ခွန်အားမြှင့်အစီအစဉ်များကို သွားရောက်ပြုလုပ်ပေးခဲ့ကြသည်။

ရေဘေးကယ်ဆယ်ရေးစခန်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သဘာဝဘေးဆိုင်ရာ တုံ့ပြန်မှုများအကြောင်း ဆွေးနွေးဟောပြောပြီး လက်ကမ်းစာစောင်များ ဝေငှ၍ စခန်းရှိကလေးငယ်များ စိတ်ဓာတ်ခွန်အားဖြစ်စေရေးအတွက် ပုံပြင်များ ရွတ်ဆိုပြခြင်း၊ ဉာဏ်စမ်းပဟေဠိမေးခွန်းများ မေးမြန်းခြင်းနှင့် ပျော်ရွှင်ဖွယ်ရာဂိမ်းအစီအစဉ်များ **(အပေါ်ပုံ)** ပြုလုပ်ပေးကာ အစားအစာနှင့် ရေသန့်ဘူးများလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**




# ကြေးမုံ

## အများပြည်သူအကျိုး အစဉ်ရှေးရှု

"ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုပါ။ ပြည်ထောင်စုဆိုတာ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ ဖွဲ့စည်းထားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုကြီးအကျိုးအတွက် ဘယ်တော့မှမမေ့ဘဲနဲ့ ဘာလုပ်ငန်းလုပ်လုပ် လုပ်စေချင်ပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ(၁/၂၀၁၈) အစည်းအဝေးတွင် ပြောကြားလိုက်သည်။

အစည်းအဝေး၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအပြင် အခြားလုပ်ငန်းများလုပ်ကိုင်ကြရာတွင်လည်း ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံးအတွက် အကျိုးရှိအောင် စဉ်းစားပြီး လုပ်စေချင်ကြောင်း၊ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားအားလုံး ပိုမိုငြိမ်းချမ်းနီးစပ်လာအောင်၊ ညီညွတ်လာအောင်၊ ပိုမိုပြီးစည်းလုံးလာအောင် လုပ်ပေးမည့်ပုံစံမျိုးလည်း ဖြစ်စေချင်ကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် အပြိုင်အဆိုင်လုပ်ပြီး စိတ်ဝမ်းကွဲခြင်းမျိုးမဟုတ်ဘဲ တစ်ယောက်နှင့်တစ်ယောက် ပူးပေါင်းဆောင်ရွက်ပြီး ညီညွတ်သည့်ပုံစံမျိုးဖြစ်အောင် လုပ်ပေးစေချင်ကြောင်း ပြောကြားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံအတွင်း လုပ်ကိုင်ဆောင်ရွက်ကြရာတွင် လူနည်းစုအကျိုးထက် ပြည်ထောင်စုသားအားလုံး၏အကျိုးကို ရှေးရှုလုပ်ကိုင်နိုင်စေရန် အသိပေးပြောကြားထားသည်။ ယင်းသည် မြန်မာနိုင်ငံအတွင်း လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် ထင်ဟပ်နေသည်ဟုဆိုချင်ပါသည်။ မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဟုဆိုကာ လုပ်ကိုင်ခဲ့ကြသော်လည်း တိုင်းရင်းသားပြည်သူအများစု အကျိုးဖြစ်ထွန်းရေးထက် လူနည်းစု၊ အဖွဲ့အစည်းတစ်ခု အကျိုးဖြစ်ထွန်းရေးကို ဦးစားပေးလုပ်ကိုင်မှုများ ရှိခဲ့ပါသည်။ ယင်းအပြင် တိုင်းရင်းသားပြည်သူများ စည်းလုံးရေး၊ ညီညွတ်ရေး၊ ယုံကြည်ရေး မဖြစ်ခဲ့သည်များလည်း ရှိခဲ့ပါသည်။ မြို့ပြများတွင်လည်း မြို့ပြအလျောက်၊ ကျေးလက်များတွင်လည်း ကျေးလက်အလျောက်၊ တိုင်းရင်းသားဒေသများတွင်လည်း တိုင်းရင်းသားဒေသအလျောက် ရှိခဲ့ပါသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံသူနိုင်ငံသားအားလုံး၏ လူမှုဘဝ အလုံးစုံပြီးပြည့်စုံနိုင်ရန်မှာ လွယ်ကူလှသည်မဟုတ်ချေ။ သို့သော် မိမိတို့၏လုပ်ကိုင်ဆောင်ရွက်မှုများသည် ပြည်သူအများစု အကျိုးဖြစ်ထွန်းရေးကို အမှန်တကယ်လုပ်ကိုင်ခြင်းလော၊ မိမိတို့အကျိုး၊ လူနည်းစုအကျိုးအတွက် လုပ်ကိုင်ခြင်းလောဟူ၍ ပြန်လည်ဆန်းစစ် သတိမူမိကြဖို့လိုမည်ဖြစ်သည်။ ထို့အပြင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ဦးပေါ်တစ်ဦး ကောင်းသောယှဉ်ပြိုင်ခြင်း၊ မှန်ကန်သော ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် ညီညီညွတ်ညွတ်လုပ်ကိုင်ဆောင်ရွက်ကြရန်လိုပြီး တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သဘောထားအမြင်ကွဲပြားမှုများမဖြစ်အောင် သတိမူကြရမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကောင်းသောယှဉ်ပြိုင်မှုများ၊ မှန်ကန်သော အကောင်းဆုံးနည်းလမ်းများဖြင့် လုပ်ကိုင်ကြရမည်ဖြစ်သည်။ တိုင်းပြည်အကျိုး၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး၏အကျိုးကို ရှေးရှုကြရမည်ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများကို ကြည့်မည်ဆိုလျှင် လုပ်ငန်းများကို လုပ်ကိုင်ရာ၌ နိုင်ငံနှင့် ပြည်သူအကျိုးကို အစဉ်ရှေးရှုပြီး အားကြိုးမာန်တက် အရှိန်အဟုန်မပျက် စနစ်တကျလုပ်ကိုင်ကြသည်ကို တွေ့ ရသည်။ အမြင်သဘောထားကွဲပြားမှုများနည်းပါးပြီး ညီညီညွတ်ညွတ် တက်ညီလက်ညီလုပ်ကိုင်ကြသည်။ ထိုအခါ ထိုလုပ်ငန်းများမှာ အောင်မြင်ရေးလမ်းကြောင်းပေါ်တွင်သာ ရှိနေတော့သည်။ ယင်းတို့ကို အတုယူအားကျရမည်ဖြစ်သည်။ ပြည်ထောင်စုသားအားလုံး အကျိုးစီးပွားဖြစ်ထွန်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းသော ယှဉ်ပြိုင်မှု၊ ကောင်းသောလုပ်ဆောင်မှုများဖြင့် အလုပ်လုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားချက်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသာမက မည်သည့်လုပ်ငန်းမဆို လုပ်ကိုင်သည်ဖြစ်စေ ပြည်ထောင်စုအကျိုး၊ နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ အကျိုးကို အစဉ်ရှေးရှု၍ အလေးထားလုပ်ကိုင်ဆောင်ရွက်ကြရန် တိုက်တွန်းချင်ပါသည်။ ။





လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
(မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။


## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီး ရေရှည်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Mrs Tone Tinnes ဦးဆောင်သော UNOPS အဖွဲ့အပါအဝင် စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးအတွက် ရေရှည်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးအဖွဲ့အား ဩဂုတ် ၃ ရက် ညနေပိုင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် စစ်တွေ အထွေထွေရောဂါကု ဆေးရုံကြီးအတွက် ရေရှည်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ မြေပြင်ကွင်းဆင်း၍ လေ့လာသုံးသပ်ပြီး ကျွမ်းကျင်ပညာရှင်များမှ ရေးဆွဲထားသော စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ရေး ရေရှည်စီမံကိန်းနှင့် ပတ်သက်သည့် အချက်အလက်များကို UNOPS အဖွဲ့မှ အခြေခံအဆောက်အအုံ အင်ဂျင်နီယာ ဦးကျော်ဝင်းမော်က စစ်တွေ အထွေထွေရောဂါကု ဆေးရုံကြီးကို အဆင့်မြှင့်တင်ခြင်းမှ တစ်ဆင့် တန်းတူညီမျှမှုရှိသော၊ လူတန်းစားမရွေး အားလုံးလက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်ခြင်းဖြင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှု ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆေးရုံကြီးအတွက် ရေရှည်စီမံကိန်းကို ဆေးရုံကြီး၏ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများကို ထိခိုက်ခြင်းမရှိစေရန်၊ သဘာဝဘေးအန္တရာယ်များဒဏ်ကို ခံနိုင်ရည်ရှိ၍ လုံခြုံဘေးကင်းပြီး ရေရှည်တည်တံ့စေရန်၊ ပြည်သူလူထုအတွက် ကျန်းမာရေးဝန်ဆောင်မှု အမျိုးအစားအစုံအလင်ကို အဆင်ပြေချောမွေ့စွာ ပေးအပ်နိုင်မည့် ခေတ်မီအခြေခံအဆောက်အအုံဖြစ်စေရန် စသည့် အချက်များကို ထည့်သွင်းစဉ်းစားကာ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆေးရုံကြီး အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို လုပ်ဆောင်ရာတွင် ပြင်ပလူနာဌာန၊ လူနာဆောင်များ၊ ခွဲစိတ်ခန်းများ၊ ဓာတ်ခွဲခန်းများ၊ အထောက်အကူပြုဌာနများ၊ လူနာစောင့်များနားနေရန် နေရာများ၊ ဝန်ထမ်းအိမ်ရာများ စသည်တို့ကို အဆင့်လိုက်၊ အပိုင်းလိုက်အနေဖြင့် အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျစရိတ် စုစုပေါင်း အမေရိကန် ဒေါ်လာ ၅၆ သန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Mrs Tone Tinnes က စစ်တွေ အထွေထွေရောဂါကု ဆေးရုံကြီး ရေရှည်စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ရေး အဖွဲ့သည် ကနဦးမွမ်းမံပြင်ဆင်တည်ဆောက်ရေး လုပ်ငန်းများအတွက် 3MDG ရန်ပုံငွေအဖွဲ့မှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၃ သန်းကို ရရှိထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍ အလှူရှင်များထံမှ ရန်ပုံငွေများ တိုးတက်ရရှိရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အနာဂတ်တွင် စစ်တွေဆေးရုံကြီးကို သင်ကြားရေးဆေးရုံကြီးအဖြစ် သတ်မှတ်အသုံးပြုနိုင်ရန်အတွက် အဆင့်မြှင့်တင်တည်ဆောက်ရာတွင် စာသင်ခန်းများ၊ အစည်းအဝေးခန်းများ ထည့်သွင်းတည်ဆောက်သွားစေလိုကြောင်း ပြောကြားခဲ့သည်။

ယခုတင်ပြလာသော (Master plan) ကို ယေဘုယျအားဖြင့် သဘောတူပြီး ဝန်ကြီးဌာနမှ နည်းပညာဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ဆန်းစစ်သုံးသပ်ကာ အမြန်ဆုံးအတည်ပြုဆုံးဖြတ်ပေးမည်ဖြစ်ကြောင်း၊ Master plan အား အတည်ပြုပြီးပါက ဆောက်လုပ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ရန်ပုံငွေမှလည်း သင့်တင့်သော အချိုးအစား ထည့်ဝင်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Mrs Tone Tinnes က ပြည်ထောင်စုဝန်ကြီးအား စစ်တွေ အထွေထွေရောဂါကု ဆေးရုံကြီး အဆင့်မြှင့်တင်ရေး ရေရှည်စီမံကိန်း (Master Plan) ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပင်လုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြော

**ပင်လုံ ဩဂုတ် ၄** စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက ပင်လုံမြို့ ပန်မုန့်ကျေးရွာ အမကကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနား၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူးက စာပေဖတ်ခြင်းကြောင့် ရရှိသည့် အကျိုးကျေးဇူးများအကြောင်း ဟောပြောခဲ့ပြီး အခမ်းအနားသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့သည်။ ထို့နောက် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် ပညာပေးမှတ်တမ်းဓာတ်ပုံများ၊ နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**


ကြေးမုံ

**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၊ ဖက်စ် ၀၁-၂၉၃၃၅၁

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေကျင်မြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများအား တွေ့ဆုံအားပေး

**နေပြည်တော် ဩဂုတ် ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ရွှေကျင်မြို့ပေါ်တွင် ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ရေဘေးရှောင်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးသည်။

ရွှေကျင်မြို့ ဂန့်ဂေါ်ဝိုင်းရပ်ကွက် ရွှေတောင်ဦးစေတီတော်ရှိ ရေဘေးရှောင်စခန်း၊ အခြေခံပညာအထက်တန်းကျောင်း၊ ရွှေကျင်မြို့ရှိ ရေဘေးရှောင်စခန်းနှင့် သမိုင်းဝင်ဘုရားကြီး စေတီတော်အတွင်းရှိ ရေဘေးရှောင်စခန်းတို့၌ ရေဘေးရှောင်ပြည်သူများ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက ရေဘေးရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများပေးအပ်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ရေဘေးရှောင်စခန်းများတွင် ဖွင့်လှစ်ထားသည့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် ရွှေကျင်မြို့ သမိုင်းဝင်ဘုရားကြီးစေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြသည်။

ရွှေကျင်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ဇူလိုင် ၃၀ ရက်အထိ ရွှေကျင်မြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်နှင့် ကျေးရွာပေါင်း ၄၂ ရွာရှိ အိမ်ခြေ ၅၇၆၈ အိမ် ရေလွှမ်းမိုးခဲ့ပြီး လူဦးရေ စုစုပေါင်း ၂၇၂၆၆ ဦး ဘေးလွတ်ရာကုန်းမြင့်များသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စုများအား ရွှေကျင်မြို့ပေါ်၌ ငါးနေရာနှင့် ကျေးရွာများ၌ ၄၂ နေရာ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပြီး ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း၊ ရွှေကျင်မြို့နယ်အတွင်း ရေဝင်ရောက်မှုကြောင့် မိုးစပါးစိုက်ပျိုးဧက ၃၄၈၆၇ ဧကရှိသည့်အနက် စိုက်ပျိုးဧကပေါင်း ၂၅၅၀၀ ခန့် ရေဝင်နစ်မြုပ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၅၀ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်



**ပဲခူး ဩဂုတ် ၄**

ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တွင်ဖွင့်လှစ်ထားသော ပဲခူးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံး၌ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အာဆီယံ+၃ အရေးပေါ်ဆန်ရိက္ခာအစီအစဉ် ၃ အရ ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၅၀ ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ရာ ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၅၀ ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မူခင်းကျဆင်းရေး စလင်းတွင် ဟောပြော

**စလင်း ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့လယ် မြတ်ရတနာဓမ္မာရုံ၌ ဩဂုတ် ၁ ရက်က မူခင်းကျဆင်းရေး ဟောပြောပွဲပြုလုပ်ရာ စလင်း အထက-၁ မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် သက်ငယ်မုဒိမ်းမှု မဖြစ်ပေါ်စေရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်များနှင့် လူကုန်ကူးမှုဆိုင်ရာ မူခင်းများအကြောင်းကို တာဝန်ရှိသူအသီးသီးက ဟောပြောခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

✪ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လာရောက်လှူဒါန်းပေးကြသူများအား ရေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် စေတနာရှင်အသင်းအဖွဲ့၊ ဖောင်ဒေးရှင်း၊ မိသားစု ၃၁ စုတို့မှ လှူဒါန်းငွေကျပ် ၁၉၉၆၃၁၀၀၀ အသီးသီးပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ဖြစ်ပေါ်ခဲ့သော ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ တော်ဝင်ဟံသာခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။**(ဓာတ်ပုံ)**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော ဒေသများတွင် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ လယ်ယာစိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ ယခုအခါရေများကျဆင်းနေပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သော သန့်ရှင်းသောသောက်သုံးရေ ရရှိစေရေး၊ စိုက်ပျိုးမြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ လမ်း၊ တံတားများ ပြန်လည်ကောင်းမွန်လာစေရန် အမြန်ပြုပြင်ရေး၊ ပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စတင်နေပြီဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာတာဝန်ခံများအနေဖြင့် သတင်းအချက်အလက်ရရှိရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စုပေါင်းအားဖြင့် ဆောင်ရွက်ရန်ဖြစ်ပြီး အကောင်အထည်ဖော်ရာတွင် လိုအပ်သောအချက်အလက်များ အမြန်ရရှိရေး၊ သက်ဆိုင်ရာဌာနဆိုင်ရာများက တိုင်းဒေသကြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီများသို့ ဆက်သွယ်ပူးပေါင်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အမြန်တင်ပြစေလိုကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေး ညှိနှိုင်းမှုကော်မတီဖွဲ့စည်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ရေကြီးရေလျှံမှု စတင်ဖြစ်ပွားခဲ့သောအချိန်မှ ယနေ့အထိ အခြေအနေများဖြစ်သော မြစ်ရေများစိုးရိမ်ရေအမှတ်အထက်သို့ အသီးသီးရောက်ရှိခဲ့မှု အခြေအနေများ၊ ယာယီရေဘေးရှောင်စခန်းများဖွင့်လှစ်မှု အခြေအနေ၊ လတ်တလော စားသုံးရန် စားနပ်ရိက္ခာများ ထောက်ပံ့ကူညီပေးနိုင်မှု၊ လမ်း၊ တံတားနှင့် တာများ၏ကြံ့ခိုင်မှုနှင့် ကျိုးပေါက်မှု အခြေအနေများ၊ စိုက်ပျိုးမြေနှင့် သီးနှံပျက်စီးဆုံးရှုံးမှု အခြေအနေများ၊ အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်လိုသည့် လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်စတင်ဆောင်ရွက်ခြင်းသည် ပြည်သူများအတွက် အကျိုးရှိစေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်တည်ဆောက်ရာတွင် ဘတ်ဂျက်နှင့် ငွေကြေးသုံးစွဲမှု ကိစ္စရပ်များတွင် အခက်အခဲရှိပါက ပြန်လည်ထူထောင်ရေး ညှိနှိုင်းမှုကော်မတီနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီတို့က ကူညီထောက်ပံ့နိုင်ရေး ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ပြည်သူများ၏ လိုအပ်ချက်များကို အစိုးရ၊ လွှတ်တော်၊ စေတနာရှင်ပြည်သူများစုပေါင်းအားဖြင့် အမြန်ဖြည့်ဆည်းနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ် ၃ ရက်ကလည်း မွန်ပြည်နယ် သထုံမြို့နယ် ဈေးမသွယ်ကျေးရွာရှိ ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိကြပြီး စခန်းရှိ ပြည်သူများ၏ စားသောက်နေထိုင်မှု အခြေအနေများ၊ ကူညီထောက်ပံ့ပစ္စည်းများရရှိမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေများနှင့် လိုအပ်ချက်များကို ကြည့်ရှုပြီး လတ်တလောစားသုံးရန် ဆန်ရိက္ခာဖိုးနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ ရင်ခွင်ပိုက်ကလေးနှင့် မိခင်များအား ထောက်ပံ့ငွေများပေးအပ်ပြီး ကလေးငယ်များအတွက် အာဟာရမုန့်နှင့် ပဲနို့တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ဘွဲ့နှင်းသဘင်တက်ရောက်



**ရန်ကုန် ဩဂုတ် ၄**

အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှု သင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့် ဒီပလိုမာသင်တန်းအမှတ်စဉ်(၁) ဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပြည်သူ့ဝန်ထမ်းအကယ်ဒမီ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက အမှာစကားပြောကြားရာ၌ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများကို ဖွင့်လှစ်ခဲ့ပြီးနောက် အလယ်အလတ်အဆင့် အရာထမ်းများကို အဆင့်မြင့်ဒီပလိုမာဘွဲ့များ စတင်အပ်နှင်းနိုင်ခဲ့ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ယခုလို စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် အဓိကကျသည့် အလယ်အလတ်အဆင့်စီမံခန့်ခွဲမှုအခန်းကဏ္ဍမှ ဆောင်ရွက်နေကြသူများဖြစ်သောကြောင့် မိမိတို့၏ စီမံခန့်ခွဲအုပ်ချုပ်မှု စွမ်းရည်များနှင့် ယနေ့ခေတ်၏ ပြောင်းလဲလာသည့် နည်းပညာ၊ အတတ်ပညာ၊ ဗဟုသုတများကိုလည်း အမြဲမပြတ် လေ့လာဆည်းပူးနေရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်သမ္မတက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံပွဲအခမ်းအနားတွင် "ဝန်ထမ်းဆိုသည်မှာ ပြည်သူ့တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ကျေးဇူးသစ္စာခံယူပြီး တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည် ဖြစ်ပါကြောင်း၊ အလားတူ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း ဂရုပြုဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့၏ ဆောင်ရွက်ချက်တိုင်းသည်လည်း နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားကို ဦးတည်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေများ မလေမလွင့် မဆုံးရှုံးစေရန် ဂရုပြုကြရမည်ဖြစ်ပြီး နိုင်ငံပိုင်ပစ္စည်းများ အလွဲသုံးစားမလုပ်ကြစေရန် အထူးသတိချပ်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူကို ဗဟိုပြု ပြည်သူကိုမျက်နှာမူ၍ တာဝန်ထမ်းဆောင်ကြစေလိုပါကြောင်း၊ ပြည်သူကို ဖိနှိပ်ချုပ်ချယ်သည့်၊ ပြည်သူကို ညှဉ်းပန်းနှိပ်စက်သည့် ယန္တရားအဖြစ် မဆောင်ရွက်စေလိုပါကြောင်း၊ ပြည်သူကို တန်ဖိုးထားလေးစား၍ တရားဥပဒေများနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ကြစေလိုပါကြောင်း"ဟု မြွက်ကြားလမ်းညွှန်ခဲ့ပါကြောင်း။

ပြည်သူ့ဝန်ထမ်း အကယ်ဒမီများက လေ့ကျင့်ပေးလိုက်သည့် ပညာရပ်များသည် မောင်မယ်တို့အတွက် အသိဉာဏ်အမြော်အမြင်နှင့် ပြည့်စုံမှု၊ တီထွင်ဖန်တီးနိုင်စွမ်းရှိမှု ရှာဖွေစူးစမ်း၊ လေ့လာသင်ယူနိုင်စွမ်းရှိမှု ဝေဖန်ဆန်းစစ်၊ ခွဲခြမ်းစိတ်ဖြာ သုံးသပ်နိုင်မှုစသည့် အရည်အသွေးကောင်းများကို ပြုစုပျိုးထောင်ပေးလိုက်ပြီဖြစ်၍ အစဉ်ထက်မြက်နေအောင် ဆက်လက်လေ့လာသင်ယူနိုင်မှသာလျှင် စွမ်းရည်ပြည့်ဝသည့် လူ့စွမ်းအားများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း။

လေ့လာဆည်းပူးရရှိခဲ့သည့် အတွေးအမြင်များ၊ လုပ်ငန်းစဉ်များကို မိမိတို့သက်ဆိုင်ရာ လုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိသည့်အခါ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမည့် ကဏ္ဍများတွင် လက်တွေ့အသုံးချခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၁၂ ရက်မှ ဩဂုတ် ၃ ရက်ထိ ရက်သတ္တပတ် ၂၀ ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်းနေ သဒ္ဓမ္မမဏိဇောတဓရ ဦးအောင်သန်းစိန်-ဒေါ်အေးမြင့်သန်း၊ သမီး မစိုးစိုးသန်း (အောင်ရတနာသက်န်းတိုက်) မိသားစုက ဩဂုတ် ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း လက်ခံရယူစဉ်။** ရွှေတိုင်ဘိုတောက်



**ဇေယျာသီရိမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ရွှေမြို့ပင်မဓာတ်အားခွဲရုံမှ ပို့လွှတ်သည့် ၃၃ကေဗွီ MRTV-2 ဓာတ်အားလိုင်းနှင့် ပျဉ်းမနားပင်မဓာတ်အားခွဲရုံမှ ပို့လွှတ်သည့် ၃၃ ကေဗွီ ရေဆင်းဓာတ်အားလိုင်းတို့အား ရွှေမြို့ ပင်မဓာတ်အားခွဲရုံတွင်လည်းကောင်း၊ ပျဉ်းမနားပင်မဓာတ်အားခွဲရုံတွင် လည်းကောင်း လျှပ်စစ်ဆိုင်ရာ ချွတ်ယွင်းမှုများရှိလာပါက တပ်ကုန်း MRTV၊ ဇေယျာသီရိရှိ သတင်းစာတိုက်များနှင့် ပုံနှိပ်တိုက်၊ တက္ကသိုလ်ကြီးများနှင့် သုတေသနဌာနကြီးများ ဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် ဇူလိုင်လနောက်ဆုံးပတ်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဆောင်သော အဖွဲ့က လုပ်ငန်းများဆောင်ရွက်နေစဉ်။** ရွှေစင်အိ(နေပြည်တော်)

# သာယာဝတီမြို့တွင် ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ



**သာယာဝတီ ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် သာယာဝတီခရိုင် ကလေးစာပေပွဲတော်ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော် မုခ်ဦးဆိုင်းဘုတ်ကို တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးပိုင်၊ ခရိုင်အဆင့် ကင်းထောက်လူငယ်၊ လူရည်ချွန်နှင့် ငါးဘာသာဂုဏ်ထူးရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ သာယာဝတီခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော်ကို သီချင်းဆို၍ ဖွင့်လှစ်ပြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ကလေးစာပေပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာမှ ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများ၊ ခင်းကျင်းပြသထားသော ပြခန်းများ၊ စာဖတ်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါကလေးစာပေပွဲတော်ကို ဩဂုတ် ၄ ရက်မှ ၅ ရက်အထိ ကဏ္ဍစုံလင်စွာဖြင့် ပြပွဲပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**ကော့သောင်း ခရိုင် ဘုတ်ပြင်း မြို့နယ် ဘုတ်ပြင်း ကျေးရွာအုပ်စု၌ အခြေခံအပ်ချုပ်စက်သင်တန်း ဆင်းပွဲကို ဩဂုတ် ၄ ရက်က ကျင်းပရာ ခရိုင်ဦးစီးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးတင်အောင်သန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့်အဖွဲ့ သင်တန်းသူများ ချုပ်ထားသည့်အထည်များကို ကြည့်ရှုအားပေးစဉ်။** ကြေးမုံ

**○ ကျောဖုံးမှ**

ပထမအကြိမ် မြစ်ရေကြီးစဉ်က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၆၅ ကျောင်းကို ယာယီပိတ်ထားခဲ့ရာမှ အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းအဆင့် သုံးကျောင်းနှင့် မူလတန်းအဆင့် ၁၀ ကျောင်း စုစုပေါင်း ၁၄ ကျောင်းတို့ ဖွင့်ရန်ကျန်ရှိခဲ့ပြီး ယခု ဒုတိယအကြိမ် မြစ်ရေထပ်ကြီးခြင်းကြောင့် တကူကျေးရွာအုပ်စုမှ အမက(ခွဲ) စပါယ်ကုန်းရွာနှင့် သိန္ဓောကျေးရွာအုပ်စု အမက-ဘန်းပြည့်အရှေ့ရွာတို့ကို ယာယီပိတ်လိုက်ရသဖြင့် စုစုပေါင်းကျောင်း ၁၆ ကျောင်း ပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **သတင်းနှင့်ဓာတ်ပုံ နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

# မဆိုင်တာကို ဆိုင်သယောင် ဆွဲထည့်သည့် အရှုပ်ထုပ်ကို ဖြေပြခြင်း

ဆွေညီ

**(ယမန်နေ့မှအဆက်)**

၂၇-၇-၂၀၁၈ ရက်(သောကြာနေ့)ထုတ် ကြေးမုံ သတင်းစာမှာ ဆရာမောင်စာဂရဲ့ **တရားရှင်၊ တရားသေလွှတ်ခြင်းနှင့် ဥပဒေ**ဆောင်းပါးကို အောင်ရဲထွေးအမှုနဲ့ ပတ်သက်ပြီး ရောချနေတာလည်း တကယ့်ကို အံ့ဩစရာပါပဲ။

ကိုဒင်ဖတ်ပြီးပေမယ့် တစ်ပိုဒ်ချင်းပြန်ပြီး ကျွန်တော်တို့အတူ ပြန်ဖတ်ကြည့်ရအောင်။

### တရားရှင်လွှတ်ခြင်း

ထောင်ဒဏ် ခြောက်လထက်ပိုသည့် ပြစ်ဒဏ်စီရင်ထိုက်သော ဝရမ်းမှုတစ်ခုကို တရားရုံးက စစ်ဆေးရာတွင် ရှေးဦးစွာ စွပ်စွဲသူတရားလိုကို စတင်စစ်ဆေးပါသည်။ ပြီးလျှင် တရားလိုက ပြသော တရားလိုပြသက်သေများကို ဆက်လက်စစ်ဆေးပါသည်။ တရားလိုနှင့် တရားလိုပြသက်သေများ၏ အစစ်ခံထွက်ဆိုချက်များအရ စွပ်စွဲခံရသူအပေါ် ပြစ်မှုတစ်စုံတစ်ရာဖြင့် စွဲချက်တင်စစ်ဆေးထိုက်ကြောင်း မပေါ်ပေါက်လျှင် တရားခံကို လွှတ်မိန့်ချမှတ်သည်။ ထိုသို့ လွှတ်ခြင်းသည် တရားရှင်လွှတ်ခြင်း ဖြစ်သည်။

### တရားသေလွှတ်ခြင်း

စွပ်စွဲခံရသူတရားခံအပေါ် ပြစ်မှုတစ်စုံတစ်ရာဖြင့် စွဲချက်တင်၍ စစ်ဆေးထိုက်ကြောင်း ပေါ်ပေါက်လျှင် အဆိုပါပြစ်မှုပုဒ်မဖြင့် စွဲချက်တင်ကြောင်း တရားရုံးက အမိန့်ချမှတ်သည်။ ပြီးလျှင် စစ်ဆေးပြီးသော တရားလိုပြသက်သေများအနက် မည်သူ့ကို ပြန်လည်ခေါ်ယူ၍ စစ်ဆေးလိုကြောင်း တရားခံက တင်ပြလျှင် ယင်းသက်သေကို ပြန်ခေါ်သက်သေအဖြစ်နှင့် စစ်ဆေးသည်။ ထို့နောက် တရားခံကို စစ်ဆေးသည်။ တရားခံပြသက်သေများကို စစ်ဆေးသည်။ နှစ်ဖက်အမှုသည်များ ကြားနာမှု ပြုသည်။ တရားခံသည် ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်လျှင် တရားရုံးက ပြစ်ဒဏ်စီရင်သည့်အမိန့် ချမှတ်သည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားမတွေ့ရှိရလျှင် တရားခံကို အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်သည်။ ထိုသို့ အပြီးအပြတ်လွှတ်သည့်အမိန့် ချမှတ်ခြင်းသည် တရားသေလွှတ်ခြင်း ဖြစ်သည်။

### မည်သည့်အခါ တရားရှင်လွှတ်သနည်း

တရားလိုနှင့် တရားလိုပြသက်သေများ၏ အစစ်ခံထွက်ဆိုချက်များအရ အောက်ပါအခြေအနေများတွင် တရားခံအား စွဲချက်မတင်ဘဲ တရားရှင်လွှတ်ပါသည်-

(က) တရားခံအပေါ် စွပ်စွဲချက်များသည် လုံးဝ အခြေအမြစ်မရှိသည့်အခါ၊

(ခ) တရားခံအား ထုချေဖြေရှင်းစေရန် အကြောင်းအချက် မတွေ့ရသည့်အခါ၊

(ဂ) စွဲချက်တင်နိုင်လောက်သော အချက်အလက်များ ပြည့်စုံမှုမရှိသည့်အခါ၊

(ဃ) တရားခံအား စွဲချက်တင်ခဲ့သော် ယင်းစွဲချက်နှင့်စပ်လျဉ်း၍ တရားခံက ထုချေဖြေရှင်းမပြုဘဲနေလျှင် ပြစ်ဒဏ်စီရင်နိုင်သည့် အကြောင်းအချက်မပေါ်ပေါက်သည့်အခါ။

### မည်သည့်အခါ တရားသေလွှတ်သနည်း

တရားလိုနှင့် တရားလိုပြသက်သေများ၊ တရားခံနှင့် တရားခံပြသက်သေများ၏ ထွက်ဆိုအစစ်ခံချက်များအရ အောက်ပါအခြေအနေများတွင် တရားခံအား တရားသေလွှတ်ပါသည်-

(က) တရားခံအပေါ် ပြစ်ဒဏ်စီရင်ထိုက်ကြောင်း တစ်ထစ်ချညွှန်ပြသည့် ခိုင်မာသော သက်သေခံချက် အထောက်အထားများမတွေ့ရှိရသည့်အခါ၊

(ခ) တရားခံသည် ပြစ်မှုကျူးလွန်သူဖြစ်သည်ဟူ၍ ထင်ကြေးဖြင့် အပြစ်ပေးရမည့် အခြေအနေမျိုး ဖြစ်နေသည့်အခါ၊

(ဂ) တရားခံသည် အမှန်တကယ်ပြစ်မှုကျူးလွန်သူဖြစ်သည်၊ မဖြစ်သည်ကို ဖြစ်တတ်သော သဘာဝနှင့်နှိုင်းယှဉ်၍ ဖြစ်ပေါ်သင့်သော သံသယဖြစ်နေသည့်အခါ၊

(ဃ) တရားခံသည် အပြစ်ရှိသူဖြစ်သည် သို့မဟုတ် အပြစ်မရှိသူဖြစ်သည် ဟူ၍ ကောက်ချက်နှစ်မျိုး ထွက်ပေါ်နေသည့်အခါ၊

(င) တရားခံသည် ပြစ်မှုကျူးလွန်သူဖြစ်သော်လည်း ယင်း၏ ပြုလုပ်မှုသည် ဥပဒေတွင် ပြဋ္ဌာန်းထားသော ကင်းလွတ်ရမြဲအချက်များ သို့မဟုတ် လွတ်ငြိမ်းခွင့်ခြွင်းချက်များတွင် အကျုံးဝင်ကျရောက်နေသည့်အခါ၊

လို့ ရေးသားထားပါတယ်။ လွှတ်တယ်ဆိုတဲ့ စကားလုံးပါတာနဲ့ ရောကြိတ်နေကြတာလို့ ထင်ပါတယ်။ ဥပဒေစကားရပ်ကို သာမန်လူတွေ နားလည်လွယ်အောင် ရေးသားထားတဲ့ စကားလုံးတွေကိုပဲ ကိုဒင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကို တလွဲဆံပင်ကောင်းပြီး အမှုကို မကြီးကြီးအောင်၊ ကြုံတုန်းလေး ဆော်လိုက်ဦးမယ်ဆိုတဲ့ ပုံစံမျိုးနဲ့ လုပ်နေကြတာက စိတ်မကောင်းစရာပါပဲ။

နောက်ထပ်ပြီးတော့လည်း ဆရာမောင်စာဂက သူ့ဆောင်းပါးကို ဒီလို ဆက်ရေးထားပါတယ်။

### သမ္မန်မှုများတွင် တရားရှင်လွှတ်ခြင်းမရှိပါ

ဝရမ်းမှုမဟုတ်သော ပြစ်ဒဏ်တစ်ရပ်နှင့် သက်ဆိုင်သည့် သမ္မန်မှုများကို တရားရုံးက စစ်ဆေးသည့်အခါ ရှေးဦးစွာ တရားခံကို အပြစ်ကျူးလွန်ခြင်းရှိ၊ မရှိ မေးမြန်းသည်။ တရားခံက အပြစ်ကျူးလွန်ခဲ့ပါသည်ဟူ၍ ဝန်ခံလျှင် ထိုက်သင့်သည့်ပြစ်ဒဏ်များ စီရင်သည့်အမိန့် ချမှတ်သည်။

တရားခံက ပြစ်မှုကျူးလွန်ရခြင်းမရှိကြောင်း ငြင်းဆိုလျှင် တရားရုံးက တရားလိုနှင့် တရားလိုပြသော သက်သေများကို စစ်ဆေးသည်။ ပြီးလျှင် တရားခံနှင့် တရားခံပြသော သက်သေများကို စစ်ဆေးသည်။ နှစ်ဖက်အမှုသည်များ ကြားနာသည်။ နှစ်ဖက်သက်သေ အစစ်ခံထွက်ဆိုချက်များအရ တရားခံ အပြစ်ကျူးလွန်ကြောင်းတွေ့ရှိလျှင် ပြစ်ဒဏ်စီရင်သည်။ အပြစ်ကျူးလွန်ကြောင်း မတွေ့ရှိက တရားသေလွှတ်မိန့်ချမှတ်သည်။ သမ္မန်မှုများကို စစ်ဆေးရာတွင် တရားခံကို တရားရှင်လွှတ်သည့်အမိန့် ချမှတ်ခြင်းမျိုးမရှိပါ။

### တရားရှင်လွှတ်ခြင်း၊ တရားသေလွှတ်ခြင်းတို့၏ အကျိုးသက်ရောက်မှု

တရားရှင်လွှတ်သည်ဆိုရာတွင် တရားလိုဘက် ထွက်ဆိုအစစ်ခံချက်များအရ မခိုင်မာ၍ လွှတ်ခြင်းဖြစ်သည်။ သက်သေခံချက်အထောက်အထားများ ထပ်မံရှာဖွေ၍ အထောက်အထားခိုင်မာလျှင် ထပ်မံတရားစွဲဆိုခွင့်ရှိသည်။

တရားသေလွှတ်သည်ဆိုရာတွင် တရားလိုနှင့် တရားခံ နှစ်ဖက်သက်သေထွက်ဆိုအစစ်ခံချက်များအရ တရားခံပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်မှု မရှိသဖြင့် အမှုမှ အပြီးအပြတ်လွှတ်ခြင်း ဖြစ်သည်။ ယင်းပြစ်မှုအရ တရားခံအပေါ် နောက်ထပ် ထပ်မံ၍ တရားစွဲဆိုခွင့်မရှိတော့ပါ။

တရားရှင်လွှတ်သည့်အမိန့်ကို မကျေနပ်လျှင် အမှုသည် ကာယကံရှင်ကိုယ်တိုင် အဆင့်မြင့်တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းလျှောက်ထားခွင့်ရှိသည်။

တရားသေလွှတ်သည့်အမိန့်ကို မကျေနပ်လျှင် အမှုသည် ကာယကံရှင်ကိုယ်တိုင်က အဆင့်မြင့်တရားရုံးသို့ တိုက်ရိုက်အယူခံမှု တင်သွင်းလျှောက်ထားခွင့်မရှိပါ။ အယူခံဝင်လိုလျှင် သက်ဆိုင်ရာ ဥပဒေရုံးသို့ လျှောက်ထားရသည်။ တရားသေလွှတ်သည့် အမိန့်အယူခံကို တရားလွှတ်တော်ကသာ လက်ခံကြားနာခွင့်ရှိသည်ဖြစ်ရာ ဥပဒေရုံးများက သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြပြီး အယူခံဝင်ရောက်သင့်ကြောင်းတွေ့ရှိလျှင် တရားလွှတ်တော်သို့ အယူခံလျှောက်ထားပေးမည်ဖြစ်သည်။

### ဆိုရိုးစကားရှိထားသည်များ

"ရာဇဝတ်မှုခင်းများတွင် အပြစ်ကျူးလွန်သူ ဆယ်ယောက် လွတ်ချင်လွတ်သွားပါစေ၊ အပြစ်ကျူးလွန်ခြင်း မရှိသူတစ်ယောက်ကို အပြစ်မပေးမိပါစေနှင့်"ဟု ဆိုရိုးစကားရှိသည်။ အပြစ်ကျူးလွန်ခြင်းမရှိသူ တစ်ဦးတစ်ယောက်ကို အပြစ်မပေးမိစေဖို့ လွန်စွာမှ သတိပြုဆင်ခြင်ထိုက်ကြောင်း ပမာပုံဆောင်ပြသည့် ဆိုရိုးစကားသာဖြစ်ပါလိမ့်မည် ထင်သည်။

အမှန်တကယ်တော့ အပြစ်ကျူးလွန်ခြင်းမရှိသူ တစ်ဦးကို ပြစ်ဒဏ်စီရင်ခြင်း မပြုမိကြစေဖို့ အထူးသတိပြုဆင်ခြင်ထိုက်ကြသလို အပြစ်ကျူးလွန်သူဆယ်ဦးကိုလည်း တရားရှင်လွှတ်ခြင်း သို့မဟုတ် တရားသေလွှတ်ခြင်း မဖြစ်ပေါ်စေသင့်ပါ။ အမှန်တကယ် အပြစ်ကျူးလွန်သူ ဆယ်ဦး အပြစ်မှ လွတ်မြောက်သွားခဲ့လျှင် နောက်ထပ် ပြစ်မှုတစ်ရာ ပေါ်လာနိုင်သည်ကိုလည်း အထူးသတိပြုဆင်ခြင်အပ်ကြသည်။

ဥပဒေကို အသုံးချ၍ ပြစ်မှုကျူးလွန်လေ့ရှိသူများ တွေ့ရတတ်သည်။ ဥပဒေကို လက်တစ်လုံးခြား ရှောင်တိမ်းကာ ပြစ်မှုကျူးလွန်တတ်ကြသူများလည်း ရှိသည်။ ဥပဒေဖောက်ဖျက်ကျူးလွန်ခြင်းကို အသက်မွေးဝမ်းကျောင်း သဖွယ် ပြုကျင့်ကာ ဆောင်ရွက်နေတတ်သူများလည်း ရှိသည်။ ထိုသို့သောသူများကို ဥပဒေဖောက်ဖျက်ကျူးလွန်နေပါလျက် ပြစ်ဒဏ်စီရင်ခြင်းမပြုနိုင်၊ ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်မြောက်နေပါလျှင် အများပြည်သူနှင့် နိုင်ငံတော် လုံခြုံစိတ်ချရမှုမရှိ၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေမည်သာ။ တရားဥပဒေစိုးမိုးရေး ပျက်ပြားမှုရှိနေမည်သာ။

ဒါကို သေချာဖတ်ကြည့်ရင် အောင်ရဲထွေးအမှုကို ရုပ်သိမ်းခဲ့တာနဲ့ပတ်သက်ပြီး တိုက်ရိုက်ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးတော့ပဲဖြစ်ဖြစ် ထင်ယောင်ထင်မှားဖြစ်စရာ တစ်ကွက်မှ ရှာမတွေ့နိုင်ပါဘူး။ တရားဥပဒေအရ ဘာလုပ်သင့်တယ်၊ ဘာလုပ်ရင် ရတယ်ဆိုပြီး ဥပဒေနဲ့ပတ်သက်လို့ အလှမ်းဝေးတဲ့သူတွေ သိနိုင်အောင် ပညာပေးရေးသားထားတာကိုပဲ တွေ့ရမှာဖြစ်ပါတယ်။

ဆရာကြီးက သူ့ရဲ့ရေးဟန်အတိုင်း ဥပဒေနဲ့ပတ်သက်လို့ သူတတ်တဲ့ပညာနဲ့ တကယ်ရှင်းလင်းလွယ်ကူစွာ ဖတ်နိုင်အောင် အားထုတ်ပေးထားပါတယ်။

### လမ်းညွှန်သဖွယ်လေ့လာသင့်သော စီရင်ထုံးများ

တရားခံပေါ် စွဲချက်တင်ထိုက်၊ မတင်ထိုက် စဉ်းစားဆင်ခြင်ရန်ရှိသော အချက်အလက်တို့သည် တရားခံအား အပြစ်ပေးထိုက်၊ မပေးထိုက် စဉ်းစားသည့်အခါ စဉ်းစားရန်ရှိသော အချက်အလက်မျိုးနှင့် သဘောအားဖြင့် တူညီခြင်းမရှိပါ။ စွဲဆိုသည့်ပြစ်မှုကို တရားခံက ကျူးလွန်သည်ဟု ထင်မြင်ဖွယ်ရာရှိကြောင်း ညွှန်ပြသည့် သက်သေခံချက်များရှိပါက တရားခံအပေါ် စွဲချက်တင်၍ ဖြေရှင်းစေရမည်သာ ဖြစ်သည်။ (၁၉၈၂ ခုနှစ်၊ မတစ၊ စာ- ၆၇)

တရားခံတို့အား အပြစ်ပေးလောက်အောင် အခိုင်အလုံအထောက်အထားမရှိဟု ပညာရှိအထူးတရားသူကြီးက ယူဆသော်လည်း ၎င်းတို့အား ညွှန်ပြသည့် သက်သေခံအထောက်အထားများကား ရှိနေပေသည်။ ထို့ကြောင့် ၎င်းတို့အား ထုချေဖြေရှင်းစေခြင်းမပြုဘဲ တရားရှင်လွှတ်လျှင် တစ်ဖက်က နစ်နာသူများအဖို့ ရုံး၏ စီရင်ချက်သည် တရားမျှတမှု ကင်းမဲ့ခဲ့သည်ဟု ထင်မြင်ယူဆဖွယ်ရာဖြစ်သည်။ (၁၉၆၆ ခုနှစ်၊ မတစ၊ စာ-၆၁၆)

တရားခံပြစ်မှုကျူးလွန်ကြောင်းကို သံသယကင်းရှင်းသည်အထိ သက်သေထင်ရှားပြရန် တရားလိုပေါ်တွင် တာဝန်ရှိသည်။ အကယ်၍ တရားလိုဘက်မှ သက်သေထင်ရှားပြရာတွင် တရားခံသည် ပြစ်မှုကျူးလွန်သူတစ်ဦး ဖြစ်မှဖြစ်ပါ့မလားဟူ၍ သံသယပေါ်ပေါက်လာပါက ထိုသံသယ၏ အကျိုးကို တရားခံအား ခံစားခွင့်ပေး၍ အမှုမှ အပြီးအပြတ်လွှတ်ရသော အခြေခံသဘောတရား တစ်ရပ်လည်းရှိသည်။ (အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ၊ စာ-၉၄)

"သံသယ၏ အကျိုးကို တရားခံအား ပေးရမည်။" ဟူသည့်အစား ထင်ကြေးဖြင့် အပြစ်မပေးသင့်။ ခိုင်လုံသော အထောက်အထားပြည့်စုံမှသာ အပြစ်ပေးရမည်ဆိုလျှင် တွေးခေါ်ယူဆပုံ ပိုမိုရှင်းလင်းမည်ဟူသော အခြေခံမှုတစ်ရပ်လည်းရှိသည်။ တရားခံတစ်ဦးအပေါ် ပြစ်မှုကျူးလွန်ကြောင်း ကွင်းဆက်မပြတ်ခိုင်လုံသော သက်သေခံချက်အထောက်အထားရှိမှသာ အပြစ်ပေးရန်ဖြစ်သည်။ ထင်ကြေးဖြင့်ဖြစ်စေ၊ အစွဲအလမ်းဖြင့်ဖြစ်စေ အပြစ်ပေးခြင်းမျိုး မပြုရ။ (အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ၊ စာ-၃၁၉)

ယင်းကဲ့သို့ တရားရှင်လွှတ်ခြင်း၊ တရားသေလွှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ စဉ်းစားဆင်ခြင်ရန် ရှိသည့်အခါ ၁၉၇၂ ခုနှစ် မတစ၊ စာ-၃၃။ ၁၉၇၇ ခုနှစ် မတစ၊ စာ-၁၂။ ၁၉၇၉ ခုနှစ် မတစ၊ စာ-၁၅၉။ ၁၉၈၀ ခုနှစ် မတစ၊ စာ-၆၄။ ၁၉၈၂ ခုနှစ် မတစ၊ စာ-၃၅။ ၁၉၈၁ ခုနှစ် မတစ၊ စာ-၆၄ စီရင်ထုံးများနှင့် အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ (၁၉၆၅-၁၉၇၀) စာ-၇၁၊ ၁၃၀၊ ၂၄၀၊ ၂၅၂၊ ၂၉၉၊ ၃၁၂၊ ၃၂၂ စီရင်ထုံးများသည် လမ်းညွှန်သဖွယ် ဖတ်ရှုလေ့လာကိုးကားသင့်ကြောင်းပါ။

ဆရာမောင်စာဂရဲ့ ဆောင်းပါးက အလွန်ရှင်းပါတယ်။ သူ့ရဲ့ဆိုလိုရင်းကို အမြဲ နိဂုံးချုပ်မှာ ရေးသားလေ့ရှိပါတယ်။ ဆရာက **"အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ဦးကိုလည်း ပြစ်ဒဏ်စီရင်ခြင်း မပြုမိစေလိုပါ။ အပြစ်ကျူးလွန်သူတစ်ဦးကိုလည်း ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်မြောက်မသွားစေလိုပါ။ ဥပဒေအရာတွင် တန်းတူညီမျှရှိ၍ တရားဥပဒေစိုးမိုးမှုဖြစ်ထွန်းနေပါစေ"** လို့ ရေးသားနိဂုံးချုပ်ထားပါတယ်။

ဘက်လိုက်တယ်ဆိုတဲ့အချက်ကလေး တစ်စွန်းတစ်စတောင် ရှာမရတဲ့ ဥပဒေရေးရာ ဆောင်းပါး၊ ဥပဒေပညာပေးဆောင်းပါးဖြစ်ပါတယ် ကိုဒင်။

ဒါကို အခုလို မဆီမဆိုင်နဲ့ သရုပ်ဆောင် အောင်ရဲထွေးအမှုနဲ့ သက်ဆိုင်သယောင် ရေးသားထားတာတွေနဲ့ပတ်သက်ပြီး ကြုံဆုံခဲ့ရတာလေးလည်း ကိုဒင် ကြုံတွေ့ခဲ့ရတဲ့ သတင်းသမားဘဝ အတွေ့အကြုံရေးတဲ့အခါ ပြည့်ပြည့်စုံစုံလေး ထည့်ရေးလိုက်ပါဦးလို့ အမှာတော်ပါးရင်း ကျွန်တော့်ဆောင်းပါးကို အဆုံးသတ်လိုက်ပါတယ် ကိုဒင်။

ရွှင်လန်းချမ်းမြေ့ပါစေ။

"ဆရာမောင်စာဂရဲ့ ဆောင်းပါးက အလွန်ရှင်းပါတယ်။ သူ့ရဲ့ဆိုလိုရင်းကို အမြဲနိဂုံးချုပ်မှာ ရေးသားလေ့ရှိပါတယ်။ ဆရာက "အပြစ်ကျူးလွန်ခြင်းမရှိသူတစ်ဦးကိုလည်း ပြစ်ဒဏ်စီရင်ခြင်း မပြုမိစေလိုပါ။ အပြစ်ကျူးလွန်သူတစ်ဦးကိုလည်း ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်မြောက်မသွားစေလိုပါ။ ဥပဒေအရာတွင် တန်းတူညီမျှရှိ၍ တရားဥပဒေစိုးမိုးမှုဖြစ်ထွန်းနေပါစေ" လို့ ရေးသားနိဂုံးချုပ်ထားပါတယ်"

# မွေးကင်းစနှင့် ရက်သားကလေးများအတွက် ကျန်းမာရေး

ယုဝတီ-ခင်ဦး

ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်း ကလေးဆေးရုံ ဟောင်းတွင် ကျွန်မတို့ အထူးကုဆရာဝန်များ၏ နေ့စဉ် တာဝန်ချိန်က နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ဖြစ်ပါသည်။ သို့ရာတွင် ကလေးများ၏ အသက်ကယ်နေရသော ဆရာဝန်၊ ဆရာမများမှာ နောက်ဂျူတီဝင်မည့်သူ မရောက်မချင်း ကိုယ့်တာဝန်ကိုယ် အပြီးဆက်လက်ဆောင်ရွက်ရသည်။ တစ်ခါတစ်ရံ ဂျူတီပြီး၍ ပြန်မည့်သူသည် မပြန်နိုင်ဘဲ ဂျူတီအသစ်ဝင်သူနှင့် နှစ်ယောက်ပေါင်းပြီး ကလေးအသက်ကို သေမင်းနှင့် လုခဲ့ကြရပေါင်းမှာ မရေမတွက်နိုင်ရှိခဲ့ကြသည်။

**တန်းစီရောက်လာကြ**

နံနက် ၈ နာရီက ကိုယ့်ဂျူတီချိန်စဝင်ရမည်ဖြစ်၍ နံနက် ၇ နာရီ အရောက်လာခဲ့ရသည်။ အကြောင်းမှာ မိသားစုစားဝတ်နေရေးကြောင့် သိပ်စိတ်မချဘဲ အိမ်ပြန်လွှတ်လိုက်ရသည့် ကလေးများ၊ အသိမိတ်ဆွေများနှင့် ဆရာဝန်များက မိမိနာမည်တပ်၍ လွှဲစာနှင့် လွှတ်လိုက်သော အရေးတကြီးဖျားနာလာသည့် ကလေးများ၊ ထိုအချိန်က ၁၉၆၉ ခုနှစ် ဝန်းကျင်ဖြစ်၍ သွေးလွန်တုပ်ကွေး စပေါ်ချိန်ဖြစ်ရာ ကော်ဖီရောင်အန်ပြီး အနီစက်ထွက်လာသမျှကလေးများသည် တန်းစီရောက်လာကြသဖြင့် မေတ္တာ၊ ကရုဏာ အပြည့်ဖြင့် ကြည့်ပေးခဲ့ရသည်။

သူငယ်ချင်းတစ်ဦးခွင့်ယူထားသဖြင့် ကျွန်မသည် သူ့တာဝန်ကျရာအခန်းပါ ယနေ့ကြည့်ရှုပေးရမည်ဖြစ်သဖြင့် ရိုးရိုးအဖျားရှိသည့် ကလေးများကို ပြင်ပလူနာဌာနမှ ဆရာဝန်ကြီးထံ ပြန်လွှဲအပ်ပြီး ၈ နာရီထိုးသည်နှင့် ကိုယ့်အခန်းထဲက ကလေးတွေကို ကြည့်ပေးရတော့သည်။

**မျက်နှာချိုသွေး၍ စောင့်နေကြ**

"ဒေါက်တာလာပြီဟေ့" ကလေးခုတင်ပေါ် ထိုင်နေမိကြသော မိခင်များသည် ခုတင်ပေါ်မှ ကမန်းကတန်းခုန်ဆင်းပြီး မျက်နှာချိုသွေး၍ စောင့်နေကြသည်။ ဆေးရုံဆင်းရမည့် မိခင်များ၊ အဖျားမကျသေးသော ကလေးများ၏ မိခင်များမှာ ကျွန်မကိုမျှော်နေကြရာ ကျွန်မကိုမြင်သည်နှင့် အားကိုးအားထားသော အမူအရာများနှင့် ကြည့်နေကြရှာသည်။

ကျွန်မသည် မိခင်များနှင့် ကလေးများကို ပြုံးရယ်၍ တစ်ဦးချင်းနှုတ်ဆက်လိုက်သည်။ ဆေးမကုရသေးမီ ဆရာဝန်၏ အပြုံးပန်းတစ်ချက်သည် မိဘ၊ ဆွေမျိုး ကလေးများအတွက် အားဆေးတစ်ခွက်ပင်ဖြစ်သည်ဟု ယုံကြည်ပါသည်။ ကျွန်မသည် မိခင်တွေ မမေးခင် မိခင်တွေ မေးချင်၊ သိချင်နေသော အချက်များကို ကြိုတင်သိထားပြီးဖြစ်ရာ ရောဂါအကြောင်းကို စိတ်ရှည်လက်ရှည်ရှင်းပြတတ်သည်။ ကလေးများကို စမ်းသပ်ရင်းလည်း ကျန်းမာရေး ပညာပေးတရားများ နားလည်အောင် ပြောပြတတ်သည်မှာ အကျင့်ဖြစ်၍နေလေသည်။

"ဒီကလေးက နေ့စဉ် ဆီးစစ်ရတယ်။ သွေးတိုင်းရတယ်။ ကျောက်ကပ်ရောဂါဖြစ်နေတော့ အငန်နဲ့ မတည့်ဘူး။ ဆော်ဒါပါတဲ့မုန့်တွေနဲ့လည်း မတည့်ဘူး။ အခုတော့ ဆန်ပြုတ်လေးပဲ သောက်ထားဦးနော်"

ကလေးတွေ၏ ခုတင်ခြေရင်းတွင် တန်းစီနေသော ဆီးပုလင်းများကို ငုံ့ကြည့်ပြီး ဆရာမ စစ်ထားသော ဖန်ပြွန်ချောင်းထဲမှ ဆီးအဖြူအနှစ်ရောင်များ၊ အုန်းရည်ရောင်များ၊ ဆပ်ပြာရည်အရောင်တို့ကို တစ်ခုပြီးတစ်ခု ယူကြည့်ကာ ရောဂါအခြေအနေများ ကြည့်ရသည်။ အလုပ်သင်ဆရာဝန်များ စမ်းထားသော သွေးပေါင်ချိန်စာရင်းများကို လှန်ကြည့်ရင်း မိခင်များကို အားပေးရသည်။ အခန်းထဲမှ ထွက်ခါနီး ကလေးများကိုလည်း ပြုံးပြ၍ ထွက်လာခဲ့ရသည်။

**ထပ်မတိုးအောင်တားထား**

နောက်တစ်ခန်းသို့ရောက်လျှင် ကျွန်မတို့သည် ဖိနပ်အဟောင်းကိုချွတ် အသစ်ကိုစီး၍ အပေါ်အင်္ကျီအဖြူ (GOWN) ဂေါင်းကိုဝတ်၊ မျက်နှာဖုံးကို စွပ်၊ လက်ကို တံတောင်ဆစ်အထိ ဆပ်ပြာဖြင့်ဆေးပြီး သူငယ်ချင်း၏ အခန်းထဲသို့ ကူးလာခဲ့ရာ ရက်သားကလေးများသည် နီယွန်မီးရောင်အပြာအောက်ရှိ ခုတင်လေးများပေါ်တွင် ကိုယ်တုံးလုံးလေးများ စီလျက်ရှိကြသည်။ အဝါဆိပ်များကို နီယွန်မီးရောင်နှင့် ထပ်မတိုးအောင် တားထားခြင်း ဖြစ်သည်။ ကလေးခြေဖနောင့်မှ သွေးဖောက်ကာ အဝါဆိပ်များ တက်၊ မတက် စမ်းသပ်ထားသည့် မှတ်တမ်းကို ဆရာမက ပြသည်။ ဘေဘီမအေးမြင့် (ခေါ်) ရက်သားကလေးသည် အတော်ဝါနေသည်ကို တွေ့ရသည်။

"ရက်သားကလေးတွေမှာ ဘာလို့ အသားဝါရောဂါ ဖြစ်ရတာလဲ" ဟု အလုပ်သင်ဆရာဝန်တစ်ဦးကို လှမ်းမေးလိုက်ရာ "မွေးပြီးစ နှစ်ရက်၊ သုံးရက်အထိ ကလေးရဲ့ အသည်းထဲက အင်ဇိုင်းဓာတ်က သိပ်မထွက်သေးလို့ သွေးထဲမှာ ဘီလီရူဘင်တွေများပြီး အသားခဏ ဝါလာတာ ဖြစ်ပါတယ်။ နောက်တစ်ပတ်ဆိုရင် သူ့အလိုလို ပျောက်သွားမှာပါ။ နောက်တစ်ခုကတော့ (Rh) အာရ်အိတ်(ချ်) သွေးအနုတ်လက္ခဏာရှိတဲ့အမေက (Rh) အပေါင်းလက္ခဏာရှိတဲ့ကလေး မွေးလာတဲ့အခါမှာ သွေးချင်း မတည့်လို့ ဘီလီရူဘင်တွေများပြီး ဝါလာတာ ဖြစ်ပါတယ်။ ဒီ အာရ်အိတ်(ချ်) သွေးမတည့်တာကတော့ အနောက်နိုင်ငံတွေမှာ အများဆုံးဖြစ်တတ်ပါတယ်။ နောက်တစ်ခုကလည်း လမစေ့၊ ပေါင်မပြည့်တဲ့ ကလေးတွေမှာ အသားဝါရောဂါဖြစ်တယ်။

"နောက်တစ်မျိုးကတော့ အမေရဲ့သွေးက (အို)သွေး၊ ကလေးရဲ့သွေးက (အေ) သို့မဟုတ် (ဘီ) ဖြစ်ခဲ့ရင် သွေးချင်းမတည့်ဘဲ အင်ဒါရိုက်ဘီလီရူဘင်တွေ အများကြီး ဖြစ်လို့ ဝါလာတာပါ။"

"နောက်တစ်ခုကတော့ ကလေးချက်က အနာဖြစ်တာတို့၊ ကလေးမှာ အဖျားအနာတို့ ရှိနေရင်လည်း အင်တာရိုက်ဘီလီရူဘင်တွေရှိလာပြီး အသားဝါလာတာပါ" ကျွန်မသည် အင်္ဂလိပ်လို ပြန်ဖြေနေသော အလုပ်သင်ဆရာဝန်အား သဘောကျ၍ ချီးမွမ်းလိုက်သည်။

"အေး မင်းတော်တယ်။ ဝါတဲ့အကြောင်းတွေကတော့ အများကြီးပဲ။ အရေးအကြီးဆုံးကတော့ အင်တာရိုက်ဘီလီရူဘင်တွေ ဦးနှောက်ထဲ ရောက်သွားရင် ကလေးက ခါးကော့တက်ပြီး ဦးနှောက်ပျက်သွားတယ်။ အသက်လည်း ဆုံးရှုံးနိုင်တယ်။ အဲဒီလို မဖြစ်ရအောင် အမြန်ဆုံးကာကွယ်ကုသပေးဖို့က အရေးအကြီးဆုံးပဲ။ လာ၊ ကလေးတွေ သွားကြည့်ရအောင်"

**သွေးဟောင်းထုတ် သွေးသစ်သွင်း**

ဘေဘီမအေးမြင့် ရက်သားကလေးသည် အဝါဆိပ်များ ထိပ်ဆုံးသို့ရောက်နေရာ ကျွန်မတို့သည် အချိန်မစောင့်နိုင်ဘဲ ခွဲစိတ်ခန်းတွင် ချက်ထဲရှိ သွေးပြန်ကြောထဲသို့ ပိုက်ထည့်၍ သွေးအဆိပ်များကို စုပ်ထုတ်ပြီး သွေးသန့် ပြန်သွင်းသည့် သွေးဟောင်းထုတ် သွေးသစ်သွင်းသည့် ကုသနည်းဖြင့် အမြန်ဆုံးကုသပေးရတော့သည်။

ဤသို့ဖြင့် ကျွန်မတို့အဖွဲ့သည် ကလေးချက်၏ သွေးပြန်ကြောထဲတွင် ပိုက်အသေးလေးထည့်၍ ဖန်သားဆေးထိုးပြွန်ကိုတပ်ပြီး သွေးများထုတ်လိုက်၊ သွေးသစ်ပြန်သွင်းလိုက်နှင့် သွေးတစ်ပုလင်းခန့် ပေးနေရစဉ် အနီးမှ ဆရာဝန်တစ်ဦးက ကလေး၏နှလုံးကို နားကြပ်ဖြင့် အမြဲနားထောင်ပြီး သွေးခုန်နှုန်း အမြဲစမ်းနေရသည်။ ကလေးပြာလာလျှင် အကြောထဲသို့ ဆေးသွင်းကြရသည်။

**ကလေးအသက်ရှင်ဖို့**

သွေးထုတ်ရင်း ကယ်လစီယမ်ဓာတ်များ လျော့နည်းပြီး ကလေးတက်သွားမည်စိုး၍ ကယ်လစီယမ်ဓာတ်များလည်း သွင်းရသည်။ ကလေးအသက်ရှူပုံကို မမှိတ်မသုန်ကြည့်ရင်း အောက်ဆီဂျင်ပေးရ၊ စိတ်ထဲမှ ဘုရားရှိခိုး၊ ဆုတောင်းရနှင့် ကလေး၏မျက်နှာနီရဲပြီး အခြေအနေကောင်းလာမှ ကျွန်မတို့အားလုံး ပြုံးရွှင်ကြရသည်။ ထမင်းစားဖို့ကိုလည်း မေ့သည်။ ကလေးအသက်ရှင်ဖို့သာလျှင် ဦးနှောက်နှင့် နှလုံးသားက လှုပ်ရှားနေရ၍ ကိုယ့်ကိုယ်ကိုယ်လည်း မေ့နေမိပါသည်။

ဘေဘီမအေးမြင့်မှာ ရက်သားကလေးဖြစ်၍ အမည်မမှည့်ရသေးပါ။ ကျွန်မတို့ကပင် အမေက မအေးမြင့်၊ အဖေက ဦးကျော်ဖြစ်ပြီး ကြာသပတေးသား ကလေးဖြစ်၍ မောင်မျိုးမြင့်ကျော်ဟု မှည့်ခေါ်လိုက်ကြသည်။ ကျွန်မတို့သည် ကလေး၏ချက်မှ အဆိပ်များထုတ်သည့်အလုပ် အောင်မြင်ပြီးသော်လည်း တစ်ရက်၊ နှစ်ရက်၊ သုံးရက်အထိ ရင်တမမနှင့် ကြည့်နေရသည်။ ဆေးရုံက ဆင်းသော အခါလည်း တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ၊ တစ်လတစ်ခါ အမြဲခေါ်၍ ကြည့်ရှုစစ်ဆေးစမ်းသပ်ရပါသည်။

**တစ်နှစ်သားအထိ**

အရေးအကြီးဆုံး စမ်းသပ်ရသည်မှာ နဂိုကလေးများကဲ့သို့ မိခင်က စကားပြောလျှင် မျိုးမြင့်ကျော်သည် စူးစိုက်ကြည့်နေတတ်ရဲ့လား၊ တစ်လခွဲလောက်အကြာတွင် မိခင်က စကားပြောလျှင် ပြုံးလာတတ်ရဲ့လား၊ အသက်နှစ်လ၊ သုံးလအရွယ်တွင် ခုတင်ပေါ်မှာ ဆွဲထားသော အရုပ်လေးများကို လိုက်ကြည့်တတ်ရဲ့လား၊ လေးလအရွယ်တွင် အသံကြားရာ လှည့်ကြည့်တတ်ရဲ့လား(အကယ်၍ နားမကြားလျှင် စကားမပြောတတ်သည့်ကလေးဖြစ်မှာ စိုးရိမ်ပူပန်ကြရသည်)၊ ခြောက်လ၊ ခုနစ်လတွင် ထိုင်တတ်ပြီလား၊ လူငုတ်တုတ်၊ သွားငုတ်တုတ် ဖြစ်ပြီလား၊ ခုနစ်လ၊ ရှစ်လတွင် ဒါ ဒါ ဗာ ဗာ နှင့် လျှာထုတ်တတ်ရဲ့လား၊ တစ်နှစ်တွင် လမ်းလျှောက်ပြီး ဖေဖေ မေမေ ခေါ်တတ်ပြီလား စသည်ဖြင့် လားပေါင်းများစွာ မျိုးမြင့်ကျော်ကို တစ်နှစ်သားအထိ စစ်ဆေးကြည့်ရှုကြရသည်။

"မအေးမြင့်ရေ ကာကွယ်ဆေးတွေ အချိန်မှန်ထိုး၊ အချိန်မှန်တိုက်နော်။ လူကြီးစားသလို အာဟာရဖြစ်အောင် အစားကောင်းကောင်းကျွေးပါ။ ကလေးက ခန္ဓာကိုယ်လည်း ဖွံ့ဖြိုး၊ ဉာဏ်ရည်လည်းမီလို့ ကျွန်မတို့ သိပ်ဝမ်းသာကြတယ်။ ကျွန်မတို့ အသက်ကယ်ရကျိုးနပ်ပြီနော်"ဟု ပြောရင်း ကလေးသည် သွက်လက်ရွှင်မြူးပြီး ဉာဏ်ရည် ဉာဏ်သွေး ကောင်းနေသည်ကို တွေ့ရတော့မှ ကလေးငယ်၏ ရှေ့ရေးအတွက် စိတ်ချကာ ပျော်ရွှင်ရတော့သည်။

**ကုသပေးနေကြ**

ဤသို့ဖြင့် မွေးစကလေးများ၊ ရက်သားကလေးများကို အသားဝါ၍ သွေးဆိပ်များထုတ်ပြီး သွေးသန့်များ သွင်းပေးရသည့် ကလေးငယ်များကို ဒပ်ဖရင်ဆေးရုံ (ခေါ်) ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမ များကလည်း ၂၄ နာရီအတွင်း အချိန်မရွေး ကုသပေးနေကြပါသည်။

ကျွန်မသည် မျိုးမြင့်ကျော်ကို သွေးလဲသည့်နေ့က အိမ်ပြန်၍ နေ့လယ်စာ မစားတော့ဘဲ ကျွန်မတို့ သွေးသွင်းသည့်အဖွဲ့ကို ထမင်းကျွေးပြီး မကြည့်ရသေးသော ကလေးများ၏ အခန်းကို ဆက်လက်၍ ကြည့်ရှုကုသပေးခဲ့ပါသည်။ မျိုးမြင့်ကျော်သည် ယခုအခါ အသက် ၃၀ ကျော်၍ ကုမ္ပဏီကြီးတစ်ခုတွင် မန်နေဂျာကြီးတစ်ဦး ဖြစ်နေသည်ဟု သိရပါသည်။

ဤကဲ့သို့ မွေးကင်းစနှင့် ရက်သားများ၏ အသားဝါရောဂါပေါင်းမြောက်မြားစွာကို ကျွန်မနှင့်အတူ ရောင်းရင်းဆရာဝန်များသည် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာနှင့် ကုသပေးခဲ့ကြပါသည်။ ကလေးငယ်များကို ကာယ၊ ဉာဏစွမ်းအားဖွံ့ဖြိုးတိုးတက်ရန် ယခုမျက်မှောက်ခေတ် မျိုးဆက်သစ်ဆရာဝန်များသည် ကျွန်မတို့ကဲ့သို့ပင် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာနှင့် မြင့်မြတ်သော စိတ်ထားများဖြင့် မိမိတို့ တာဝန်များကို ပခုံးပြောင်းလွှဲယူ၍ ထမ်းဆောင်ကြမည်ဟု ယုံကြည်မိပါသည်။ ။

> ဤကဲ့သို့ မွေးကင်းစနှင့် ရက်သားများ၏ အသားဝါရောဂါပေါင်း မြောက်မြားစွာကို ကျွန်မနှင့်အတူ ရောင်းရင်းဆရာဝန်များသည် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာနှင့် ကုသပေးခဲ့ကြပါသည်။ ကလေးငယ်များကို ကာယ၊ ဉာဏစွမ်းအား ဖွံ့ဖြိုးတိုးတက်ရန် ယခုမျက်မှောက်ခေတ် မျိုးဆက်သစ်ဆရာဝန်များသည် ကျွန်မတို့ကဲ့သို့ပင် မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာနှင့် မြင့်မြတ်သော စိတ်ထားများဖြင့် မိမိတို့တာဝန်များကို ပခုံးပြောင်းလွှဲယူ၍ ထမ်းဆောင်ကြမည်ဟု

## ကြာအင်းဆိပ်ကြီးမြို့၌ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၄**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကျောင်းအာဟာရရက်သတ္တပတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ခွဲကာ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၅၃ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ၅၁ ဦး ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆုရရှိသူများအား ဩဂုတ်လအတွင်း ကျောင်းအာဟာရ ရက်သတ္တပတ် အခမ်းအနားကျင်းပသည့်အခါ ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ဇမိမြေ)**



## မော်လမြိုင်ခရိုင် လူထုအခြေပြုပဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

**မော်လမြိုင် ဩဂုတ် ၄**

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းကို ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများက စာအုပ်နှင့်ပတ်သက်၍ စာဖတ်သူများ၏ အမြင်များကို ဆွေးနွေးခဲ့ကြပြီး စာပေချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များနှင့် စာပေချစ်သူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**တွေ့ဆုံမေးမြန်း**

# ကျေးလက်ပြည်သူ ဝင်ငွေတိုးစေမည့် ပေတောကျေးရွာရှိ ခေတ်မီဥစားကြက်ခြံစီမံကိန်း

**နိုင်ငံ၏ သား၊ ငါးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေးအတွက် မွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရာတွင် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးမြင့်ရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်လျက်ရှိသည်။**

**ယခုအခါ နေပြည်တော် တပ်ကုန်းမြို့နယ် ပေတောကျေးရွာ၌ ခေတ်မီဥစားကြက်ခြံစီမံကိန်းကို အစိုးရ၊ ပုဂ္ဂလိက၊ ကျေးရွာနှင့် ပြည်တွင်းဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပေတောကျေးရွာအနေဖြင့် နိုင်ငံတော်ကထောက်ပံ့သည့် ကျေးရွာရန်ပုံငွေ တည်ထောင်ရေးစီမံကိန်းမှ ငွေကျပ်သိန်း ၁၀၀ ကို အသုံးပြု၍ ဝယ်ယူထားသည့် ကျေးရွာပိုင်မြေ ၅ ဒသမ ၁၉ ဧကကို အစိုးရ၏ မြေနေရာအခြားသုံးစွဲခွင့်ပြုမိန့်ရယူပြီး ကျေးရွာလူထု၏ သဘောတူညီမှုနှင့် တစ်နှစ်လျှင် ငွေကျပ်သိန်း ၆၀ ဖြင့် မြန်မာစီပီမွေးမြူရေးကုမ္ပဏီလီမိတက်ကို ခေတ်မီဥစားကြက်ခြံစီမံကိန်း မြေနေရာအဖြစ် ငှားရမ်းအသုံးပြုခွင့်ပေးခဲ့ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်။**


ဒေါက်တာအောင်ကြည်ဦး


ဒေါက်တာကိုကိုစိုး


ဒေါ်ခင်လှိုင်


ဦးအောင်ဆန်းဦး


ဦးသောင်းညွန့်

### ဒေါက်တာအောင်ကြည်ဦး (နေပြည်တော်ဦးစီးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန)

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှာ ပြည်တွင်းအသားထုတ်လုပ်မှု တိုးတက်စေဖို့ လယ်ယာထုတ်လုပ်တဲ့နေရာမှာ အသုံးပြုတဲ့ ကျွဲ၊ နွားတွေ တိုးတက်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ ထုတ်လုပ်ပေးဖို့၊ မွေးမြူထုတ်လုပ်မှု အရည်အသွေးတိုးတက်ဖို့၊ အရင်းအနှီး တတ်နိုင်သူတွေကိုဖိတ်ခေါ်ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံအောင် လုပ်ပေးဖို့၊ တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ပေးတဲ့လုပ်ငန်းတွေကို ဂရုတစိုက်လုပ်ပေးဖို့နဲ့ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ခြင်းအားဖြင့် လူမှုအဆင့်အတန်းတွေ တိုးပွားဖို့ဆိုပြီး ရည်ရွယ်ချက် ခြောက်ချက်ရှိပါတယ်။

CP ကုမ္ပဏီက မြေ ငါးဧကပေါ်မှာ ကြက်ခြံ သုံးခြံဆောက်မယ်။ တစ်ခြံကို ဥစား ကြက်မ နှစ်သောင်းခွဲထည့်မယ်။ မြေနေရာကျဉ်းကျဉ်းနဲ့ ဥစားကြက်မ ခုနစ်သောင်းခွဲ မွေးနိုင်တဲ့အခါ တစ်နေ့ကို ကြက်ဥပျမ်းမျှ ခြောက်သောင်း ထွက်မယ်လို့ မှန်းထားပါတယ်။ ခြောက်သောင်းက နေပြည်တော် တစ်ခွင်မှာရှိတဲ့ ပြည်သူတွေ စားသုံးမှု ဖူလုံစေဖို့အတွက် လုပ်ပေးနိုင်တဲ့ လုပ်ငန်းစဉ်ဖြစ်လို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြိုဆိုပါတယ်။ နောက်တစ်ခုက အလုံပိတ်စနစ်ဖြစ်တဲ့အတွက် ဘိုင်အိုစီလို့ခေါ်တဲ့ ဇီဝလုံခြုံရေးကို မြှင့်တင်ပေးနိုင်တဲ့အတွက် ကျွန်တော်တို့ ရည်မှန်းချက်ထဲမှာပါတဲ့ တိရစ္ဆာန်ကာကွယ်ရေးကို ထိန်းချုပ်တဲ့နေရာမှာ ကျင့်စဉ်နဲ့ညီတဲ့အတွက် အားပေးပါတယ်။

တစ်နေရာတည်းမှာပဲ စုစုစည်းစည်းနဲ့လုပ်တဲ့အခါ စံချိန်စံညွှန်းနဲ့အညီ ထုတ်လုပ်နိုင်တဲ့အတွက် နိုင်ငံတကာဈေးကွက်ကို ယှဉ်နိုင်တဲ့အနေအထားမျိုးရောက်ပါတယ်။ ဒီလို နိုင်ငံတကာဈေးကွက်ကို ယှဉ်နိုင်တာနဲ့ တစ်ပြိုင်နက် မွေးမြူရေးကနေရရှိလာတဲ့ အကျိုးအမြတ်ကို ပြည်သူတွေ အပြည့်အဝခံစားနိုင်မှာပါ။ ကြက်ဥဈေးကျလာမယ်။ ကြက်ဥပေါပေါ ထုတ်လာနိုင်မယ်။ ကြက်ဥကို ပြည်သူတွေ နေရာတိုင်းမှာ အလွယ်တကူနဲ့ ဝယ်ရနိုင်တဲ့အတွက် ပိုပြီးစားသုံးနိုင်ပါမယ်။

ဒီလိုမျိုးခြံမျိုး များများလုပ်ပေးနိုင်ရင် ပြည်သူတွေအနေနဲ့လည်း ပုံမှန်မွေးတာထက် ခေတ်မီတဲ့နည်းစနစ်နဲ့ မွေးမှ နိုင်ငံတကာကို ယှဉ်နိုင်မယ်ဆိုတဲ့အသိတွေ ရနိုင်တဲ့အတွက် ဒီလိုခြံမျိုးတွေ များများဖြစ်ပေါ်ဖို့ အားပေးရပါမယ်။ ဦးစီးဌာနအနေနဲ့လည်း အားပေးပါတယ်။

### ဒေါက်တာကိုကိုစိုး (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာစီပီမွေးမြူရေးကုမ္ပဏီ)

ပေတော ခေတ်မီဥစားကြက်ခြံစီမံကိန်းဟာ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်နေပြည်သူလူထုဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို တစ်တပ်တစ်အား ပါဝင်ကူညီတဲ့ စီမံကိန်းတစ်ရပ်ဖြစ်ပြီး ကျေးရွာရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်တဲ့ စီမံကိန်းလည်းဖြစ်ပါတယ်။ ဒီစီမံကိန်းကို ၂၀၁၄ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျေးရွာပေါင်း ၅၁ ရွာမှာ CP ကုမ္ပဏီက မတည်ငွေနဲ့ စတင်ခဲ့ပါတယ်။

ဒီစီမံကိန်းမှာ ကျေးရွာသူ ကျေးရွာသားတွေကနေပြီး ကျေးရွာရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းရပါတယ်။ ဒီကော်မတီကနေ စီမံခန့်ခွဲပြီးတော့ ရန်ပုံငွေကို ကျေးရွာသူ ကျေးရွာသားတွေကို အတိုးနှုန်း တစ်လကို ပြား ၅၀ နှုန်းနဲ့ ချေးပေးရပါတယ်။ ကျေးရွာသူ ကျေးရွာသားတွေက ဒီရန်ပုံငွေကို ချေးယူပြီး သူတို့ရဲ့ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းတွေကို လုပ်ဆောင်ကြပါတယ်။ သူတို့လုပ်ငန်းတွေ အောင်မြင်တဲ့အခါမှာ ရန်ပုံငွေကို ကျေးရွာကော်မတီကို ပြန်ဆပ်ရပါတယ်။ ကျေးရွာကော်မတီက ဒီရန်ပုံငွေကို နောက်တစ်ကြိမ် ကျေးရွာသူ ကျေးရွာသားတွေကို ပြန်ပြီးတော့ ထုတ်ချေးပေးရတယ်။ ဒီလို လည်ပတ်သွားတဲ့ ရန်ပုံငွေဖြစ်ပါတယ်။

အထက်မြန်မာပြည်မှာ ၂၆ ရွာ၊ အောက်မြန်မာပြည်မှာ ၂၅ ရွာနဲ့ စုစုပေါင်း ၅၁ ရွာ ဒီစီမံကိန်းကိုအကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ ဒီစီမံကိန်း လည်ပတ်နေတာ ၁၁ ကြိမ်ရှိသွားပါပြီ။ နောက်တစ်ဆင့်အနေနဲ့ ရန်ပုံငွေ ဖွံ့ဖြိုးတိုးတက်အောင်လုပ်တဲ့ စီမံကိန်းတစ်ရပ်ကို ပေတောကျေးရွာမှာ စတင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီစီမံကိန်းမှာ ကျေးရွာရန်ပုံငွေကော်မတီ၊ အစိုးရ၊ CP ကုမ္ပဏီနဲ့ ပြည်တွင်းဘဏ်တစ်ခုတို့ ပူးပေါင်းပြီး လုပ်ဆောင်ပါတယ်။ ကျေးရွာရန်ပုံငွေကော်မတီက မြေဝယ်ပြီး လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ရအောင် အဆင့်ဆင့်လျှောက်ပါတယ်။ နိုင်ငံတော်ကလည်း သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအသီးသီးက ကွင်းဆင်းစစ်ဆေးပြီးတဲ့အခါ ဒီမြေကို အခြားနည်းသုံးစွဲခွင့်ရအောင် အတည်ပြုပေးခဲ့ပါတယ်။

### ဒေါ်ခင်လှိုင်

မြန်မာစီပီမွေးမြူရေးကုမ္ပဏီအနေနဲ့ မွေးမြူရေးခြံ တည်ဆောက်တဲ့အပိုင်းကို တာဝန်ယူပါတယ်။ ဧရာဝတီဘဏ်အနေနဲ့က ဒီစီမံကိန်းအတွက် လိုအပ်တဲ့ငွေကြေးကို ကူညီထောက်ပံ့ပါတယ်။

အကျိုးအမြတ်အနေနဲ့တော့ ကျေးရွာသူ ကျေးရွာသားတွေက စီမံကိန်းကြောင့် မြေငှားခတစ်နှစ် တစ်ဧကကို ၁၂ သိန်းနဲ့ ၅ ဧကအတွက် သိန်း ၆၀ ရရှိမှာဖြစ်ပါတယ်။ ရလာတဲ့ သိန်း ၆၀ ကို ရန်ပုံငွေထဲကို ပေါင်းထည့်ခြင်းအားဖြင့် ကျေးရွာသူ ကျေးရွာသားတွေကို ပိုပြီးတော့ ချေးနိုင်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ရွာသူ ရွာသားတွေက ဒီခြံမှာ အလုပ်တွေဝင်လုပ်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ရရှိလာမှာဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ကတော့ ပြည်သူလူထုကို အလုပ်အကိုင်အခွင့်အလမ်းတွေရအောင် ဖန်တီးပေးနိုင်တယ်။ ကျေးလက်နေပြည်သူလူထုရဲ့ ဝင်ငွေတိုးတက်လာအောင် လုပ်နိုင်တဲ့၊ လုပ်ပေးနိုင်တဲ့ အခွင့်အရေးတစ်ရပ်ကို ရရှိမှာဖြစ်ပါတယ်။ CP ကုမ္ပဏီအနေနဲ့ ဘာတွေရရှိနိုင်လဲဆိုတော့ CP ကုမ္ပဏီက ပြည်သူလူထုကို သန့်ရှင်းလတ်ဆတ်တဲ့ ဘေးအန္တရာယ်ကင်းတဲ့ အသားတွေ၊ ဥတွေကို ထောက်ပံ့ပေးနိုင်မှာဖြစ်သလို ခေတ်မီတဲ့ မွေးမြူရေးနည်းစနစ်တွေကိုလည်း ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။ အလားတူ ပြည်သူ့အကျိုးပြုလုပ်ငန်းတွေကိုလည်း လုပ်ဆောင်တဲ့ ပုံရိပ်ကောင်းတွေကိုလည်း ရရှိမှာဖြစ်ပါတယ်။ ပြည်တွင်းဘဏ်ကလည်း ထိုက်သင့်တဲ့ အတိုးနှုန်းကို ရရှိမှာဖြစ်သလို လိုအပ်တဲ့ ကူညီထောက်ပံ့မှုတွေ ပေးနိုင်မှာဖြစ်ပါတယ်။ ပြည်သူလူထုအတွက် အကျိုးပြုတဲ့လုပ်ငန်းစဉ်တစ်ရပ်ကို လုပ်ပေးတဲ့အတွက်ကြောင့် ပုံရိပ်ကောင်းတစ်ခုကို ရရှိမှာဖြစ်ပါတယ်။

ဥစားကြက်ခြံကို အအေးပေးခန်းစနစ်နဲ့ အလုံပိတ်မွေးမြူရေးခြံ ဆောက်ထားခြင်းဖြစ်ပါတယ်။ တစ်ခြံကို ကြက်အကောင်ရေ ၂၅၀၀၀ နဲ့ စုစုပေါင်း သုံးခြံမှာ ကြက်အကောင်ရေ ၇၅၀၀၀ မွေးမြူထားရှိမှာ ဖြစ်ပါတယ်။ ဥစားကြက်အကောင်ရေ ၇၅၀၀၀ ကို အအေးပေးစနစ်နဲ့ မွေးထားတဲ့အတွက်ကြောင့် ရောဂါဘယ ခံနိုင်မှုတွေရှိတယ်။ ထုတ်လုပ်မှုစွမ်းအား အမြင့်မားဆုံး ရရှိနိုင်မှာလည်းဖြစ်ပါတယ်။ တစ်နေ့ကို ကြက်ဥပျမ်းမျှ ၆၀၀၀၀ ကျော်လောက် ထွက်ရှိလာမှာဖြစ်ပါတယ်။ ကြက်ဥကိုလည်း နေပြည်တော်နဲ့ အနီးတစ်ဝိုက်မှာရှိတဲ့ မြို့တွေကို ဖြန့်ဖြူးရောင်းချသွားမှာဖြစ်ပါတယ်။

ကြက်တွေ ခြံထဲမှာနေထိုင်နိုင်တဲ့ အပူချိန် ၂၂ ဒီဂရီစင်တီဂရိတ်ကို ထားရှိပေးမှာဖြစ်ပါတယ်။ အစာကျွေးတဲ့အခါ၊ ရေတိုက်တဲ့အခါတွေမှာလည်း အလိုအလျောက်စနစ်တွေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပြီး ကြက်ဥကောက်တဲ့အခါမှာလည်း ခြံထဲကို ဝင်ကောက်စရာမလိုဘဲ အလိုအလျောက်စနစ်တွေနဲ့ ဂိုဒေါင်ကို အရောက်ပို့ပေးသွားမှာဖြစ်ပါတယ်။ ကြက်ခြံလုပ်သားတွေကတော့ ဂိုဒေါင်ထဲ ရောက်လာတဲ့ ကြက်ဥတွေကို ပါကင်လုပ်ရုံပဲရှိပါတယ်။ ခြံထဲကို လူဝင်လူထွက်ကို ထိန်းချုပ်ထားခြင်းဖြစ်ပါတယ်။

ဒါ့အပြင် ခြံကိုလာပြီး နည်းပညာလေ့လာတဲ့သူတွေကို အလွယ်တကူ ခြံအပြင်ကနေ ကြည့်ရှုလေ့လာလို့ရအောင် ပထမဆုံးတစ်ခြံကို မှန်တွေနဲ့ကာပြီး ထားရှိမှာဖြစ်ပါတယ်။ အာဟာရရှိတဲ့ ကြက်ဥအမျိုးအစားရရှိဖို့က အစာပေါ်မှာ မူတည်ပါတယ်။ CP ကုမ္ပဏီကထုတ်လိုက်တဲ့ ဥစားကြက်စာမှာ ကြက်တစ်ကောင်အတွက် လိုအပ်တဲ့ အာဟာရတွေ အပြည့်အဝပါတဲ့အတွက်ကြောင့် စားသုံးတဲ့ကြက်ကလည်း ကျန်းမာသန်စွမ်းပြီး ဥတဲ့ဥမှာလည်း ပါဝင်သင့်ပါဝင်ထိုက်တဲ့ အာဟာရတွေ ပါဝင်တာကြောင့် အာဟာရပြည့်ဝတဲ့ ကြက်ဥကို စားသုံးနိုင်မှာဖြစ်ပါတယ်။

ကျေးရွာသူ ကျေးရွာသားတွေအနေနဲ့ ကနဦး ကျေးရွာရန်ပုံငွေ တည်ထောင်ပေးလိုက်ကတည်းက သူတို့က အပြင်ကနေ အတိုးနှုန်းကြီးကြီးနဲ့ ငွေချေးစရာမလိုတော့ဘဲ ရန်ပုံငွေကပဲ ငွေချေးတဲ့အတွက်ကြောင့် အတိုးနှုန်း သက်သာတဲ့ အခွင့်အရေးကို ရရှိပါတယ်။ နောက်တစ်ဆင့်အနေနဲ့ ဒီစီမံကိန်းလုပ်ခြင်းအားဖြင့် ရန်ပုံငွေဟာ ပိုပြီး များလာတဲ့အတွက်ကြောင့် ကျေးရွာသူ ကျေးရွာသားတွေက ချေးငွေကို ပိုမိုချေးယူနိုင်မှာဖြစ်ပါတယ်။ အလားတူပဲ ဒီခြံမှာအလုပ်ဝင်လုပ်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ရရှိလာမှာဖြစ်ပါတယ်။

### ဒေါ်ခင်လှိုင် (ပေတောကျေးရွာ)

ကျွန်မတို့ ပေတောကျေးရွာမှာ အရင်က ကျေးရွာရန်ပုံငွေဆိုတာ မရှိခဲ့တာကြောင့် အရင်းအနှီးငွေလိုတဲ့အခါ အတိုးများများနဲ့ အပြင်ကနေ ချေးယူခဲ့ရတဲ့အတွက် အဆင်မပြေဖြစ်ခဲ့ပြီး ဒုက္ခတွေနဲ့ တော်တော်ရင်ဆိုင်ခဲ့ရပါတယ်။

အခုဆိုရင် နိုင်ငံတော်အစိုးရနဲ့ ပုဂ္ဂလိကကုမ္ပဏီတွေရဲ့ ကူညီထောက်ပံ့မှုကြောင့် ကျေးရွာရန်ပုံငွေဆိုတာရှိလာပါပြီ။ တောင်သူတွေရော၊ မွေးမြူရေး လုပ်ကိုင်သူတွေရော၊ တစ်ပိုင်တစ်နိုင် လုပ်ကိုင်သူတွေရော အရင်းအနှီးငွေလိုတဲ့အခါ ကျေးရွာရန်ပုံငွေက အတိုးနှုန်းသက်သက်သာသာနဲ့ ချေးယူလုပ်ကိုင်စားသောက်လို့ရတဲ့အတွက် အရင်ကနဲ့စာရင် ကျွန်မတို့ရွာမှာ လုပ်ငန်းတွေ တိုးတက်လာတာရှိသလို ဝင်ငွေတွေလည်း တော်တော်တိုးတက်လာတာကို တွေ့ရပါတယ်။ အခုလို ကျေးရွာတိုးတက်ပြီး ရွာသူ ရွာသားတွေ အဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့အတွက် အားလုံးကို အထူးကျေးဇူးတင်ပါတယ်။


ခေတ်မီဥစားကြက်ခြံ ဆောက်လုပ်နေမှုကို တွေ့ရစဉ်။

**စာမျက်နှာ ၉ သို့** ☆

# မြိတ်မြို့၌ တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးနှင့် မှုခင်းများကြန့်ကြာမှုမရှိစေရေး ဆွေးနွေး

**မြိတ် ဩဂုတ် ၄**
နိုင်ငံတော်သမ္မတ လမ်းညွှန်မိန့်ကြားသည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ဆင့်ကဲဆင့်ကဲ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ပိုက်ပိုက်အေးသည် တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာရေး၊ တရားရုံးပိုင်းအနေဖြင့် မှုခင်းများကြန့်ကြာမှုမရှိစေရေးအတွက် မြိတ်ခရိုင်တရားရုံးဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ဩဂုတ် ၄ ရက် နံနက် ၉ နာရီက မှုခင်းဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"အဂတိတရားနှင့်ပတ်သက်ပြီး လူထုကြားမှာလည်း တချို့ကျတော့ ကြားပွဲစား၊ ကြားလူတွေရဲ့စနစ်ကြောင့် တရားစီရင်ရေးကို ပြည်သူတွေအနေနဲ့ ယုံကြည်မှုတလွဲဖြစ်တာပါ။ ပြည်သူလူထုတွေအနေနဲ့လည်း တရားဥပဒေရဲ့ သဘောသဘာဝ၊ ဥပဒေတွေကို နားလည်သိရှိပြီးတော့ တရားရုံးရဲ့ လုပ်ဆောင်ချက်တွေကို သိရှိလာမယ်ဆိုရင် အထင်အမြင်လွဲမှားမှုတွေ၊ ကောလာဟလတွေ ဖြစ်စရာအကြောင်း မရှိပါဘူး။ ဖြစ်တဲ့အကြောင်းအရင်းတွေကလည်း ကြားမှာတချို့သောပုဂ္ဂိုလ်တွေကလည်း ရှေ့နေရှေ့ရပ်မဟုတ်ဘူး။ ဥပဒေနားလည်သလိုနဲ့ နားမလည်တဲ့ တချို့သောပွဲစားတွေ၊ ကြားလူတွေရဲ့ကိစ္စရပ်ကြောင့် အဲဒီလိုမျိုး ထင်ယောင်ထင်မှား ဖြစ်ရခြင်းဖြစ်ပါတယ်"ဟု တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး အဖွဲ့ဝင် ဦးစရောဝင်းက ပြောသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်ပိုက်ပိုက်အေးက တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆင့်ကဲဆင့်ကဲ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ တရားစီရင်ရေးနှင့်တရားရေးလုပ်ငန်းများ၊ တရားစီရင်ရာတွင် မကြန့်ကြာစေရေးတို့ကို တရားသူကြီးတစ်ဦးချင်းအလိုက် စီစဉ်ဆောင်ရွက်ရန် ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ကိစ္စရပ်များ၊ မှုခင်းများကြန့်ကြာမှုမရှိစေရေးကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ခိုင်ထူး (မြန်/ဆက်)**



နိုင်ငံတော်သမ္မတ လမ်းညွှန်မိန့်ကြားသည့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ တရားစီရင်ရေးဆိုင်ရာ

# စိတ်ခံစားမှုကိုအခြေခံပြီး ရေးဆွဲသည့်ပန်းချီပြပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၄**
စိတ်ခံစားမှုကို အခြေခံပြီး ရေးဆွဲသည့် လူငယ်ပန်းချီပညာရှင်များ၏ Myanmar Abstract Artists ပန်းချီပြပွဲကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ လောကနတ်ပန်းချီပြခန်း၌ ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပွဲနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ Orchid ဟိုတယ်၌ ကျင်းပသည်။

အဆိုပါပွဲ ကျင်းပရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် Abstract ပန်းချီနှင့်ပတ်သက်ပြီး လက်ခံနိုင်သည့် အတိုင်းအတာနည်းပါးမှု၊ ခံစားမှု၊ စိတ်ဝင်စားမှု နည်းပါးမှုများ ရှိနေခြင်းကြောင့် လူအများ ပိုမိုခံစားတတ်လာစေရန်နှင့် စိတ်ဝင်စားမှုများပြားလာစေရန် ၂၀၁၅ ခုနှစ်မှ စတင်ကာ ပြပွဲများကို ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပြပွဲကျင်းပရာတွင် စိတ်ဝင်စားမှု နည်းပါးခဲ့သော်လည်း တတိယအကြိမ်နှင့် စတုတ္ထအကြိမ်များတွင် လူအများ စိတ်ဝင်စားမှု မြင့်တက်လာခဲ့ရာ ယခု ငါးကြိမ်မြောက်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း Abstract ပန်းချီပညာရှင် ကိုဇေလတ်ခိုင်က ပြောသည်။

"ဒီပွဲကို နှစ်စဉ်လုပ်လာတာပါ။ လုပ်ရတဲ့အကြောင်းအရင်းက မြန်မာနိုင်ငံမှာ Abstract ပန်းချီကို လက်ခံနိုင်တဲ့ အတိုင်းအတာနည်းတဲ့အတွက်ကြောင့် ပန်းချီခံစားတဲ့သူတွေ ထိတွေ့မှုပိုရလာအောင် ပြပွဲတွေ ကျင်းပရခြင်း ဖြစ်ပါတယ်။ ပထမအကြိမ်နဲ့ ဒုတိယအကြိမ်လုပ်တုန်းကတော့ အားပေးမှုနည်းသေးတယ်။ တတိယအကြိမ်မှာတော့ အားပေးမှုများလာတယ်။ စတုတ္ထအကြိမ်မှာ လာကြည့်တဲ့ ပရိသတ် တစ်နေ့ကို ၁၅၀၊ ၂၀၀ နီးပါးရှိလာတယ်။ ဒါကြောင့် ငါးကြိမ်မြောက်ကို ဒီနှစ်ထဲမှာပဲ ဒုတိယအကြိမ်ပြန်လုပ်တာပါ။ မြန်မာနိုင်ငံမှာ ဒီပန်းချီကို ဆွဲတဲ့သူနည်းလို့ စိတ်ဝင်စားမှု နည်းတာမဟုတ်ပါဘူး။ တချို့က စိတ္တဇပန်းချီ၊ ဒြပ်မဲ့ပန်းချီဆိုတော့ စိတ္တဇဆန်တဲ့ အတွေးအခေါ်တွေများ ရှိနေမလား ထင်ကောင်းထင်ပါလိမ့်မယ်။ တကယ်တော့ မဟုတ်ပါဘူး။ အဓိကက အတွေးအခေါ်ရယ်၊ ခံစားမှုရယ်၊ အတတ်ပညာရယ် သုံးမျိုးပေါင်းမှ အနုပညာဆိုတာ ဖြစ်တာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။



အဆိုပါ ပန်းချီပြပွဲတွင် လူငယ်ပန်းချီပညာရှင် ၁၆ ဦး၏ ပန်းချီကား ၆၀ ကို ပြသသွားမည်ဖြစ်ပြီး ပန်းပုရုပ်တုနှစ်ရုပ်ကိုလည်း ပြသသွားမည်ဖြစ်သည်။ ပါဝင်ပြသမည့် ပန်းချီပညာရှင်များသည် ယဉ်ကျေးမှုတက္ကသိုလ်မှ ပန်းချီအထူးပြုဘာသာရပ်များဖြင့် ကျောင်းပြီးထားသူများဖြစ်ပြီး ၎င်းပညာရှင် ၁၆ ဦးထဲတွင် အနုပညာရှင် အဆိုတော်ကျားပေါက်လည်း ပါဝင်ကြောင်း သိရသည်။

Abstract ပန်းချီသည် ၁၉၂၀ ပြည့်နှစ်လောက်ကတည်းက လူအများကြား သဘောထားကွဲလွဲမှုများရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဆိုပါပန်းချီနှင့်ပတ်သက်ပြီး အားနည်းမှုများရှိခဲ့ကြောင်း၊ ယင်းပန်းချီသည် အရောင်ကို ကိုယ်စားပြုပြီး ဖန်တီးရေးဆွဲထားကာ စိတ်ခံစားမှုကို ချပြသည့်ပွဲဖြစ်ကြောင်း၊ ပန်းချီရေးဆွဲရာတွင် Acrylic၊ ဆီဆေး၊ ရေဆေးတို့ကိုသာ အဓိကအသုံးပြုထားကြောင်း ကိုဇေလတ်ခိုင်က ရှင်းပြသည်။

**အေးမင်းသူ၊ ဇာနည်မောင်**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသည့် တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

**(ဩဂုတ် ၃ ရက်နေ့မှအဆက်)**

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၃၅။ | ငြိမ်းနှင့်ဗေဒါ | အောင်လင်း | ၃၅၀၀ | စိတ်ကူးချိုချို |
| ၃၆။ | ကွန်မြူနစ်ဝါဒလှုပ်ရှားမှုအတွင်းရှိ "လက်ဝဲဂိုဏ်း" သူငယ်နာ | ထွန်းသန်း | ၂၅၀၀ | မိုးလုံးမှိုင်း |
| ၃၇။ | ရခိုင်လူမျိုးတို့၏ ဘဝပုံရိပ်များ | ပါမောက္ခဦးမြင့်စော(ငြိမ်း) | ၃၀၀၀ | ကောင်းကျော် |
| ၃၈။ | လူလားမြောက်သောအရွယ် | မောင်ထင် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၃၉။ | ခုနစ်ဆောင်ပြိုင်အိမ်ကြီး | တက်တိုး | ၂၃၀၀ | စိတ်ကူးချိုချို |
| ၄၀။ | ချောကလက်ဝေဖာ | ကန္တရမိုးစက် | ၂၀၀၀ | ဆိပ်ကမ်းသာ |
| ၄၁။ | ဖယောင်းဥယျာဉ် | ပျိုး | ၃၅၀၀ | Smart စာပေ |
| ၄၂။ | အတွေးအမြင် အမှတ်(၃၁၂)၊ ၂၀၁၈ ဩဂုတ် | ကလောင်စုံ | ၂၅၀၀ | ဒေါင်းစာပေ |
| ၄၃။ | သူရဦးတင်ဦး၊ ဟံသာဝတီဦးဝင်းတင်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် မြတ်ခိုင် | ကလောင်စုံ | ၃၀၀၀ | ဆုပြည့်စုံထွန်း |
| ၄၄။ | ဆေးပညာရှာခရီးသည်တစ်ဦး၏ မနားရသောဘဝခရီးများ | ကမ္ဘောဇခင်လှိုင် | ၈၀၀၀ | စိတ်ကူးချိုချို |
| ၄၅။ | မဟာတို့၏ကျဆုံးခန်း (ပဥ္စမတွဲ) | လှစိုးဝေ | ၆၀၀၀ | ရုပ်ပြောင် |
| ၄၆။ | ချင်းတွင်းမှပင်လယ်သို့ | လူထုဒေါ်အမာ | ၄၀၀၀ | လူထုစာပေ |
| ၄၇။ | သာသနာရောင်ဝါ နေသို့ထွန်းပါစေ | လူထုဒေါ်အမာ | ၄၅၀၀ | လူထုစာပေ |
| ၄၈။ | မြန်မာ့ခေတ်သစ်ပန်းချီ | လူထုဒေါ်အမာ | ၄၅၀၀ | လူထုစာပေ |
| ၄၉။ | မွေးပုံ့တဲ့နှင်းဆီရောင်စုံ ဝတ္ထုတိုများ | ညီပုလေး | ၂၀၀၀ | လူထုစာပေ |
| ၅၀။ | လူထုအတွက်လူထု | လူထုမိသားစု | ၁၈၀၀ | လူထုစာပေ |
| ၅၁။ | မှိုင်းရာပြည့်စာတမ်းများ | ကလောင်စုံ | ၁၈၀၀ | လူထုစာပေ |
| ၅၂။ | ဘဝနေတတ်မှုအနုပညာ | မောင်ကျေးဇူး | ၁၅၀၀ | ရန်အောင် |
| ၅၃။ | သိုင်းဂိုင်းလိုက်ဖမ်းစွန့်စားခန်း | ရဲမြလွင် | ၆၃၀၀ | ကွမ်းခြံလမ်း |
| ၅၄။ | အညတရရုပ်ပုံလွှာများ | မြသန်းတင် | ၆၀၀၀ | တိုးမြစ် |
| ၅၅။ | မျက်စိတစ်ဖက်လပ်အသင်းအမှု၌ မောင်စံရှားစုံထောက်ပုံနှင့်အခြားအမြီးဝတ္ထုများ | ရွှေဥဒေါင်း | ၂၅၀၀ | စိတ်ကူးချိုချို |
| ၅၆။ | လေး၏လားရာနှင့် အခြားစိတ်ခွန်အားဖြည့်စာစုများ | ကျော်မြင့်(မြောင်းမြ) | ၁၂၀၀ | မဇ္ဈိမ |
| ၅၇။ | ဉာဏ်ပညာဆိုင်ရာ အကျင့်ကောင်းများ | မောင်မြင့်ကြည် | ၉၀၀ | စိတ်ကူးချိုချို |
| ၅၈။ | ငါဆိုတဲ့တေး | ဖိုးသံ(လူထု) | ၃၀၀၀ | လူထုစာပေ |
| ၅၉။ | ရေပန်းမြစ်ဆိပ်၊ ပွင့်မျောရိပ်မှာ | ရဲဘုန်းခေါင် | ၅၀၀၀ | ကျော်မွေး |
| ၆၀။ | ဓမ္မပဒ (ပါဠိ - အင်္ဂလိပ် - မြန်မာ) | - | ၃၀၀၀ | နန်းဒေဝီ |
| ၆၁။ | အကြီးကျယ်ဆုံးရတနာနှင့် အခြားပုံပြင်များ | ကျော်မြင့်အေး | ၂၀၀၀ | မဇ္ဈိမ |
| ၆၂။ | ပါစင်နယ်ကွန်ပျူတာများ၏ ဖန်တီးရှင် မိုက်ကယ်ဒဲလ်၏ လုပ်ငန်းအောင်မြင်မှု လျှို့ဝှက်ချက်များ | မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) | ၄၀၀၀ | ပန်းဆက်လမ်း |
| ၆၃။ | ချုံကင်း | ကျော်အောင် | ၄၀၀၀ | စိတ်ကူးချိုချို |
| ၆၄။ | အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု 'စံ' သတ်မှတ်ချက်များအပေါ်အခြေခံသော လေ့ကျင့်သင်ကြားမှုနှင့် စစ်ဆေးအကဲဖြတ်မှု မိတ်ဆက် (မြန်မာ + အင်္ဂလိပ်) | ကျော်ဝင်း | ၂၀၀၀ | ကျော်ဝင်းစာပေ |

# ကတ္တီယ ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၁၀ ရက်မှစ၍ မြန်မာတစ်နိုင်ငံလုံးတွင် ရုံတင်ပြသသွားမည်

ရန်ကုန် ဩဂုတ် ၄

**စိန်ငွေး ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်သည့် "ကတ္တီယ" ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ဩဂုတ် ၂ ရက် ညနေ ၆ နာရီခွဲက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဩဂုတ် ၁၀ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ကိုဇော်(အရှုဏ်ဦး)က ရိုက်ကူးထားခြင်းဖြစ်ပြီး ငယ်စဉ်ကတည်းက မိဘများဆုံးပါးသွား၍ ဘဝကို ကြမ်းတမ်းခက်ခဲစွာ နေထိုင်ဖြတ်သန်းရင်း စိတ်ကြမ်းလူကြမ်းများဖြစ်လာခဲ့ရသော ညီအစ်မသုံးဦးတို့၏ နေထိုင်မှုပုံစံအလွဲများ၊ မိမိဘက်က မည်မျှပင် မှန်ကန်နေစေကာမူ မိမိကိုယ်ပိုင် ဥပဒေဖြင့် ဆုံးဖြတ်၍ မရနိုင်ဘဲ တရားဥပဒေဘောင်အတွင်းက ဖြေရှင်းရမည်ဆိုသည့် အကြောင်းအရာအသိအမြင်များ၊ ရွာသူရွာသားများက အစပြု၍ ကမ္ဘာသူ၊ ကမ္ဘာသားများအဆုံး အားလုံးသောသက်ရှိလူသားတို့အနေဖြင့် မိမိတို့နေထိုင်ရာ အဝန်းအဝိုင်းအတွင်း၌ စည်းလုံးညီညွတ်စွာ ချစ်ချစ်ခင်ခင်နေထိုင်ခြင်းသည်သာ အမှန်ကန်ဆုံးသော နေထိုင်မှုလမ်းစဉ်ဖြစ်ကြောင်း ပညာပေးသည့် သဘောဖြင့် ရည်ရွယ်ကာ ဟာသသဘော ရောစွက်ရိုက်ကူးထားခြင်းဖြစ်သည်။




### ပညာပေးဇာတ်ကား

ယင်းရုပ်ရှင်ဇာတ်ကားတွင် အလင်းရောင်၊ ဖွေးဖွေး၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ ခင်လှိုင်နှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပုံဖော်ထားကာ အချစ်၊ ဟာသ၊ အက်ရှင်ဇာတ်ကြမ်း၊ပညာပေးဇာတ်လမ်းအမျိုးအစား ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ကိုဇော်(အရှုဏ်ဦး)က "အခုဆိုရင် နယ်တွေမှာ အရွယ်ရောက်တဲ့ ယောကျာ်းတွေက ကိုယ့်ဒေသမှာ အလုပ်မလုပ်ကြတော့ဘဲနဲ့ နိုင်ငံခြားကိုထွက်ပြီး အလုပ်လုပ်ကြတော့ သက်ကြီးရွယ်အိုတွေနဲ့ မိန်းမတွေပဲကျန်ခဲ့တယ်။ အဲဒီတော့ တစ်ရွာလုံးမှာမိန်းမတွေပဲရှိတဲ့အတွက်ကြောင့် ကတ္တီယလို့ နာမည်ပေးလိုက်တာပါ။ ဒီဇာတ်ကားလေးကတော့ ကျွန်တော်ရိုက်ခဲ့တဲ့ ဇာတ်လမ်းတွေထဲမှာ မတူတဲ့ပုံစံတစ်မျိုးနဲ့ တင်ဆက်ပေးထားတာပါ။ မင်းသမီးသုံးယောက်ကို အဓိကအနေနဲ့ တင်ပြထားတာပါ။ ပထမဆုံး ဇာတ်ကိုစဉ်းစားတယ်။ ပြီးတော့မှ မင်းသမီးတွေကို အခြေခံပြီး ဇာတ်ကိုပြန်ယူခဲ့ရတာပါ။ မင်းသားဦးစားပေးမဟုတ်တော့ဘဲနဲ့ မင်းသမီးဦးစားပေးဖြစ်သွားတာပါ။ ရွာမှာတစ်ယောက်တစ်မျိုးပုံစံတွေနဲ့နေကြတယ်။ စိုးမြတ်သူဇာက မြို့နဲ့ရွာကို ထော်လာဂျီမောင်းတယ်။ ခိုင်သင်းကြည်ကတော့ ငွေတိုးချေးစားတယ်။ ဖွေးဖွေးကတော့ မင်္ဂလာဆောင်လိုမျိုးတွေကို ကန်ထရိုက်ယူတာမျိုးတွေလုပ်တယ်။ အဲဒီလိုပုံသဏ္ဌာန်ဇာတ်ရုပ်မျိုးပါ။ တစ်ယောက်တစ်မျိုးစီ ဇာတ်ရုပ်တွေပေးထားပါတယ်။ အပြင်မှာလည်း တချို့ကျေးရွာတွေမှာ ဒီလိုမျိုးပုံစံတွေရှိပါတယ်။ အဲဒီလိုဟာမျိုးတွေကို အခြေခံထားတာပါ"ဟုပြောသည်။

သရုပ်ဆောင် အလင်းရောင်က "အဓိကကတော့ ဒီကားမှာ မခိုင်လေးရယ်၊ မကြီးစိုးရယ်၊ ဖွေးဖွေးရယ် သူတို့သုံးယောက်ရဲ့ဇာတ်ပါ။ ကျွန်တော်ကတော့ ဒီကားမှာ ပါဝင်ပံ့ပိုးတဲ့အနေနဲ့ပဲ သရုပ်ဆောင်ရတာပါ။ ကျွန်တော်က ဟာသတွေသိပ်မရဘူး။ ကျွန်တော့်မှာလိုအပ်ချက်တွေတော့ ရှိနေဦးမှာပါ။ ဒီကားရဲ့ အမှတ်တရဆိုရင်တော့ ကျွန်တော်က အသစ်တစ်ယောက်အနေနဲ့ ဇာတ်ကားတွေရိုက်တဲ့အချိန်မှာ နှစ်ကားပြိုင်မရိုက်ဖူးဘူး။ အဲဒီတုန်းကတော့ ကားနှစ်ကား လာတိုက်နေတယ်။ နေ့ခင်းမှာ ဒီဘက်မှာ လာရိုက်တယ်။ ညပိုင်းမှာ ဟိုဘက်မှာသွားရိုက်ရတာဆိုတော့ ဇာတ်ရုပ်ပိုင်းမှာ အသစ်တစ်ယောက်အနေနဲ့ဆိုတော့ မကွဲတော့ဘူး။ နောက်ပိုင်းမှာတော့ အဲဒီလိုမလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဲဒါလေးကတော့ အမှတ်တရဖြစ်ရပါတယ်။ ဒီကားလေးကို ဩဂုတ် ၁၀ ရက်မှာ ရုံတင်ပြသမှာပါ။ ဒီကားလေးက ပရိသတ်အတွက် ဟာသရသပေးစွမ်းနိုင်မယ့်ကားလေးပါ" ဟု ပြောသည်။

သရုပ်ဆောင် ခိုင်သင်းကြည်က "ဒီဇာတ်ကားထဲမှာ မခိုင်လေးရဲ့နာမည်က 'သေးသေးတင်' ပါ။ ညီအစ်မသုံးယောက်ထဲမှ အလတ်မပါ။ မခိုင်တို့ ညီအစ်မသုံးယောက်က ဆတ်ဆတ်ထိမခံကြဘူးပေါ့။ ညီမတွေသုံးယောက်လုံးကို လုံးဝထိလို့မရဘူး။ ကိုယ်တို့ကပဲ ဗိုလ်ဖြစ်ချင်တာမျိုးပါ။ ဒီဇာတ်ကားထဲမှာ သုံးယောက်တွဲတာ လိုက်ဖက်တယ်လို့ခံစားရပါတယ်။ ဖိုက်တင်တွေပါတဲ့အတွက်ကြောင့် တစ်နေ့တစ်နေ့ ထိုးပြီးရင် ညနေရောက်တော့ နာလိုက်တာ။ ပြေးရလွှားရတဲ့ အခန်းတွေဆိုရင်လည်း ပြေးလွှားခဲ့ရတယ်။ ထော်လာဂျီစီးတဲ့အခန်းတွေမှာဆိုရင်လည်း မှောက်မှာစိုးရိမ်ခဲ့ရတယ်။ အဲဒီတုန်းက ရင်တွေလည်းတုန်ပြီး ဖိုက်တင်တွေပါတဲ့အတွက် ကိုယ်တွေလက်တွေလည်းနာခဲ့ရပါတယ်။ ဒီဇာတ်ကားလေးကတော့ ကတ္တီယဆိုတဲ့အတိုင်း မိန်းကလေးတွေလည်းများတယ်။ ဟာသလည်းပါမယ်။ ဖိုက်တင်အလွဲလေးတွေလည်း ပါတာဆိုတော့ မပျင်းရပါဘူး။ ပျော်လည်းပျော်ရမယ်။ ရယ်လည်းရယ်ရပါမယ်။ ပရိသတ်ကြီးကို ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

### အမှတ်တရဖြစ်

သရုပ်ဆောင် ယွန်းရွှေရည်က "ဒီကားလေးကတော့ မိန်းကလေးတွေကို ဦးစားပေးထားတဲ့ကားပါ။ ဒီကားမှာတော့ ညီမက ဖွေးဖွေးတို့ ညီအစ်မတွေနဲ့ တစ်ရွာတည်းနေတယ်။ ဒါပေမယ့် သူတို့နဲ့ မတည့်ဘူး။ အမြဲတမ်းရန်ဖြစ်နေကြတယ်။ နောက်ပိုင်းကျတော့ နိုင်ငံခြားသွားတဲ့အချိန်မှာ လူကုန်ကူးခံရတာကို သိလိုက်တော့ သူတို့ညီအစ်မတွေက လာကယ်ပေးတယ်။ အဲဒီမှာပြန်ပြီးသင့်မြတ်သွားတယ်ဆိုတဲ့ပုံစံမျိုးပါ။ အမှတ်တရအနေနဲ့ကတော့ ပထမဆုံးစရိုက်တဲ့နေ့မှာပဲ ညီမတို့ ရွှံ့ဗွက်အိုင်ထဲမှာ မွန်းလွဲ ၂ နာရီကနေ ညနေ ၆ နာရီထိုးတဲ့အထိ နပန်းလုံးပြီး ထိုးကြိတ်နေရတယ်။ အဲဒါတွေက ပျော်စရာကောင်းသလို အမှတ်တရတွေလည်း ဖြစ်ခဲ့ရပါတယ်။ ဒီကားလေးကတော့ မိန်းကလေးတွေက ဦးဆောင်ပြီးလုပ်ရတဲ့ အခါကျတော့ မိန်းကလေးတွေရဲ့ ဇာတ်ရုပ်ပိုင်းက ပိုများပါတယ်။ အားလုံးကတော့ ပေါ့ပေါ့ပါးပါးနဲ့ သရုပ်ဆောင်ထားကြတာဆိုတော့ မတူတဲ့ ဟာသကားတစ်မျိုးပါ။ ဒီကားထဲမှာဆိုရင် ကိုယ့်အိမ်၊ ကိုယ့်ရွာကို ဓားပြတွေလာတိုက်တဲ့အခါမှာ မိန်းကလေးတွေက ဦးဆောင်ပြီး တိုက်ထုတ်ကြတယ်။ အဓိကကတော့ မိန်းမတစ်ယောက်ဟာ ကိုယ့်အားကိုယ်ကိုးလို့ရတယ်ဆိုတဲ့ ဇာတ်လမ်းမျိုးပါ"ဟု ပြောသည်။

### သူတို့၏စရိုက်

ဇာတ်လမ်းအကျဉ်းမှာ လုံးကြီးတင်၊ သေးသေးတင်နှင့် ဆံခတ်တို့ ညီအစ်မတို့သုံးဦး ရှိကြ၏။ ငယ်စဉ်ကတည်းက မိဘများဆုံးပါးသွားခဲ့၍ ညီအစ်မသုံးဦးမှာ ဘဝကိုကြမ်းတမ်းခက်ခဲစွာ ရုန်းကန်ဖြတ်သန်းခဲ့ကြရင်း မိန်းကလေးမပီသစွာပင် ကြမ်းတမ်းခက်ထန်နေကြသူများဟု ဆိုရမည်ပင်။ အစ်မအကြီးဆုံးဖြစ်သူ လုံးကြီးတင်က ပိုက်ဆံကို ဘယ်လိုနည်းနဲ့ ရှာရမလဲဆိုသည်ကို အချိန်ပြည့်စဉ်းစားနေတတ်သူဖြစ်ပြီး အလတ်မ သေးသေးတင်ကတော့ ဟိုစပ်စပ်စုစု ဒီစပ်စပ်စုစုနဲ့ တစ်ရွာလုံးရှိတဲ့သတင်းမှန်သမျှ သူမသိတာဘာမှမရှိ လောက်အောင်ပင်ဖြစ်၏။ အငယ်ဆုံးညီမဖြစ်သူ ဆံခတ်ကတော့ စိတ်ဆတ်သူ၊ စိတ်မြန်သူ၊ တစ်ခုခုဆိုလျှင် ပါးစပ်ဖြင့်သိပ်မပြော၊ လက်က အရင်ပါပြီးသားပဲ ဆိုသည့်အစားထဲကဖြစ်၏။ ထိုညီအစ်မသုံးယောက်အား မကြာခဏ ထိတ်တုံးခတ်ပြစ်ဒဏ်ပေးရသော ရွာသူကြီးခမျာလည်း ကြာလာတော့ဆုံးမစကားပြောရင်း အမြုပ်တစီစီ ထွက်ကျလုမတတ်ပင်ဖြစ်ရလေသည်။ သို့သော် ဆံခတ်တို့ညီအစ်မတွေကတော့ သူတို့၏အကျင့်စရိုက်ကို ပြောင်းလဲဖို့အစီအစဉ်လုံးဝမရှိတာ သေချာနေလေသည်။

ဆံခတ်တို့ ညီအစ်မသုံးယောက်နှင့် တစ်စက်ကလေးမှ မျက်နှာကြောမတည့်သည့်အပြင် မကြာခဏရန်ပွဲများတွင် ထိပ်တိုက်တွေ့လေ့ရှိသူကတော့ မိဂျမ်းဖြစ်၏။ တကယ်တော့ မိဂျမ်းဆိုသည်မှာလည်း ဆံခတ်တို့ ညီအစ်မတစ်တွေ ရပ်ထဲရွာထဲ လူတွင်ကျယ်လုပ်နေသည်ကို မျက်စိစပါးမွေးစူးရာက အစပြုပြီး ကြည့်မရနိုင်အောင်ဖြစ်ခဲ့ခြင်းပင်။ မိဂျမ်းနှင့် အမြဲလိုလို ထိပ်တိုက်တွေ့နေတာကတော့ ဆံခတ်ဖြစ်၏။

လုံးကြီးတင်မှာ ရပ်ထဲရွာထဲတွင် အပေါင်ပစ္စည်းလက်ခံပြီး ပိုက်ဆံချေးသည့်အလုပ်လုပ်၏။ သို့သော် အကျိုးအမြတ်နည်းသည်ဟုဆိုကာ အမြတ်များများရမည့် အလုပ်မျိုးပြောင်းလဲလုပ်ကိုင်ချင်နေလေသည်။ ဆံခတ်နှင့် သေးသေးတင်တို့က ဟိုအလုပ်ပြောင်းလုပ်ကြည့်ပါလား၊ ဒီအလုပ်ဆိုရင်ရောစသည်ဖြင့် ပေါက်တတ်ကရ အကြံတွေဝိုင်းပေးကြရင်းက မင်္ဂလာဆောင်ကန်ထရိုက်ယူမည့် အစီအစဉ်ကို အကောင်အထည်ဖော်ရန် ဖြစ်လာလေ၏။ ဖိုးလုံးနှင့် မိချောတို့ ချစ်သူနှစ်ဦးမှာ လက်ထပ်မင်္ဂလာ ဆောင်နှင်းချင်သည်မှာ တစ်ပိုင်းသေနေသော်လည်း လက်ထဲတွင် စုမိဆောင်းမိမရှိသဖြင့် အကြံအိုက်နေစဉ် လုံးကြီးတင်က မင်္ဂလာဆောင်စရိတ် သူထုတ်ပေးမည်၊ ရသည့်လက်ဖွဲ့များအား သူ့ကိုပေးရမည်ဟု သဘောတူညီမှုဖြင့် နှစ်ဦးနှစ်ဖက်ညှိနှိုင်းအဆင်ပြေသွားကြလေ၏။ သို့သော်လည်း မင်္ဂလာလက်ဖွဲ့များကို တွက်ချက်စစ်ဆေးကြည့်ရာတွင် လုံးကြီးတင်တစ်ယောက် မှန်းချက်နှင့်နှမ်းထွက်မကိုက်ဆိုသလိုဖြစ်ရတော့၏။ ထုံးစံအတိုင်း ဝုန်းဒိုင်းကြဲညီအစ်မသုံးဖော်တို့ သတို့သားဖိုးလုံးအိမ်သို့ ညတွင်းချင်းသွားရောက်သောင်းကျန်းကြလေ၏။ သူကြီးကိုယ်တိုင်လာရောက်တောင်းပန်မှ ဆံခတ်တို့ညီအစ်မစိတ်လျှော့ကျေအေးပေးပြီး ပြန်သွားကြတော့သည်။

တစ်ရက်တွင် ရွာဦးကျောင်းသို့ အေးချမ်းရောက်လာပြီး တစ်ရွာသားဖြစ်ပါကြောင်း၊ ကပ္ပိယအဖြစ် ဝေယျာဝစ္စပြုလုပ်ပေးရင်း ဤရွာလေးတွင် နေထိုင်လိုပါကြောင်း ဆရာတော်ကို လျှောက်ထားသဖြင့် ဆရာတော်လည်း ခွင့်ပြုလိုက်၏။ ဆောင်ရန် ရှောင်ရန်များကို မိန့်မှာရင်း ဤရွာတွင် ဆံခတ်တို့ညီအစ်မသုံးဦးနှင့် ဝေးနိုင်သမျှ ဝေးဝေးနေနိုင်လျှင် အကောင်းဆုံးဖြစ်ကြောင်း သတိပေး၏။ အေးချမ်းက ဆရာတော်ဘာဖြစ်လို့ မိန့်မှာသလဲဆိုတာ နားမလည်နိုင်သဖြင့် ပြန်မေးရာ ဆရာတော်က အချိန်တန်တော့ သိလာပါလိမ့်မည်ဟု ပြန်မိန့်သဖြင့် အေးချမ်းထပ်မမေးသာတော့ဘဲ နှုတ်ဆိတ်နေလိုက်ရ၏။ သိပ်အကြာကြီးတော့ စောင့်ဆိုင်းစရာမလိုအောင်ပင် နောက်တစ်နေ့ အေးချမ်းတစ်ယောက် ဆွမ်းချိုင့်ဖြင့် ရွာထဲထွက်အလာ၊ ဆံခတ်တို့ ညီအစ်မနှင့် မိဂျမ်းတို့အဖွဲ့ ရွာထဲတွင် အကြီးအကျယ် သတ်ပွဲဖြစ်နေသည်နှင့် တိုးသဖြင့် ဝင်ရောက်ဆွဲရင်း ဆံခတ်၏ လက်ချက်ဖြင့် အေးချမ်းတစ်ယောက် သတိလစ်မေ့မြောသွားသည်အထိ ဖြစ်သွား၏။

ထိုကဲ့သို့ ညီအစ်မ သုံးယောက်၏ ရန်ပွဲများ၊ အလွဲများနှင့်အတူ ဓားပြအဖွဲ့ကို ရင်ဆိုင်ဖြေရှင်းခဲ့ပုံ၊ ရွာပွဲတော်တွင် အလွဲလွဲအချော်ချော်ဖြစ်ခဲ့ပုံ စသည်တို့ဖြင့် ပုံဖော်ထားသော အချစ်၊ ဟာသ၊ အက်ရှင်ဇာတ်ကြမ်း၊ ပညာပေးရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားဖြစ်ပါကြောင်း။ ။

**သတင်းအဖွဲ့**

## တောင်ငူ အထက ၂ ၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေးစကားဝိုင်း ကျင်းပ

**တောင်ငူ ဩဂုတ် ၄**

တောင်ငူခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ မူးယစ်ဆေးဝါးဆန့်ကျင်ရေးစကားဝိုင်းကို ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းက တောင်ငူမြို့ အထက ၂ ကျောင်းဆရာကွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)MANA အသင်းဥက္ကဋ္ဌ ရဲမှူး(ငြိမ်း)ဦးညီညီက ကျောင်းအုပ်ဆရာမကြီးထံ ကျောင်းစာကြည့်တိုက်အတွက် "တံလျှပ်" ဂျာနယ် ၂၀၁၇ တစ်နှစ်စာကို ပေးအပ်လှူဒါန်းသည်။



အဆိုပါအခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)MANA အသင်းဥက္ကဋ္ဌ ဦးညီညီ၊ အမှုဆောင်ဦးအောင်သန်း(အောင်ခန့်ဖြိုးဝေ-တောင်ငူ)၊ တောင်ငူခရိုင် MANA အသင်း ဥက္ကဋ္ဌဦးစံလှ(စံ-ကေတု)၊အတွင်းရေးမှူး ဒုတိယရဲမှူး(ငြိမ်း)ဦးငွေဝင်း၊ ဘဏ္ဍာရေးမှူး ဒေါက်တာမျိုးထွန်းနှင့် အသင်းသား ကိုနေလင်းအောင်(ဒေဝ)တို့က ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၀ တို့က မေးမြန်းဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူ ၂၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။

၁၂၉

# ကုလသမဂ္ဂလုံခြုံရေးကောင်စီဖြေရှင်းချက်များကို ဆက်လက်လိုက်နာကျင့်သုံးရန် တရုတ်နိုင်ငံအား တိုက်တွန်း




**စင်ကာပူ ဩဂုတ် ၄**
မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားလက်နက်အပြီးတိုင်စွန့်လွှတ်ရန် ဖိအားပေးမှုတစ်ရပ်အဖြစ် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို တရုတ်နိုင်ငံအနေဖြင့် ဆက်လက်လိုက်နာကျင့်သုံးပေးပါရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးအား အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက တိုက်တွန်းပြောကြားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဩဂုတ် ၄ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့ တွေ့ဆုံစဉ် အထက်ပါကိစ္စရပ်ကို ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဝန်ကြီး မိုက်ပွန်ပီယိုက မီဒီယာသို့ ပြောကြားခဲ့သည်။

ဝန်ကြီးနှစ်ဦးက အာဆီယံဒေသတွင်းဖိုရမ်၏ ပြင်ပအစည်းအဝေးအဖြစ် တွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို ဆက်လက်ထိန်းသိမ်းကျင့်သုံးပေးရန် အလေးပေးပြောကြားခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီဖြေရှင်းချက်များကို အကောင်အထည်ဖော်ဆောင်ပေးရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးအား တောင်းဆိုခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ပြုံယမ်းအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများကို အမြန်ဆုံးဖြေလျှော့ပေးရန် အဆိုပြုခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက အာဆီယံဒေသတွင်းဖိုရမ် တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသည့် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်ဟိုနှင့် မတွေ့ဆုံရသေးကြောင်း မီဒီယာသို့ ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# အိန္ဒိယကထိန်းချုပ်သည့် ကက်ရှ်မီးယားတွင် တိုက်ခိုက်မှုဖြစ်ပွား၊ စစ်သွေးကြွငါးဦး သေဆုံး

**ဆရီနာဂါ ဩဂုတ် ၄**
အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသည့် မတည်မငြိမ်ဖြစ်နေသော ကက်ရှ်မီးယားဒေသတွင် အစိုးရတပ်ဖွဲ့များနှင့် စစ်သွေးကြွများအကြား တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ဩဂုတ် ၄ ရက်တွင် စစ်သွေးကြွငါးဦး သေဆုံးသွားကြောင်းနှင့် တိုက်ခိုက်မှုများပြင်းထန်စွာ ဆက်လက်ဖြစ်ပွားနေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



အဆိုပါတိုက်ခိုက်မှုသည် ဩဂုတ် ၃ ရက် ညပိုင်းတွင် ရှိုပိန်ခရိုင် ကီလိုရာကျေးရွာ၌ စတင်ဖြစ်ပွားခြင်းဖြစ်ပြီး ယင်းဒေသမှာ အိန္ဒိယနိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသ၏ နွေရာသီမြို့တော် ဆရီနာဂါမြို့၏ တောင်ဘက် ၅၇ ကီလိုမီတာ အကွာတွင် တည်ရှိသည်။

ရှိုပိန်ခရိုင်တွင် တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားပြီး စစ်သွေးကြွငါးဦး သေဆုံးသွားကြောင်း၊ ၎င်းတို့ထဲမှ တစ်ဦးမှာ ဩဂုတ် ၃ ရက် ညပိုင်းတွင် သေဆုံးပြီး အခြား လေးဦးမှာ ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ထပ်မံဖြစ်ပွားသည့် အပြန်အလှန်ပစ်ခတ်မှုများအတွင်း သေဆုံးသွားခြင်းဖြစ်သည်ဟု အိန္ဒိယစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ရာဂျက်စ်ခါလီယာက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

စစ်သွေးကြွများက နေအိမ်တစ်လုံးအတွင်း ပုန်းအောင်းနေပြီး ရဲတပ်ဖွဲ့ဝင်များနှင့် အိန္ဒိယတပ်ဖွဲ့ဝင်များအား ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းနေရာတွင် စစ်သွေးကြွများရှိနေကြောင်း တိကျသည့် ထောက်လှမ်းရေးသတင်းများအရ သိရ၍ ထိုနေရာအား ပိတ်ဆို့ထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယစစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များမှာ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရမှုမရှိဘဲ အခြေအနေမှာ လိပ်ခဲတည်းလည်းဖြစ်နေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဒေသတွင်း၌ စစ်သွေးကြွများအား ရှာဖွေသည့် စစ်ဆင်ရေးကို လုပ်ဆောင်နေကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဩဂုတ် ၃ ရက်က အလားတူ တိုက်ခိုက်မှုတစ်ခု ဘာရာမူလာခရိုင် ဆိုပိုးတွင် ဖြစ်ပွားခဲ့ရာ စစ်သွေးကြွနှစ်ဦးနှင့် အိန္ဒိယစစ်ဘက်မှ တပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးခဲ့သည်။ **ဆင်ဟွာ**

# ထိုင်းလူငယ်ဘောလုံးသမားများနှင့် နည်းပြတို့ ပိတ်မိနေသော လိုဏ်ဂူနေရာတွင် ပြတိုက်တည်ဆောက်မည်

**ဗန်ကောက် ဩဂုတ် ၄**
ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ထမ်လုံခွန်နမ့်ဂူတွင် ဇွန်လအတွင်းက ပိတ်မိနေခဲ့သော လူငယ်ဘောလုံးသမား ၁၂ ဦးနှင့် နည်းပြတစ်ဦးတို့အား အမှတ်တရရှိစေရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် အသက်စွန့်သွားခဲ့သည့် ရေငုပ်သမားတစ်ဦးအား ဂုဏ်ပြုသည့်အနေဖြင့် အဆိုပါလိုဏ်ဂူနေရာတွင် ပြတိုက်တစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ချင်းရိုင်ခရိုင် မယ်ဆိုင်မြို့ ထမ်လုံခွန်နမ့် လိုဏ်ဂူတွင် အဆိုပါပြတိုက်တည်ဆောက်ရေးလုပ်ငန်းများကို ဩဂုတ်၈ ရက်တွင် စတင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံတာဝန်ရှိသူများက ပြောကြားခဲ့သည်။ ပြတိုက်တည်ဆောက်မည့် မြေနေရာသတ်မှတ်မှုများကို တာဝန်ရှိသူများက ရွေးချယ်သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဇွန်လအတွင်းက လူငယ်ဘောလုံးသမားများနှင့် နည်းပြတို့သည် အဆိုပါလိုဏ်ဂူထဲတွင် ရေများဝင်ရောက်လာခဲ့သည့်အတွက် လိုဏ်ဂူအတွင်း ပိတ်မိနေခဲ့သည်။ သို့သော် ၎င်းတို့အား ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်နိုင်ခဲ့သည်။ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ် ကမ္ဘာတစ်ဝန်းက အာရုံစိုက်လျက်ရှိခဲ့ပြီး ကယ်ဆယ်ရေးလုပ်သားများ၏ကြိုးပမ်းမှုများကို ကမ္ဘာတစ်ဝန်းက ချီးကျူးထောမနာပြုခဲ့ကြသည်။

ယခုတည်ဆောက်မည့်ပြတိုက်တွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်က ကယ်ဆယ်ရေးလုပ်သားများ၏ ကြိုးပမ်းမှုများကို မှတ်တမ်းတင်သည့်အနေဖြင့် ၁၃ မီတာရှည်လျားသော ပန်းချီကားတစ်ခုနှင့် အခြားသော ပုံတူပန်းချီကားများ ထားရှိပြသထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြတိုက်၏ရှေ့တွင် အသက်စွန့်သွားခဲ့ရသည့် ထိုင်းရေငုပ်သမား ဆာမန်ကုနန်အား ဂုဏ်ပြုသည့်အနေဖြင့် လေးမီတာခန့်ရှိသော သူ၏ပုံစံတူရုပ်တုကို ထားရှိမည်ဖြစ်ကြောင်း သိရသည်။ ပြတိုက်တည်ဆောက်ရေးလုပ်ငန်းများကို ငါးလအတွင်း အပြီးဆောင်ရွက်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဆိုက်ဘေးရီးယားမြောက်ပိုင်းတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျ၊ လူ ၁၈ ဦးသေဆုံး

**မော်စကို ဩဂုတ် ၄**
ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသမြောက်ပိုင်းတွင် ရေနံထုတ်လုပ်ရေးစခန်းတစ်ခုသို့ ပျံသန်းနေသည့် ရဟတ်ယာဉ်တစ်စင်းသည် ဩဂုတ် ၄ ရက် နံနက်အစောပိုင်းတွင် ပျက်ကျခဲ့ခြင်းကြောင့် လူ ၁၈ ဦးသေဆုံးခဲ့ကြောင်း ရုရှားအစိုးရက ပြောကြားသည်။

ရဟတ်ယာဉ်အဖွဲ့သားသုံးဦးနှင့် ခရီးသည် ၁၅ ဦးတို့အား တင်ဆောင်ထားသည့် အမ်အိုင်-၈ အမျိုးအစားရဟတ်ယာဉ်တစ်စင်းသည် မြေပြင်မှပျံတက်ပြီး မကြာမီတွင် စက်ယန္တရားတင်ဆောင်ထားသည့် အခြားရဟတ်ယာဉ်တစ်စင်းနှင့် တိုက်မိကာ ပျက်ကျခဲ့ကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးက ပြောကြားသည်။

အဆိုပါရဟတ်ယာဉ်နှင့်တိုက်မိသည့် ဒုတိယရဟတ်ယာဉ်သည် မြေပြင်သို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့ပြီး အခင်းဖြစ်ရာ အရပ်၏ရာသီဥတုမှာ ပုံမှန်အခြေအနေသာရှိကြောင်း ယင်းဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။

အမ်အိုင်-၈ ကုန်တင်ရဟတ်ယာဉ်က ပထမဦးစွာ မြေပြင်မှပျံတက်ပြီး ပျက်ကျသွားသည့် အမ်အိုင်-၈ ရဟတ်ယာဉ်က မြေပြင်မှ ဒုတိယပျံတက်ခြင်းဖြစ်ကြောင်း၊ အဆိုပါရဟတ်ယာဉ်တွင် ရေနံလုပ်ငန်းဌာနများ၌ တာဝန်ထမ်းဆောင်သည့် လုပ်သားများပါဝင်ကြောင်း ရုရှားသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ပျက်ကျသွားသည့် ရဟတ်ယာဉ်ကို ရုရှားအမျိုးသားလေကြောင်းလိုင်းက ပိုင်ဆိုင်ပြီး ၎င်း၏ဌာနချုပ်မှာ ဆိုက်ဘေးရီးယားအနောက်ပိုင်း ကန်တီမန်ဆီယက်လေဆိပ်တွင် တည်ရှိသည်။

အဆိုပါရဟတ်ယာဉ်သည် ဩဂုတ် ၄ ရက် မော်စကိုစံတော်ချိန် နံနက် ၅ နာရီ ၃ မိနစ်တွင် ဗန်ကောရေနံနှင့် သဘာဝဓာတ်ငွေ့မြေရဟတ်ယာဉ်ကွင်းမှ ပျံတက်ပြီး မကြာမီတွင် ပျက်ကျခဲ့ကြောင်း၊ ယင်းဒေသမှာ ကရာနိုဆာယက်ဒေသ တူဂူမန့်ခရိုင်တွင် တည်ရှိကြောင်း ရုရှားအမျိုးသားလေကြောင်းမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြသည်။ ပျက်ကျသွားခဲ့သည့် အမ်အိုင်-၈ အမျိုးအစားရဟတ်ယာဉ်ကို ရုရှားနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်က ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။



ဆိုက်ဘေးရီးယားနှင့် ရုရှားအရှေ့ဖျားဒေသတွင် ရဟတ်ယာဉ်များနှင့် လေယာဉ်ငယ်များသည် မတော်တဆဖြစ်ရပ်များ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။

ယခုနှစ် ဧပြီလအတွင်းက ရုရှားနိုင်ငံအရှေ့ဖျားဒေသတွင် အမ်အိုင်-၈ အမျိုးအစားရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့မှုကြောင့် လူခြောက်ဦး သေဆုံးခဲ့ရသည်။ ၂၀၁၇ ခုနှစ်အတွင်းကလည်း ယင်းနိုင်ငံအရှေ့ဖျားရှိ ခါဖာရိုဗက်ဒေသတွင် လေယာဉ်ငယ်တစ်စင်း မြေပြင်သို့ ဆင်းသက်ရာတွင် ပျက်ကျမှုကြောင့် လူခြောက်ဦးသေဆုံးခဲ့ရသည်။

**အေအက်ဖ်ပီ**

# ချယ်လ်ဆီးအသင်း၏ တိုက်စစ်မှူး မိုရက်တာ ရာသီသစ်တွင် ကျောနံပါတ် ၂၉ ဝတ်ဆင်မည်

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းမှ တိုက်စစ်မှူး မိုရက်တာသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် ကျောနံပါတ် ၂၉ ကို ဝတ်ဆင်ကစားမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး မိုရက်တာအနေဖြင့် ကျောနံပါတ် ၂၉ ကို ဝတ်ဆင်ကစားရန် ဆုံးဖြတ်ခဲ့ခြင်းမှာ မိုရက်တာ၏ အမြွှာပူးသားနှစ်ယောက်ဖြစ်သည့် အဲလက်ဆန်ဒရိုနှင့် လီယိုနာဒိုတို့သည် ဇူလိုင် ၂၉ ရက်တွင် မွေးနေ့ကျရောက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်းလည်းသိရသည်။

"အဲဒီ ဇူလိုင် ၂၉ ရက်နေ့ကို ဘယ်တော့မှ မေ့ထားလို့မရပါဘူး၊ ကျွန်တော့်ရဲ့ အမြွှာပူးသားနှစ်ယောက်ကို ကမ္ဘာလောကထဲကို ခေါ်ယူခဲ့တာဖြစ်လို့ပါ"ဟု တိုက်စစ်မှူး မိုရက်တာက ချယ်လ်ဆီးအသင်း၏ ဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။

တိုက်စစ်မှူး မိုရက်တာသည် ယခင်က ချယ်လ်ဆီးအသင်းတွင် ကျောနံပါတ် ၉ ကို ဝတ်ဆင်ကစားခဲ့သူဖြစ်သည်။ တိုက်စစ်မှူး မိုရက်တာသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ၄၈ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုး ၁၅ ဂိုးသွင်းယူပေးထားနိုင်ခဲ့ကာ ဂိုးဖန်တီးမှုခြောက်ကြိမ်အထိ ရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ချယ်လ်ဆီးအသင်းတွင် ပြီးခဲ့သည့်ဘောလုံးရာသီက ပုံမှန်ခြေစွမ်းပျောက်ဆုံးခဲ့ရခြင်းကြောင့် ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် စပိန်အသင်းက လက်ရွေးစင်အသင်းနှင့်အတူ ရွေးချယ်ခဲ့ခြင်း မရှိခဲ့ပေ။

ချယ်လ်ဆီးအသင်း၏ နည်းပြသစ် ဆာရီကမူ ယခုနှစ်ဘောလုံးရာသီတွင် မိုရက်တာ၊ ဟာဇက်နှင့် ဝီလီယံတို့ကို အားပြုကာ ကစားလိုသောကြောင့် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိလာဖွယ်ရှိကြောင်းလည်းသိရသည်။







# မိုဒရစ်ကို ခေါ်ယူမည်ဆိုပါက ယူရိုသန်း ၇၅၀ ပေးရမည်ဟု အင်တာမီလန်အား ဖလော်ရန်တီနိုပီရက်ဇ် သတိပေး

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ခရိုအေးရှားကွင်းလယ်ကစားသမား လူကာမိုဒရစ်ကို ခေါ်ယူရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ ဥက္ကဋ္ဌဖြစ်သူ ဖလော်ရန်တီနိုပီရက်ဇ်က ကွင်းလယ်ကစားသမား လူကာမိုဒရစ်အား ခေါ်ယူမည်ဆိုပါက ပြောင်းရွှေ့ကြေး ယူရိုသန်း ၇၅၀ ပေးရမည်ဖြစ်ကြောင်း အင်တာမီလန်အသင်းအား သတိပေးခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် ၂၀၁၆ ခုနှစ်အတွင်းက ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုထားခဲ့ပြီး အဆိုပါစာချုပ်အရ လူကာမိုဒရစ်သည် ဘာနေဗျူးတွင် ၂၀၂၀ အထိဆက်ရှိနေမည်ဖြစ်ကြောင်းလည်း သိရသည်။

ခရိုအေးရှားကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် ရီးယဲလ်မက်ဒရစ်အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့သည့်အပြင် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ခရိုအေးရှားအသင်းကို နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား လူကာမိုဒရစ်အား ခေါ်ယူလိုသည့် အသင်းအတော်များများရှိလာခဲ့ပြီး အဆိုပါအသင်းများထဲတွင် အင်တာမီလန်အသင်းသည် တစ်သင်းအပါအဝင်ဖြစ်ခဲ့ကာ အင်တာမီလန်အသင်း၏ စိတ်ဝင်စားမှုနှင့် စပ်လျဉ်းပြီး ရီးယဲလ်မက်ဒရစ်အသင်းက ယူရိုသန်း ၇၅၀ အထိ သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရန် ကော်တိုရစ် နီးစပ်နေပြီဖြစ်

ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်သည် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။ ဂိုးသမား ကော်တိုရစ်သည် လက်ရှိ ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက အဆိုပါဂိုးသမားအား ခေါ်ယူရန်အင်တိုက်အားတိုက်ကြိုးပမ်းလာခဲ့သည်။

ဂိုးသမား ကော်တိုရစ်သည် အက်သလက်တီကိုမက်ဒရစ်အသင်းတွင်လည်း အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ဖူးခြင်းကြောင့် လက်ရှိတွင်လည်း စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားနေခဲ့ခြင်းဖြစ်သည်။




ချယ်လ်ဆီးအသင်းအနေဖြင့် ကော်တိုရစ်အား ရောင်းချရန် ဆန္ဒမရှိခဲ့သော်လည်း ပြောင်းရွှေ့ကြေးကိုမူ ပေါင်သန်း ၄၀ သတ်မှတ်ထားကြောင်းသိရသည်။

ချယ်လ်ဆီးအသင်းက ဂိုးသမား ကော်တိုရစ်အား ရောင်းချရန်မရှိသော်လည်း ကစားသမားကိုယ်တိုင်ကပင် စပိန်မြေသို့ သွားရောက်ကစားရန်ဆန္ဒရှိနေခဲ့ပြီး လာမည့်တစ်ပတ်အတွင်း အပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းမည်ဖြစ်သောကြောင့် ဩဂုတ် ၉ ရက်မတိုင်မီကာလအတွင်း ချယ်လ်ဆီးအသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။

ကော်တိုရစ်သည် ချယ်လ်ဆီးအသင်းနှင့်အတူ ၄၆ ပွဲတွင် ဂိုးပေါက်ခြိမ်းခြောက်မှု ၄၇ ကြိမ်အထိ ကာကွယ်နိုင်ခဲ့သူဖြစ်သည်။

## ဘောလုံးလောက သတင်းတိုများ

- ချယ်လ်ဆီးအသင်းမှ ဘယ်လ်ဂျီယံတိုက်စစ်မှူး ဘတ်ရှုယာယီအား စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။
- **မန်ယူအသင်းနည်းပြ မော်ရင်ဟိုက တိုက်စစ်မှူး မာရှယ်လ်၏နေရာတွင် တိုက်ရိုက်အစားမထိုးနိုင်ပါက အဆိုပါပြင်သစ်ကစားသမား မာရှယ်လ်အား ရောင်းချလိမ့်မည်မဟုတ်ကြောင်း သိရသည်။**
- မန်ယူနောက်တန်းကစားသမား မားကို့စ်ရိုဂျိုအား ခေါ်ယူရန်အတွက် ပီအက်စ်ဂျီအသင်းသည် အဲဗာတန်အသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။
- **ဂိုးသမား ဂျိုးဟက်ဒ်သည် မန်စီးတီးအသင်းမှ ဘန်လေအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် လေးသန်းဖြင့် ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း သိရသည်။**




# ရမ်ဆေးအား လီဗာပူးက ခေါ်ယူလိုဟုဆို

လီဗာပူးအသင်းသည် အာဆင်နယ်အသင်းကွင်းလယ်ကစားသမား အာရွန်ရမ်ဆေးအား စာချုပ်ချုပ်ဆိုခေါ်ယူလိုကြောင်း ပြောကြားခဲ့သည်။ လက်ရှိတွင် ကွင်းလယ်ကစားသမား ရမ်ဆေး၏ စာချုပ်သက်တမ်းမှာ တစ်နှစ်သာကျန်ရှိတော့ကြောင်းလည်း သိရသည်။

လီဗာပူးအသင်းသည် လက်ရှိတွင် ဖာဘင်ဟိုနှင့် နာဘီကီတာတို့ကို ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် ကွင်းလယ်ကစားသမား ရမ်ဆေးမှာ အမ်ဖီးလ်တွင် ပုံမှန်ပွဲထွက်ကစားခွင့်ရရှိရန်မှာ အခက်ကြုံနေခြင်းကြောင့် လီဗာပူးအသင်းသို့ ပြောင်းရွှေ့လိမ့်မည်မဟုတ်ကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ကွင်းလယ်ကစားသမား ရမ်ဆေးမှာ အာဆင်နယ်အသင်း၏ ရာသီအကြိုခြေစမ်းပွဲစဉ်များတွင် ပထမဦးစားပေးကစားသမားစာရင်းတွင် ပါဝင်လာခဲ့ပြီး အာဆင်နယ်အသင်းမှ ထွက်ခွာဖွယ်မရှိသော်လည်း လီဗာပူးအသင်းနှင့်အတူ ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်

# ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှု ၂၅၉ ကြိမ် ဖြစ်ပွား၊ ၅၄ ဦး သေဆုံး၊ ၅၂၇ ဦး ဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၄**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဇန်နဝါရီလမှ ဇူလိုင်လကုန်အထိ ယာဉ်မတော်တဆမှုပေါင်း ၂၅၉ ကြိမ်ဖြစ်ပွားခဲ့ရာ သေဆုံးသူ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၅၄ ဦး၊ ဒဏ်ရာရရှိသူ အမျိုးသား ၂၈၇ ဦး၊ အမျိုးသမီး ၂၄၀ စုစုပေါင်း ၅၂၇ ဦး ရှိကြောင်း၊ ဇူလိုင်လအတွင်း ယာဉ်မတော်တဆမှု ၂၈ ကြိမ် ဖြစ်ပွားခဲ့ပြီး အမျိုးသားလေးဦး သေဆုံးခဲ့ကာ အမျိုးသား၂၅ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အမြန်လမ်းမကြီးပေါ်သို့ တက်ရောက်မောင်းနှင်မည့် ယာဉ်မောင်းသူများအနေဖြင့် မိမိမောင်းနှင်မည့်ယာဉ်အား ကြံ့ခိုင်မှုစစ်ဆေးပြီးမှ မောင်းနှင်ကြရန်၊ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာကြရန် အမြန်လမ်းရဲတပ်ဖွဲ့က သတိပေးထားပြီး ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန် အမြန်လမ်းပေါ်တွင် အနေးယာဉ်များ၊ စက်ဘီး၊ ဆိုင်ကယ်များ တက်ရောက်မောင်းနှင်မှု၊ ကျွဲ၊ နွားများ လမ်းမပေါ် လွှတ်ကျောင်းမှု၊ လမ်းဖြတ်ကူးမှုများနှင့်ပတ်သက်၍ လမ်းတစ်လျှောက်ကျေးရွာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ယာဉ်အန္တရာယ်ဟောပြောပွဲများ ပြုလုပ်ပညာပေးမှုများဆောင်ရွက်ကြပြီး သတ်မှတ်အမြန်နှုန်းထက်ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား အမြန်နှုန်းတိုင်း ကိရိယာများဖြင့် တိုင်းတာဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သန်းဦး(လေးမျက်နှာ)**

# မော်တော်ယာဉ် ၂၈ စီးဖြင့် တရားမဝင်သယ်ဆောင်လာသည့် ဓာတ်မြေဩဇာများ သိမ်းဆည်းရမိ

**ဝိုင်းမော် ဩဂုတ် ၄**
တရုတ်နိုင်ငံမှ မြန်မာနိုင်ငံအတွင်းသို့ ဩဂုတ်၂ ရက် ညနေ ၃ နာရီခွဲက မော်တော်ယာဉ် ၂၈ စီးဖြင့် တရားမဝင်သယ်ဆောင်လာသည့် ဓာတ်မြေဩဇာများကို ဝိုင်းမော်မြို့နယ် ဆဒုံး-ကန်ပိုက်တီသွားကားလမ်း၌ ကချင်ပြည်နယ်အစိုးရအဖွဲ့က သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တရုတ်နိုင်ငံမှ ကချင်ပြည်နယ်အတွင်းသို့ တရားမဝင်ဓာတ်မြေဩဇာများသယ်ဆောင်လာမည့် ကြိုတင်သတင်းအရ ကချင်ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများ ပူးပေါင်းလျက် ဩဂုတ် ၂ ရက်က ဝိုင်းမော်မြို့နယ် ဆဒုံး-ကန်ပိုက်တီသွားကားလမ်းတွင် စောင့်ဆိုင်းနေစဉ် စိုက်ပျိုးရေးသုံးဓာတ်မြေဩဇာများတင်ဆောင်လာသည့် မော်တော်ယာဉ် ၂၈ စီးအား ယာဉ်မောင်း ခုနစ်ဦးနှင့် ယာဉ်ပေါ်ပါတစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါအထောက်အထားမဲ့ ဝင်ရောက်လာသည့် မော်တော်ယာဉ်များမှာ ၂၂ ဘီးတပ် နောက်တွဲပါယာဉ်ငါးစီးနှင့် ၁၂ ဘီးတပ်ယာဉ် ၂၃ စီး ဖြစ်ပြီး ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား ရှစ်ဦးတွင် ခြောက်ဦးမှာ မြန်မာနိုင်ငံအတွင်း ဩဂုတ်၂ ရက်မှ ၆ ရက်အထိ ဝင်၊ ထွက်ခွင့် လက်မှတ်များပါရှိပြီး ကျန်နှစ်ဦးမှာ အထောက်အထားမဲ့ ဝင်ရောက်လာခြင်းဖြစ်ကာ မြို့တွင်းသို့ မော်တော်ယာဉ် ၂၃ စီးသာ ရွှေ့ပြောင်းနိုင်ခဲ့ပြီး ကျန်မော်တော်ယာဉ်ငါးစီးမှာ ရွှေ့ပြောင်းရန် အခက်အခဲများရှိနေသေးကြောင်း သိရသည်။

နယ်စပ်ဖြတ်ကျော်လမ်းကြောင်းမှ ဝင်ရောက်လာသည့် တရားမဝင်ကုန်ပစ္စည်းဖမ်းဆီးမှုများအနက် ယခုဖမ်းဆီးရမိသည့် တရားမဝင်ဓာတ်မြေဩဇာများမှာ အများဆုံးဖြစ်ကြောင်း၊ ဖမ်းဆီးရမိသည့် မော်တော်ယာဉ်များမှ ကျန်ရှိမော်တော်ယာဉ် ငါးစီးအား ဩဂုတ် ၅ ရက်တွင် အများပြည်သူမြင်သာသည့် ဝိုင်းမော်မြို့ ရပ်ကွက် ၁ ရှိ စက်လှေဆိပ်ဟောင်း၌ ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ကာ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ယာဉ်မောင်း ဝမ်ရှင်းချွမ် ၃၄ နှစ် ကူရုံးမြို့နေသူနှင့် ယာဉ်မောင်း ချွမ်းကျူဟုန်း ၄၄ နှစ် သင်ကျန်းခရိုင်နေသူတို့နှစ်ဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးက အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**




**သယ်န်းကျွန်းမြို့နယ် ၂၅ ရပ်ကွက် သံသုမာလမ်း အထက(သုဝဏ္ဏ)ကျောင်းရှေ့၌ ဩဂုတ် ၂ ရက်က ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးယာဉ်ဖြင့် သယ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကိုကိုဦးနှင့် တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူမှောင်ခို၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်စဉ်။** ကိုရဲ

# ရေတာရှည်မြို့၌ ဆိုင်ကယ်နှင့် ကုန်တင်ယာဉ် မျက်နှာချင်းဆိုင်တိုက် ဆိုင်ကယ်မောင်းသူ သေဆုံး

**ရေတာရှည် ဩဂုတ် ၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့မြောက်ဘက်အထွက်တွင် ဩဂုတ် ၃ ရက်ညနေ ၆ နာရီခွဲခန့်က ၂၂ ဘီးကုန်တင်ယာဉ်နှင့် ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိကာ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရေတာရှည်မြို့မြောက်ဘက်အထွက်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ရေတာရှည်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေးကားလမ်းအတိုင်း တောင်မှမြောက်သို့ ခင်မောင်လေး(ခ)ကိုလေး ရေတာရှည်မြို့နေသူမောင်းနှင်သည့် ဆိုင်ကယ်သည် ရှေ့မှသွားနေသည့်ယာဉ်အား အရှိန်ဖြင့်ကျော်တက်ခဲ့ရာ ရှေ့မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ၂၂ ဘီးကုန်တင်ယာဉ်နှင့် မျက်နှာချင်းဆိုင် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူမှာ နေရာတွင်သေဆုံးသွားခဲ့၍ ရေတာရှည်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

# မြန်မာ့ရုပ်မြင်သံကြား

**၅-၈-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ လေ့လာစရာစုံလင် အမိမြန်ပြည် တစ်ခွင် "အံ့ဖွယ်ကြည်ညို ပုဂံဘုရားစုံ" (မြင်းကပါ၊ ဂူပြောက်ကြီး ဘုရား)
- ၈း၄၅ တရုတ်ကာတွန်း "တောပျော်မျောက်ကလေး ကျွမ်ကျွမ့်" (အပိုင်း-၁)
- ၉း၁၅ ဇာတ်လမ်းအတိုအထွာပြုံးစရာ "အထာပေးတဲ့ကောင်မလေး" (ဆလိုင်းလွမ်း၊ ကံမိုးဆန်း၊ အောင်ကျော်ကျော်၊ စိုးသူအောင်၊ နန်းဆုသဥ္စာဇော်) (ဒါရိုက်တာ-ဆလိုင်းမျိုးဝင်းအောင်)
- ၉း၄၀ MRTV Travelogue
- ၁၀း၀၀ Sunday Talk
- ၁၀း၃၀ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၁၁း၀၀ လှပစုံလင်အာဆီယံတစ်ခွင်
- ၁၁း၀၅ ကဗျာရိပ်မြုံ "တေးသံရှင်"
- ၁၁း၃၅ "တိုင်းရင်းဆေးဝါးမှတ်ပုံတင်ခြင်း၊ ဓာတ်ခွဲခြင်းဆိုင်ရာသိကောင်းစရာ အဖြာဖြာ"
- ၁၂း၃၀ This Week's Special Interest
- ၁၂း၄၅ မြန်မာဂန္ထဝင်ရုပ်ရှင် "လိုရာဆန္ဒပြည့်ပါစေ" (အောင်အောင်၊ မေဝင်းမောင်) (ဒါရိုက်တာ - သက်မောင်မောင်)
- ၁၅း၁၅ Malaysia Music Show

**ညပိုင်း**

- ၁၆း၃၅ "ဆန်းသစ်တီထွင် ဆေးဖက်ဝင် ပယင်းအလှရတနာအသွင်"
- ၁၇း၀၅ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက်ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၇၀)
- ၁၇း၂၀ Sunday Talk
- ၁၇း၄၅ Alpine Cup 2018 လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Myanmar U-23 Vs Thailand U- 23)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ In & Out "ချင်းမိုင်၊ ချင်းရိုင် ခရီးစဉ်" (အပိုင်း-၃) (လေးဖြူနှင့် အဖွဲ့)
- " 2018 Asian men's Club Volleyball Championship ပြိုင်ပွဲအစီအစဉ် "
- နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" (အပိုင်း-၉)
- မဟာမေ့ပါလဇာတ် (ပထမပိုင်း)

**- အစီအစဉ်ပြီး၏။**

# ရေပူစစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၄**
မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ဩဂုတ် ၃ ရက်က ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၈၄ စီး၊ သွင်းကုန် ၉၉၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၂ စီး၊ သွင်းကုန် ၈၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ ကုန်စည်များအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၀၁၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၁၇၅ သန်းခန့်) စုစုပေါင်းတားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၁၈၅ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က NISSAN AD Van ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အင်ကြင်းကျောက် ၆၁၅ ကီလိုဂရမ်နှင့် အဆိုပါပစ္စည်း သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၇ ဒသမ ၃၀၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမြို့မြို့အနယ်နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**မံစီ**
မံစီမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂ ရက် ညနေ ၄ နာရီတွင် မံစီမြို့နယ် မန်ရကျေးရွာနှင့် မန်သာကျေးရွာသွား ကားလမ်းတွင် အမျိုးသားတစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန်တားဆီးစဉ် ဆိုင်ကယ်မှာ နောက်ပြန်လှည့်သွားပြီး ဆိုင်ကယ်ပေါ်မှ ပီနံအိတ်တစ်ထုပ် ကျကျန်ခဲ့၍ ဖွင့်ဖောက်စစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၅၅ ခွက်(ဘိန်းဖြူအလေးချိန် ၅၅၀ ဂရမ်)နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း။

**မိုးညှင်း**
ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းတွင် မူးယစ်တပ်ဖွဲ့စု ၃ မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ် မော်ဟန်-နမ့်ချီမော်သွားလမ်း မော်ဟန်သချိုင်းအနီးတွင် ကျော်သူမောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၂ ခွက်(ဘိန်းဖြူအလေးချိန် ၁၂၀ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၄၀ တို့ကို လည်းကောင်း၊ အလားတူ သန့်ဇင်ထွန်း(ခ) ဇေယျာလင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဘိန်းဖြူ ၂ ဒသမ ၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြားတို့ကို လည်းကောင်း၊ ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာအနီး၌ အောင်မိုးမောင်းနှင်ပြီး စန်းငွေးဦးလိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ ကိုလည်းကောင်း။

**ပြည်ကြီးတံခွန်**
ဩဂုတ် ၂ ရက် ည ၈နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၁၈ မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ဗိုလ်ဗထူးလမ်းနှင့် အောင်ဆန်းလမ်းကြား ၅၁ လမ်းနှင့် ၅၂ လမ်းကြား ထားဝယ်ဘုံချောင်း ဘေးနေ မြဝင်း(ခ) မြကြီး၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၁၃ ဒသမ ၈ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၁၅ ပြား၊ မော်တော်ယာဉ်တစ်စီးနှင့် ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း၊ အလားတူ ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် (ဈ)ရပ်ကွက် ၆၆ လမ်းနှင့် ၆၇ လမ်းကြား မဂ္ဂရာလမ်းရှိ မျိုးမင်းအေး(ခ)ဖက်တီးနှင့် အောင်ငွေးတို့၏ နေအိမ်နှစ်အိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၃၀၊ ငွေကျပ် နှစ်သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ပြင်ဦးလွင်**
ဩဂုတ် ၃ ရက် နံနက် ၇ နာရီတွင် မူးယစ်တပ်ဖွဲ့စု ၁၆ ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ပန်းဦးတောင်ကျေးရွာအုပ်စု အုတ်ဖိုကျေးရွာနေ ဝင်းလှိုင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၉၁ ပြား၊ ငွေကျပ် ၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ဩဂုတ် ၄ ရက်က သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာ ဘောလုံးကွင်းလမ်းနေ နိုင်ကြီး(ခ)နိုင်လင်းစိုး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀၊ ဘိန်းဖြူ သုည ဒသမ ၃ ဂရမ်၊ ငွေကျပ် ၂၃၄၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**ကျိုင်းတုံ**
ဩဂုတ် ၃ ရက်က မူးယစ်တပ်ဖွဲ့စု ၂၈ ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် နောင်ရှန်ကျေးရွာအနီး ကားလမ်းမဘေးတွင် ကျစောအား ဆိုင်ကယ်နှင့်အတူ တွေ့ရှိရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၊ ငွေကျပ် ၆၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

**လားရှိုး**
ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာ၏ အနောက်ဘက် တောင်ကုန်းရှိ ပြောင်းခင်းအနီးတွင် အောင်ဦးအား ရှာဖွေရာ ၎င်း၏အင်္ကျီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ ကို လည်းကောင်း၊ အလားတူ အိုက်ပန်း မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ ၎င်း၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀ ကို လည်းကောင်း၊ အလားတူ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာ ရေကန်လမ်းနေ နိုင်ဦး(ခ) ညိုလုံး၏နေအိမ်ကိုရှာဖွေရာ မူးယစ်ဆေးဝါးရောင်းချရာတွင် အသုံးပြုသည့် မော်တော်ယာဉ်ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာနေ ၎င်း၏ ယောက္ခမဖြစ်သူ မခင်အေး၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၅၀ နှင့် ငွေကျပ် ၃၁၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ထမန်မှသည်ထမံသီသို့ – ၃

ညီတူး



**ချင်းတွင်းမြစ်အထက်ပိုင်းက တောဘုရင်များ**

ကျားဟူ၍ သင်သိသော သတ္တဝါသည် အာရှတိုက်၏ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝမှု၏ ပြယုဂ်၊ ကမ္ဘာ့သဘာဝတော အမွေအနှစ်တို့၏ ထူးခြားသော ဝိသေသများဖြင့် ပြည့်စုံသည့် သင်္ကေတဖြစ်သည်ကို သင်တွေ့မြင်နိုင်ပါသည်။

အပေါ်ယံအားဖြင့် ကျားထိန်းသိမ်းရေးဟု ဆိုလိုက်သည်နှင့် သင်မည်သို့ တွေးထင်သွားမည်၊ နားလည်သွားမည်ကို မသိပါ။ သို့ရာတွင် ဤဆောင်းပါးကို သင်အချိန်အနည်းငယ်ပေး၍ ဖတ်မည်ဆိုပါက မြန်မာနိုင်ငံ၏ ကျားထိန်းသိမ်းရေးကို ဆဝါးမိပါလိမ့်မည်။

ကျားများသည် အာရှတိုက်ရှိ နိုင်ငံပေါင်း ၁၃ နိုင်ငံတွင်သာ ရှင်သန်ကျက်စားပြီး လွန်ခဲ့သော ရာစုနှစ်က ကျားကောင်ရေ တစ်သိန်းခန့်ရှိခဲ့ရာ ယနေ့ကာလတွင် သဘာဝတောတောင်များတွင် ကျားကောင်ရေ လေးထောင်အောက်သာ ကျန်ရှိတော့သည်။

ထို့အပြင် ကမ္ဘာပေါ်တွင် ကျားမျိုးစိတ် ကိုးမျိုးရှိခဲ့ရာမှ ယခုအခါ ခြောက်မျိုးသာ ကျန်ရှိတော့ရာ ကျန်သုံးမျိုးမှာ ပျောက်ကွယ်သွားပါပြီ။ ထိုခြောက်မျိုးထဲမှ နှစ်မျိုးမှာ မြန်မာနိုင်ငံတွင် ကျက်စားသည်ကို နိုင်ငံအဆင့် ကျားလေ့လာစာရင်းကောက်စီမံကိန်းဖြင့် သုတေသနပြုနိုင်ခဲ့သည်။

နိုင်ငံအဆင့် ကျားလေ့လာစာရင်းကောက်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိ တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့်နေရာ ၁၇ ခုတွင် သုတေသနပြုမှတ်တမ်းတင်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းများဖြင့် ကျားကောင်ရေနှင့် ပျံ့နှံ့ကျက်စားမှုကို မြန်မာနိုင်ငံ၏ သုံးနေရာတွင် အတည်ပြုနိုင်ခဲ့သည်။

ယင်းမှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသ အထက်ချင်းတွင်းမြစ်ဝှမ်းရှိ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် နိုင်ငံ၏ တောင်ပိုင်းဒေသ တနင်္သာရီ-ဒေါနတောင်တန်းတို့တွင် ကျားမျိုးစိတ် နှစ်မျိုးဖြစ်သည့် ဘင်္ဂလားကျား (Panthera tigris tigris) နှင့် အင်ဒိုချိုင်းနားကျား (Panthera tigris corbetti)တို့ကျက်စားနေခြင်းပင်။ သို့ရာတွင် တိတိကျကျပြောနိုင်ရန် မျိုးရိုးဗီဇဆိုင်ရာ သုတေသနပြုလုပ်ရန် လိုအပ်နေသေးသည်။

သို့အနက် အထက်ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ကျက်စားနေသည့် ဘင်္ဂလားကျားကို IUCN နှင့် KFW တို့၏ ကူညီထောက်ပံ့မှုဖြင့် သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)တို့ ပူးပေါင်း၍ ထိန်းသိမ်းခြင်းနှင့် သုတေသနပြုလုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ အထက်ချင်းတွင်းမြစ်ဝှမ်းတွင် ကျားမျိုးစိတ်ရှိနေခြင်းက ကမ္ဘာအတွက်ရော၊ မြန်မာအတွက်ရော အရေးပါသည့် ဇီဝမျိုးစုံမျိုးကွဲများ ကျက်စားရာ ပြယုဂ်ဖြစ်ကြောင်း ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးသန်းလင်းက ပြောသည်။

"ကျားထိန်းသိမ်းရေးမှာ အဓိကလုပ်တာက ကင်းလှည့်ထိန်းသိမ်းရေးပါပဲ။ ကင်းလှည့်ထိန်းသိမ်းရေးကနေမှ ကျားတွေ ဘယ်နေရာမှာ ပျံ့နှံ့ကျက်စားတယ်ဆိုတာကို WCS နဲ့ ပေါင်းပြီး ကင်မရာတွေ ထောင်ပြီးတော့ သုတေသနတွေ ပြုလုပ်ပါတယ်"ဟု သူက ဆိုသည်။

ကျားထိန်းသိမ်းရေးဟုဆိုလျှင် အပေါ်ယံအားဖြင့် ကျားတစ်မျိုးတည်းသာ ထိန်းသိမ်းနေသည်ဟု ထင်စရာရှိကြောင်း၊ အမှန်တွင်ကျားထိန်းသိမ်းရေးဆောင်ရွက်သည်နှင့် တစ်ပြိုင်နက် အခြားကြောင်မျိုးစိတ်များ အပါအဝင် ယင်းတို့၏ အစားခံသတ္တဝါများ နေထိုင်ကျက်စားရာဒေသ၏ သဘာဝတော၊ တောင်များကို ကာကွယ်ရာရောက်သည့်အတွက်ကြောင့် ယင်း၏ နောက်ဆက်တွဲအနေဖြင့် လူသားများအတွက် လွန်စွာအကျိုးရှိလှကြောင်း ထိန်းသိမ်းရေးသမားများက ပြောသည်။

အထက်ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ကျားနှင့် ယင်းအစားခံသတ္တဝါများ သုတေသနလုပ်ငန်းတွင် နှစ်စဉ် Sample Plot (သုတေသနပြုလုပ်ရန် ကိုယ်စားပြု ဧရိယာအစိတ်အပိုင်း)များခွဲ၍ ကင်မရာထောင်ချောက် အလုံး ၁၀၀ ဖြင့် ၂၂၅ နေရာတွင် သုတေသနပြုလုပ်နေသည်မှာ သုံးနှစ်ကျော်ရှိလာပြီဖြစ်သည်။ ကင်မရာထောင်လျှင် ကင်မရာနှစ်လုံးဖြင့် စုံထောင်သည်ဟုလည်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ဦးကျော်မိုးက ရှင်းပြသည်။

"ကျားထိန်းသိမ်းရေးဆိုတာ ကင်မရာထောင်ချောက်တွေနဲ့ စောင့်ကြည့်တဲ့ လုပ်ငန်းပါ။ ကျွန်တော်တို့က လူအင်အားနည်းနည်းနဲ့ လုပ်လို့မရဘူး။ အဖွဲ့တစ်ဖွဲ့ကို ၁၅ ယောက်ကနေ ၂၀ လောက်အထိ လုပ်ရတဲ့အခါမှာ သူတို့ဆီက ဝန်ထမ်းဦးရေရရှိမှု အလွန်နည်းပါတယ်။ အဲဒီအချိန်မှာ ဘေးမဲ့တောဝန်ထမ်းတွေရယ်၊ WCS ဝန်ထမ်းတွေရယ်၊ သုတေသနပြုလုပ်ရေးကို စိတ်ဝင်စားတဲ့ ဒေသခံဝန်ထမ်းတွေရယ်ပေါင်းပြီး လုပ်ရပါတယ်"ဟု သူက ဆိုသည်။

သုံးနှစ်တာ သုတေသနပြုရလဒ်များအရ အထက်ချင်းတွင်းမြစ်ဝှမ်းဒေသတွင် ကျားတွေ့ရှိရမှု အခြေအနေမှာ အတော်ကောင်းမွန်ပြီး ကင်းလှည့်ရာတွင်လည်း ကျားခြေရာများ တွေ့ရှိရသလို ကင်မရာထောင်ချောက်များမှလည်း မှတ်တမ်းများရရှိထားကြောင်း၊ လက်ရှိအခြေအနေအရ မြန်မာ့ကျားထိန်းသိမ်းရေး အောင်မြင်ရန် မျှော်လင့်ချက်များစွာရှိနေကြောင်း ကျားထိန်းသိမ်းရေးသမားများက ပြောသည်။

မြန်မာနိုင်ငံသားတို့အတွက် မင်္ဂလာသတင်းတစ်ခုမှာ နိုင်ငံ၏ မြောက်ပိုင်းနှင့်တောင်ပိုင်းတွင် ကျားကလေးများ ပြန်လည်မွေးဖွားလာနေခြင်းဟု သူတို့က သတင်းကောင်းပါးသည်။

သုတေသနပြုလုပ်ခြင်းနှင့် ကင်းလှည့်ခြင်းများက ရရှိလာသော မှတ်တမ်းများ၊ ခြေရာများမှတစ်ဆင့် ကျားများ မည်သည့်နေရာတွင် အများဆုံးကျက်စားသည်၊ မည်သည့်နေရာသို့ သွားတတ်သည်၊ လအလိုက်၊ ရာသီအလိုက် မည်သည့်နေရာများတွင် ပြောင်းလဲကျက်စားသည်တို့ကို ခွဲခြားစိတ်ဖြာပြီး အဓိကနေရာများကို ကုန်းကြောင်း၊ ရေကြောင်းများဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်သည်ဟု ဦးသန်းလင်းက ရှင်းပြသည်။

"ဒီအရပ်မှာ အရင်တုန်းက ကျားပစ်တဲ့အဖွဲ့တွေရှိတယ်။ ဒီတော့ ကျားရှိတဲ့နေရာတွေကို ဝန်ထမ်းတွေက အဆက်မပြတ် သတင်းအချက်အလက်တွေ ယူပြီးတော့မှ ကုန်းကြောင်း၊ ရေကြောင်း ကင်းလှည့်ထိန်းသိမ်းပါတယ်။ အဲဒီနည်းနဲ့ပဲ ကျားအပြင် အခြားသတ္တဝါတွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်တာပါ"ဟု သူက ဆက်ပြောသည်။

ဤဒေသရှိ ကျားအပါအဝင် သားငှက်များသည် အဓိကအားဖြင့် မုဆိုးများ၏ အလွန်အကျွံ ဖမ်းဆီး၊ သတ်ဖြတ်ခြင်းဒဏ်ကို တစ်ချိန်က အတော်ခံခဲ့ရကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာရှိ ဒေသခံရှမ်းမုဆိုးများက ကျား၊ ဆင်များကို သတ်ဖြတ်မှု အတော်နည်းပါးကြောင်း၊ အဓိကအားဖြင့် ကျား၊ ဆင် တို့လို အကောင်ကြီးများကို လီဆူမုဆိုးများက အများဆုံး အမဲလိုက်ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ မှတ်တမ်းအရ အမဲလိုက်ခြင်းက အဓိကခြိမ်းခြောက်မှုဖြစ်ပြီး ကျားများ၏ အစားခံများ (ဆတ်၊ တောဝက်၊ ပြောင်၊ ချေနဲ့ အခြားသားကောင်များ) အသတ်ခံရခြင်းကလည်း ကျားများအတွက် ခြိမ်းခြောက်မှုဖြစ်ကြောင်း ကျားထိန်းသိမ်းရေးသမားများက ပြောသည်။

ကျားထိန်းသိမ်းရေးတွင် အခြားသော ခြိမ်းခြောက်မှုအချို့လည်း ရှိပါသေးသည်။ အိမ်နီးချင်းနိုင်ငံများ၏ ဈေးကွက်လိုအပ်ချက်အရ ကျားများကို ပစ်မှတ်ထား၍ အမဲလိုက်ခြင်း၊ တရားမဝင် သစ်ထုတ်ခြင်း၊ အသေးစားသစ်တောထွက်ပစ္စည်းများ ထုတ်ယူခြင်း၊ ဘေးမဲ့တောအတွင်း ဖြတ်သန်းသွားလာခြင်းနှင့် တောရိုင်းတိရစ္ဆာန်များ ကုန်သွယ်ခြင်းတို့ ဖြစ်ပါသည်။ ကင်မရာထောင်ချောက်များကို ဖျက်ဆီးခြင်း၊ ခိုးယူခြင်းများလည်း ရှိသည်။

"တင်စားပြောရရင် ကျားမရှိတဲ့ သစ်တောဟာ ဧကရာဇ်မရှိတဲ့ နိုင်ငံလိုပဲ။ ကျားနဲ့ အခြားတောရိုင်းတိရစ္ဆာန်တွေ နေထိုင်ရာ ဘေးမဲ့တောတွေ၊ အမျိုးသားဥယျာဉ်တွေဟာ မြန်မာ့သဘာဝပတ်ဝန်းကျင်အတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ့် နောက်ဆုံးခံတပ်တွေပါ"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)မှ ကျားသုတေသနဖြစ်သူ ဦးလှနိုင်က ပြောသည်။

ကျားထိန်းသိမ်းရေးသမားများက မြန်မာနိုင်ငံ၏ တောတောင်များတွင် ကျားရှိခြင်းက နိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝမှုကို ညွှန်းဆိုသည့်ပြယုဂ်ဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အားလုံးမှာ တာဝန်ရှိကြောင်း ဆော်ဩကြသည်။

သင်ရော ကျားထိန်းသိမ်းရေးအတွက် မည်သည့်ဘက်က မည်ကဲ့သို့ကူညီနိုင်မည်ဟု ထင်ပါသနည်း။ ။

## သထုံမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့်ပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ အချိန်မီရောက်ရှိစေရေး ဆောင်ရွက်



**သထုံ ဩဂုတ် ၄**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများထံသို့ စားနပ်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ စနစ်တကျအချိန်မီရောက်ရှိစေရေးအတွက် ဩဂုတ် ၃ ရက်က ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးကြီးကြပ်ကွပ်ကဲမှုရုံး၌ အလှူရှင်များ လာရောက်လှူဒါန်းကြသော ပစ္စည်းများကို စနစ်တကျလက်ခံ၍ ရေဘေးသင့်ပြည်သူများထံ အချိန်မီရောက်ရှိစေရေး ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ သထုံမြို့နယ် ဈေးမသွယ်ကျေးရွာ ရေဘေးကယ်ဆယ်ရေး ရှေ့တန်းကွပ်ကဲရေးစခန်းလေ့ဆိပ်တွင် ရေဘေးသင့်ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ အချိန်မီရောက်ရှိစေရေးနှင့် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ရန်မျိုးအောင်ရပ်ကွက် အမှတ် ၄ နှင့် အမှတ် ၅ တို့တွင် ရေဝင်ရောက်လျက်ရှိသည့် နေအိမ်များမှ မိသားစုဝင်များအား ခေတ္တယာယီကယ်ဆယ်ရေးစခန်း အခြေခံပညာမူလတန်းကျောင်းသို့ ကူညီပြောင်းရွှေ့မှုများကို ကျိုက်မရောမြို့နယ် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ


ကျားဝါလေးလေး
မိသားစု ကာတွန်းများ










ချစ်ချစ်



# စစ်တိုက်ခြင်းအနုပညာ မည်သူသာပေလိမ့်

ကိုရင်ဩ

၂၀၁၉ ခုနှစ် အမျိုးသားကာကွယ်ရေး ခွင့်ပြုချက် ဥပဒေကို အမေရိကန်အထက်လွှတ်တော် (ဆီးနိတ်) က ဩဂုတ် ၁ ရက်တွင် အတည်ပြုပေးခဲ့ရာတွင် လာမည့်နှစ်အတွက် ကာကွယ်ရေးဘတ်ဂျက်မှာ စုစုပေါင်း ဒေါ်လာ ၄၁၆ ဘီလီယံရှိကြောင်း၊ ယင်းမှာ တရုတ်နိုင်ငံ၏ ခြိမ်းခြောက်မှုကို ဟန့်တားနိုင်ရေးအတွက် ပိုမိုအင်အားခိုင်မာတောင့်တင်းသော တပ်မတော်အဖြစ် ရပ်တည်နိုင်ရေး သမ္မတဒေါ်နယ်ထရန့်၏ တိုက်တွန်းချက်ကို ဆီးနိတ်က ထောက်ခံရာရောက်ကြောင်း ကျွန်ုပ်လေ့လာသိရှိရ၏။

တောင်တရုတ် ပင်လယ်ပြင်အတွင်း တရုတ်နိုင်ငံက စစ်ရေးအရ အသင့်ပြင်ဆင်ထားခြင်းဟုဆိုသော အနေအထားကို အမေရိကန်ကွန်ဂရက်ရှိ ပါတီကြီးနှစ်ပါတီမှ အမတ်များက လက်ခံခြင်းမရှိကြပေ။

## လျှော့ချရမည်

ထိုစဉ်အတွင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ထိပ်တန်းတပ်မှူးကြီးတစ်ဦးက တင်သွင်းသော စစ်ရေးအစီအစဉ်အရ အာဖရိကတိုက်ရှိ အမေရိကန်တပ်ဖွဲ့ဝင်ရာပေါင်းများစွာကို ပြန်လည်တာဝန်ပေးအပ်ရန် လိုအပ်လာပြီး အာဖရိကတိုက်၌ လုပ်ဆောင်နေသော အထူးစစ်ဆင်ရေးလုပ်ငန်းများ၏ အရေအတွက်ကို လျှော့ချရန်လိုအပ်လာမည်ဖြစ်ကြောင်း စစ်ရေးလေ့လာသူများက ပြောကြားကြသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့၏ ခြိမ်းခြောက်မှုများအပေါ် ပိုမိုအာရုံစိုက်လာနိုင်စေရန် အာဖရိကတိုက်၌ အမေရိကန်၏ စစ်ရေးတည်ရှိမှုကို လျှော့ချလာဖွယ်ရှိကြောင်း နိုင်ငံတကာစစ်ရေးလေ့လာသူများက ပြောကြားကြသည်။

အာဖရိကတိုက် အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့သည် အမေရိကန်၏ စစ်ရေးတည်ရှိမှု လျှော့ချရေး အစီအစဉ်များတွင် အဓိကသက်ဆိုင်နေကြောင်း အမေရိကန်ကာကွယ်ရေးဌာနတာဝန်ရှိသူများက အတည်ပြုပြောကြားကြသည်။

အာဖရိကတိုက်တွင် အမေရိကန်၏ အထူးစစ်ဆင်ရေးလုပ်ငန်းများမှာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဖြစ်သည်။ အစ္စလာမ္မစ်အစွန်းရောက် စစ်သွေးကြွအုပ်စုများအား ချေမှုန်း တိုက်ထုတ်နိုင်ရေးအတွက် အာဖရိကနိုင်ငံများရှိ တပ်မတော်များကို အမေရိကန်တပ်ဖွဲ့ဝင်များက စစ်ရေးလေ့ကျင့်ပေးမှုများ ပြုလုပ်ခဲ့သည်။

အာဖရိက၌ ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့များ ပြန်လည်လျှော့ချရေး အစီအစဉ်ကို ရေးဆွဲသူမှာ ဗိုလ်ချုပ်ကြီး သောမတ်စ်ဒီဝေါဟောဇာ ဖြစ်သည်။ အာဖရိကတိုက်ရှိ နိုင်ဂျာနိုင်ငံ၌ လွန်ခဲ့သည့်နှစ် နှောင်းပိုင်းက ချုံခိုတိုက်ခိုက်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ရပြီး ပြီးခဲ့သည့်ဇွန်လတွင် ဆိုမာလီနိုင်ငံ အနောက်တောင်ပိုင်း၌ တိုက်ခိုက်မှုတစ်ရပ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည့်ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီးနောက် အဆိုပါအစီအစဉ် ပေါ်ထွက်လာသည်။

မိမိတို့သည် အာဖရိကတိုက်မှ တပ်ဆုတ်ရခြင်းမဟုတ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်လာသော ခြိမ်းခြောက်မှုသစ်များအား ရင်ဆိုင်နိုင်ရေးအတွက် မိမိတို့အနေဖြင့် တပ်ဖွဲ့အခင်းအကျင်းကို ပြန်လည်ပြင်ဆင်ရခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဝေါဟောဇာက အမေရိကန် နယူးယောက်တိုင်းသတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အမေရိကန်အကျိုးစီးပွားများ အလို့ငှာ မိမိတို့၏ အစီအစဉ်အရ တပ်အခင်းအကျင်း ပြင်ဆင်ပြောင်းလဲနိုင်ခွင့်ရှိရမည်သာဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဝေါဟောဇာက ဂျာမနီနိုင်ငံရှိ ၎င်း၏စစ်ဌာနချုပ်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က ပြောကြားခဲ့သည်။

## သစ္စာစောင့်သိ

အာဖရိကတိုက်သည် အစ္စလာမ္မစ်အစွန်းရောက် စစ်သွေးကြွအုပ်စုများ ခေါင်းထောင်နေသော ဒေသဖြစ်ပြီး အစွန်းရောက်များ၏ ဘေးအန္တရာယ်မှာ တစ်စတစ်စ ပိုမိုကြီးထွားလာခဲ့သည်။ အာဖရိကတိုက်ရှိ ဘိုကိုဟာရမ်အဖွဲ့နှင့် အခြားသော စစ်သွေးကြွအုပ်စုများသည် အယ်လ်ခိုင်ဒါအဖွဲ့ကို သစ္စာစောင့်သိကြသည်။

အထက်ဖော်ပြပါ ဘိုကိုဟာရမ်ကဲ့သို့ အဖွဲ့ကြီးများသည် အမေရိကန်ပြည်ထောင်စုကို အာဖရိကတိုက်မှ နေ၍ တိုက်ရိုက်တိုက်ခိုက်နိုင်စွမ်းမရှိကြပေ။ သို့ရာတွင် အာဖရိကတိုက်ရှိ အမေရိကန်အကျိုးစီးပွားများ ထိခိုက်မှု မရှိစေရေးအတွက် ကြိုတင်ဟန့်တားသည့်အနေဖြင့် အမေရိကန်က စစ်ရေးလေ့ကျင့်မှုအကူအညီများပေးခဲ့သည်။

ပြောင်းလဲလာသော ဘူမိနိုင်ငံရေး အခြေအနေများအရ ယခုအချိန်တွင် အမေရိကန်ပြည်ထောင်စု အနေဖြင့် ရုရှားနှင့် တရုတ်နိုင်ငံတို့ဘက်သို့ ဦးလှည့်ကာ ပိုမိုအာရုံစိုက်ရန်လိုအပ်လာသည်ဆိုသော အချက်ကို မိမိအနေဖြင့် မူအားဖြင့် ထောက်ခံကြောင်း တစ်ချိန်တစ်ခါက အာဖရိကတိုက်ဆိုင်ရာ အမေရိကန်စစ်ဌာနချုပ်ကို ဦးဆောင်ခဲ့သူ အငြိမ်းစားကြည်းတပ်ဗိုလ်ချုပ်ကြီး ကာတာအက်ဖ်ဟမ်းက ပြောကြားသည်။

## မဟာဗျူဟာအစီအစဉ်သစ်

သို့ရာတွင် အာဖရိက၌ အမေရိကန်၏ စစ်ရေးတည်ရှိမှုမှာ ပြောပလောက်ခြင်းမရှိကြောင်း ဗိုလ်ချုပ်ကြီး ကာတာက ဆက်လက်ပြောကြားသည်။

အမေရိကန်၏ ကာကွယ်ရေး မဟာဗျူဟာ အစီအစဉ်သစ်အရ အာဖရိကတိုက်ရှိ အမေရိကန်တပ်ဖွဲ့ အင်အားကိုလျှော့ချသည့်နည်းတူ ကမ္ဘာ့အခြားဒေသများရှိ အမေရိကန် တိုက်ခိုက်ရေးတပ်ဖွဲ့များကိုလည်း လျှော့ချရဖွယ်ရှိကြောင်း ဗိုလ်ချုပ်ကြီး ကာတာက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုသည် ယနေ့ကာလတွင် ရုရှား၊ တရုတ်၊ အီရန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့၏ စစ်ရေးခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်စေရန် ပြင်ဆင်မှုများ ပြုလုပ်လာပုံကို ထင်ဟပ်လျက်ရှိသည်။ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းကို ဦးထိပ်ပန်ဆင်ခဲ့ရာမှ နိုင်ငံအလိုက် ခြိမ်းခြောက်မှုများ ပြုလုပ်လာခြင်းကို ရင်ဆိုင်နိုင်ရန် ပြင်ဆင်ခြင်းမှာ အမေရိကန်၏ စစ်ရေးမဟာဗျူဟာသစ်ဖြစ်သည်။

အမေရိကန်အမျိုးသားလုံခြုံရေး၏ ဗဟိုချက်မှာ ယခုအခါ အကြမ်းဖက်မှု တိုက်ဖျက်ရေးမဟုတ်တော့ဘဲ နိုင်ငံအချင်းချင်း ရင်ဆိုင်ယှဉ်ပြိုင်လာရေးဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး မက်တစ်က ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပြောကြားခဲ့သည်။

## ရုပ်သိမ်းမှု စတင်မည်

အာဖရိကတိုက်ရှိ ကင်မရွန်းကဲ့သို့သော နေရာဒေသမျိုးရှိနိုင်ငံများမှ အစပြု၍ တပ်ဖွဲ့ ရုပ်သိမ်းမှုစတင်မည်ဆို၏။ ကင်မရွန်းနိုင်ငံသည် အမေရိကန် အထူးစစ်ဆင်ရေးလုပ်ငန်း တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်သင်ကြားပေးမှုများကို အဓိကရရှိခဲ့သော နိုင်ငံဖြစ်သည်။ ကင်မရွန်းတပ်မတော်ကို အမေရိကန်က စစ်ရေးလေ့ကျင့်ပေးသည့် လုပ်ငန်းမှာလည်း ကြီးစွာအောင်မြင်မှုရရှိခဲ့သည်ဟု အမေရိကန် စစ်ရေးစီမံကိန်း ရေးဆွဲရေးမှူးများက ပြောကြားခဲ့ကြသည်။

ကင်မရွန်း လုံခြုံရေးတပ်ဖွဲ့များသည် အမေရိကန်၏ စစ်ရေးလေ့ကျင့်မှုများကို ရယူခဲ့ကြပြီးနောက် ယခုအခါ အမေရိကန်တပ်ဖွဲ့များ အတူလိုက်ပါစရာ မလိုဘဲ ၎င်းတို့ဘာသာ ၎င်းတို့ စစ်ဆင်ရေးလုပ်ငန်းများကို ဆင်နွှဲနိုင်ပြီဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဝေါဟောဇာက ဆိုသည်။

သို့ရာတွင် နိုင်ဂျာနိုင်ငံ၌ အမေရိကန်စစ်သားများခံလိုက်ရသော ဖြစ်ရပ်က အားလုံးအတွက် မမေ့နိုင်စရာ ဖြစ်ရသည်။ ယင်းနိုင်ငံတွင် ပြီးခဲ့သည့် အောက်တိုဘာလက အမေရိကန်တပ်ဖွဲ့ဝင် လေးဦး၊ ၎င်းတို့၏စကားပြန် တစ်ဦးနှင့် နိုင်ဂျာတပ်ဖွဲ့ဝင် လေးဦးတို့သည် မော်တော်ယာဉ်တန်းဖြင့် ခရီးသွားလာစဉ် မာလီနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသအနီးတွင် တိုက်ခိုက်ခံခဲ့ရသဖြင့် ၎င်းတို့ သေဆုံးခဲ့ကြရသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ပင်တဂွန်စစ်ဌာနချုပ်က စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ရာ စစ်အရာရှိ အကြီးအကဲအဆင့်ဆင့် ကြီးကြပ်အုပ်ချုပ်မှု ညံ့ဖျင်းခြင်းကြောင့် ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်ဟု သုံးသပ် တင်ပြခဲ့သည်။

## အဓိပ္ပာယ်မဆောင်

အာဖရိကတိုက်တွင် ဘာသာရေး အစွန်းရောက်များ၏ ခြိမ်းခြောက်မှုများမြင့်တက်လာသည်ဆိုသည့်တိုင် စစ်သွေးကြွတိုင်းကို နောက်ယောင်ခံဖော်ထုတ်ကာ ၎င်းကို အမေရိကန် အထူးတပ်ဖွဲ့က ချေမှုန်းသုတ်သင်ရမည်ဆိုသော အဓိပ္ပာယ်ကို ဖော်ကျူးခြင်း မရှိကြောင်း မြို့တော်ဝါရှင်တန်ရှိ အတ္တလန္တိတ်ကောင်စီမှ အာဖရိကရေးရာ ကျွမ်းကျင်သူ ပီတာဖမ်းက သုံးသပ်သည်။

အမေရိကန်သည် နိုင်ငံတကာလုံခြုံရေးနယ်ပယ်တွင် စစ်ရေးအင်အားကြီးထွားလာသော တရုတ်နိုင်ငံနှင့် တစ်ပွဲတစ်လမ်း အကဲစမ်းလာရသည့် ဖြစ်ရပ်များနှင့်ရင်ဆိုင်ကြုံတွေ့လာရသည်ဟု ပီတာဖမ်းက ဆိုသည်။

အာဖရိကတိုက်တွင် အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ အကဲစမ်းမှုဖြစ်စဉ်တစ်ရပ် မေလအတွင်းက ဂျီဘူတီနိုင်ငံ၌ ပေါ်ပေါက်ခဲ့သည်။ ဂျီဘူတီနိုင်ငံ၌ အဆိုပါနှစ်နိုင်ငံစလုံးက စစ်အခြေစိုက်စခန်းများကို ဖွင့်လှစ်ထားရှိကြသည်။ ဂျီဘူတီနိုင်ငံအနီး အမေရိကန်စစ်လေယာဉ်တစ်စင်းကို တရုတ်တို့က လေဆာရောင်ခြည်ဖြင့် ထိုးခဲ့ရာမှ နှစ်နိုင်ငံတင်းမာမှုများဖြစ်ပွားခဲ့ရသည်။

## ဖြန့်ကြက်ထား

ကမ္ဘာတစ်ဝန်း၌ အမေရိကန် အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင် ၇၃၀၀ ကျော်ရှိပြီး ၎င်းတို့အနက်အများအပြားမှာ ယီမင်၊ လစ်ဗျား၊ ဆိုမာလီနှင့် အခြား ဆီပူအိုးဒေသများ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိကြသည်။ အထူးစစ်ဆင်ရေး လုပ်ငန်းတပ်ဖွဲ့ဝင်များအနက် ၁၂၀၀ ခန့်မှာ အာဖရိကတိုက်တွင် ဖြန့်ကြက်ထားခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်း စစ်ရေးဖြန့်ကြက်မှုအခင်းအကျင်းပြင်ဆင် ပြောင်းလဲရေး အစီအစဉ်အရ ယင်းတပ်ဖွဲ့များကို အင်အားပြန်လည်လျှော့ချရန် စီစဉ်လျက်ရှိသည်။

ပစ္စုပ္ပန်နိုင်ငံတကာ ဘူမိ-နိုင်ငံရေး အခြေအနေများအရ ကမ္ဘာ့နိုင်ငံကြီးများအကြား စစ်ယှဉ်ကစားကြမည့် ပုံအသွင် ပြသလာကြသည့်တိုင်အောင် "အမြင့်ဆုံး စစ်ပညာဟူသည် တိုက်ခိုက်ရခြင်းမရှိဘဲ ရန်သူအပေါ် အနိုင်ယူခြင်းသာဖြစ်သည်" ဆိုသော တရုတ်လူမျိုး စစ်ဗိုလ်ချုပ်ကြီးလည်းဖြစ်၊ စစ်ရေး မဟာဗျူဟာမှူးကြီးလည်းဖြစ်၊ ဒဿနပညာရှင်ကြီးလည်းဖြစ်၊ အနောက်တိုင်းနှင့် အရှေ့တိုင်း ဒဿနပညာအပေါ် လွှမ်းမိုးခဲ့သော 'စစ်တိုက်ခြင်း အနုပညာ' ကျမ်းပြုခဲ့သူလည်းဖြစ်သူ ဆွန်ဇူး (ဘီစီ ၅၄၄ - ဘီစီ ၄၉၆) ၏ အဆိုအမိန့်ကို ကြားယောင်မိရင်း "စစ်တိုက်ခြင်း အနုပညာ မည်သူသာပေလိမ့်" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။

Ref:
US prepares to reduce troops, shed missions in Africa to focus on China threat, NYTIMES



# လေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်နိုင်ရေး ထောက်ပံ့ပစ္စည်းများပေးအပ်

**သနပ်ပင် ဩဂုတ် ၄**
သနပ်ပင်မြို့နယ်အတွင်း လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လဲပြိုနှင့် အမိုးလန်သွားသော နေအိမ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီခွဲက သနပ်ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌဦးကြည်ဇင်က နှစ်သိမ့်အားပေးစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးဦးသိန်းဌေးအောင်က ပြန်လည်ထူထောင်နိုင်ရေးအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သော ငွေနှင့်ပစ္စည်းများအား တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လဲပြိုသွားသောနေအိမ် ၁၅၀၊ အိမ်ထောင်စု ၁၅၀ အတွက် ငွေကျပ်သိန်း ၁၅၀ ကိုလည်းကောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက အမိုးလန်သွားသော နေအိမ် ၃၁၃ လုံးအတွက် ငွေကျပ် ၉၃၉၀၀၀၀ ကိုလည်းကောင်း၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်းက နေအိမ်လဲပြိုသွားသော အိမ်ထောင်စု ၁၅၀၊ လူဦးရေ ၇၄၉ ဦးအတွက် ဆန်ဖိုးငွေကျပ် ၁၅၇၂၉၀၀ ကိုလည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက ဒဏ်ရာရရှိသူ ခြောက်ဦးအတွက် ငွေကျပ် ၃၀၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဦးသိန်းဌေးအောင်တို့က နေအိမ်လဲပြိုသွားသောအိမ်ထောင်စု ၁၅၀ အတွက် ထောက်ပံ့ပစ္စည်း ၁၆ မျိုးပါပုံး ၁၅၀ တို့ကိုလည်းကောင်း အသီးသီးထောက်ပံ့ပေးကြပြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သနပ်ပင်မြို့နယ်အတွင်းရှိ ကျီးပင်စု၊ ခရမ်း၊ ရွှေလှေစု၊ ကျီးပင်၊ လွမ်းပြေ၊ လှာပကစ်၊ ကျွန်းကြီး၊ ခရမ်းညောင်ပင်၊ ဖရဲ၊ စွန်ပိ၊ သနတ္တန်း၊ ကုက္ကို၊ အပိုင်၊ ရွာဟောင်း၊ အောက်တကဲစသည့်ကျေးရွာ ၁၅ ရွာတွင် ဇူလိုင် ၂၆ ရက် ည ၁၀ နာရီခန့်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လဲပြိုနေအိမ် ၁၅၀၊ အမိုးလန်နေအိမ် ၃၁၃ လုံးရှိပြီး အိမ်ထောင်စု ၁၅၀ ရှိ လူဦးရေ ၇၄၉ ဦး လေဘေးဒဏ်ခံခဲ့ရသည့်အပြင် ထိခိုက်ဒဏ်ရာရရှိသူ ခြောက်ဦးရှိကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ဘားအံမြို့ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ ဩဂုတ် ၄**
ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဘားအံမြို့ အထက (ခွဲ) (၃)၊ အထက (၄) နှင့် အမက (၁၁) တို့တွင် ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ဩဂုတ် ၃ ရက် မွန်းလွဲ ၂ နာရီခန့်က သွားရောက်ပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ကလေးသူငယ်များအား အာဟာရရှိစေသော အစားအသောက်များ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့ အထက (ခွဲ) (၃) ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၀၂ စုနှင့် အထက(၄)ရေဘေးကယ်ဆယ်ရေးစခန်းရှိအိမ်ထောင်စု ၁၂၂ စုအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် UNICEF တို့က ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းငါးမျိုးပါ Hygiene Kit နှင့် ရေပုံးတို့ကိုသွားရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီး ကလေးသူငယ်များအတွက် ပဲနို့၊ ကြက်ဥနှင့် မုန့်များ တိုက်ကျွေးခဲ့ကြသည်။



အလားတူ အမက (၁၁) ကျောင်း ရေဘေးစခန်းရှိ မိသားစုဝင်များအား အစားအသောက်များ ပေးဝေပြီး ကလေးငယ်များအား ပဲနို့နှင့် မုန့်များ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဘားအံမြို့ပေါ်ရှိ ရေဘေးစခန်းများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ လိုအပ်သည်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မွန်နှင့်ကရင်ပြည်နယ်တို့တွင် ရေဘေးသင့်ပြည်သူများအား ကူညီလှူဒါန်း

**ရန်ကုန် ဩဂုတ် ၄**
မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရေဘေးကျရောက်ခဲ့သည့် ပြည်သူများအတွက် ဇူလိုင် ၂၈ ရက်မှ စတင်ကာ Mytel က မရှိမဖြစ်လိုအပ်သော ထောက်ပံ့ပစ္စည်းများဖြစ်သည့် သောက်ရေသန့်၊ အသင့်စားခေါက်ဆွဲခြောက်၊ နွားနို့၊ ပေါင်မုန့်နှင့် မိုးကာများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဆုံးရှုံးမှုများစွာဖြစ်ပေါ်**

ထို့အပြင် သဘာဝဘေးအန္တရာယ် ကျရောက်နေချိန် အရေးပေါ်ကာလများတွင် တစ်ဦးနှင့်တစ်ဦး အဆက်မပြတ် ချိတ်ဆက်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် အရေးပေါ်ကူညီရေးဌာနများဖြစ်ကြသော ကယ်ဆယ်ရေးရဲဝန်ထမ်းများ၊ ကူညီရေးအဖွဲ့အစည်းများနှင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ ရေဘေးကြောင့် ခရီးလမ်းတစ်လျှောက် ပိတ်မိနေသူများအတွက် Mytel ဆင်းကတ် ၃၀၀ နှင့် ဖုန်းငွေဖြည့်ကတ်တန်ဖိုး သုံးသိန်းကို အခမဲ့ပေးအပ်ခဲ့သည်။

သုံးစွဲသူများအနေဖြင့် SMS ပေးပို့ခြင်းမှတစ်ဆင့် ရေဘေးဖြစ်ပေါ်နေသည့် ပြည်သူများနှင့် မိသားစုများကို ပံ့ပိုးကူညီပေးနိုင်ရန် Mytel မှ လှူဒါန်းမှု အစီအစဉ်သစ်တစ်ခုကိုလည်း အကောင်အထည်ဖော်လိုက်သည်ဟု ဆိုသည်။ Mytel သုံးစွဲသူများသည် ၁၁၁ သို့ "DON" ဟု စာတိုတစ်စောင် ပေးပို့ခြင်းဖြင့် တန်ဖိုးငွေကျပ် ၅၀၀ ပါဝင်လှူဒါန်းနိုင်မည်ဖြစ်ပြီး စာတိုပို့ပြီးသည်နှင့်တစ်ပြိုင်နက် ပါဝင်လှူဒါန်းခြင်းကို လက်ခံရရှိကြောင်း အသိပေးသော Message ကို ပြန်လည်ရရှိမည်ဖြစ်သည်။ သုံးစွဲသူများသည် SMS ဖြင့် လှူဒါန်းခြင်းကို နှစ်ပတ်အတွင်း အကန့်အသတ်မရှိ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး လှူဒါန်းခြင်း SMS ကိုလည်း အခမဲ့ပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ပါဝင်ကူညီလုပ်ဆောင်**

"ရေဘေးဖြစ်ပေါ်ခဲ့သည့် ပြည်သူလူထုရဲ့ အဆင်မပြေမှုတွေနဲ့ အခက်အခဲတွေကို ကျွန်တော်တို့အနေနဲ့ ထပ်တူထပ်မျှ နားလည်ခံစားမိပါတယ်။ အခုလို ကူညီထောက်ပံ့ရေးတွေကို မြန်မြန်ဆန်ဆန် လုပ်ဆောင်ပေးနိုင်ဖို့အတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနဲ့ တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်လျက်ရှိပါတယ်။ ကူညီထောက်ပံ့ရေးလုပ်ငန်းတွေမှာ Mytel အဖွဲ့ဝင်တွေက ပါဝင်ကူညီလုပ်ဆောင်နေပြီး လက်ရှိဒေသတွေမှာ ရောက်ရှိနေတဲ့အဖွဲ့ဝင်တွေနဲ့ ချိတ်ဆက်ပြီး နောက်ထပ်လိုအပ်လာနိုင်မယ့် အရေးပေါ်အကူအညီတွေ ပေးနိုင်ဖို့အတွက်လည်း အဆင်သင့်ရှိနေမှာ ဖြစ်ပါတယ်" ဟု Mytel ၏ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဦးဇော်မင်းဦးက ပြောကြားခဲ့သည်။

ကရင်ပြည်နယ်ရှိ လှိုင်းဘွဲ၊ ကော့ကရိတ်၊ မြဝတီနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များမှ ရေဘေးဖြစ်ပေါ်ခဲ့သည့် ပြည်သူများအတွက်လည်း အသင့်စားခေါက်ဆွဲခြောက်ထုပ်များနှင့် သောက်ရေသန့်ကတ်ပေါင်း ၄၀၀ ကျော်ကို ထောက်ပံ့ပေးခဲ့ပြီး Mytel အနေဖြင့် ရေကြီးမှုအခြေအနေများကို သေချာစွာ လေ့လာစောင့်ကြည့်၍ တိကျသည့် သတင်းအချက်အလက်များ ရယူကာ လိုအပ်လာမည့် အကူအညီများကိုလည်း ဆက်လက်ပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာဏီ**

## ရေဘေးသင့်အိမ်ထောင်စုများသို့ ဆန်အိတ်များနှင့် ထောက်ပံ့ငွေ ငါးသိန်းလှူဒါန်း

**ကျိုက်မရော ဩဂုတ် ၄**။ ။ အတ္ထရံမြစ်ရေ ဆက်လက်မြင့်တက်နေမှုကြောင့် ရေနစ်မြုပ်ခံနေရသော ကျိုက်မရောမြို့နယ် ဘိန်းဗျောကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စု ၁၀၀ အား တစ်အိမ်ထောင်လျှင် ဆန်နှစ်ပြည်နှုန်းနှင့် ခေါက်ဆွဲခြောက်ထုပ် ငါးထုပ်စီ၊ ရေသန့်ဘူးကြီးနှစ်ဘူးနှင့် ထောက်ပံ့ငွေကျပ်ငါးထောင်စီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အလှူရှင် ဒုတိယပြည်နယ်မှူး (လမ်းဦးစီးဌာန)မွန်ပြည်နယ်ရုံးနှင့် ဌာနဆိုင်ရာများက ရေဘေးသင့်ပြည်သူများထံ ဩဂုတ် ၃ ရက်က သွားရောက်လှူဒါန်းကြကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်များသွားရောက်လှူဒါန်း

**ပဲခူး ဩဂုတ် ၄**
မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းကြောင့် နေအိမ်များစွန့်ခွာခဲ့ရသည့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ရေဘေးသင့်ပြည်သူများအတွက် Huawei Care Myanmar မှ ဆန်အိတ်များအပါအဝင် ငွေကျပ် ၅၇၆ သိန်းတန်ဖိုးရှိ စားသောက်ကုန်များကို ဩဂုတ် ၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်ပိုင်းများအတွင်းက မြန်မာပြည်နေရာအနှံ့အပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးတွင် ၁၈ နှစ်တာကာလနောက်ပိုင်း အပြင်းထန်ဆုံး ရေကြီးမှုလည်းဖြစ်ကာ တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် ယာယီခိုလှုံရန် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးအတွင်းက ရေဘေးသင့်တဲ့ပြည်သူတွေအတွက် အထောက်အပံ့ဖြစ်စေမယ့် ပစ္စည်းတွေကို တိုင်းဒေသကြီး အစိုးရအဖွဲ့ကတစ်ဆင့် လှူဒါန်းခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ အကူအညီလိုအပ်တဲ့သူတွေ အတွက် ထောက်ပံ့လှူဒါန်းမှုတွေကို တတ်နိုင်သလောက် ဆက်လက်ပြုလုပ်သွားမှာဖြစ်ပါတယ်။ ရေတွေအမြန်ဆုံးကျပြီး ရေဘေးသင့်ပြည်သူတွေရဲ့နေ့စဉ်ဘဝတွေ အမြန်ဆုံးပြန်လည် အဆင်ပြေပါစေလို့လည်း ဆုတောင်းပေးပါတယ်" ဟု Huawei Myanmar မှ CEO ဖြစ်သူ Mr.Zhang Liman က ပြောသည်။

Huawei Myanmar အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ရေဘေးသင့်ပြည်သူများ အတွက် ဆန်အိတ် ၁၅၀၀၊ ခေါက်ဆွဲခြောက်ထုပ် ပါကင် ၃၆၆၀၀၀နှင့် ရေသန့်ဘူး ၁၉၂၀၀ တို့အား လှူဒါန်းခဲ့ကြောင်း၊ ယခုလှူဒါန်းမှုသည် ၂၀၁၈ ခုနှစ်အတွင်း မွန်ပြည်နယ် ရေးမြို့သို့ စားသောက်ကုန်နှင့် အသက်ကယ်အင်္ကျီများ လှူဒါန်းမှုပြီးနောက် ဒုတိယအကြိမ် လှူဒါန်းမှုဖြစ်ကြောင်း သိရသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးညွန့်ရွှေက အလှူရှင်များလှူဒါန်းသည့်ပစ္စည်းများကို တိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံးတွင် စုစည်းပြီး စနစ်တကျစီမံခန့်ခွဲ၍ ရေဘေးကျရောက်ခဲ့သည့် ပြည်သူများထံသို့ မျှမျှတတနှင့် စနစ်တကျပြန်လည်ဖြန့်ဝေပေးလျက်ရှိကြောင်း၊ Huawei က လှူဒါန်းမှုများကိုလည်း ပြည်သူများ လက်ဝယ်အရောက် စနစ်တကျ ပြန်လည်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ လှူဒါန်းမှုများအတွက် ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ရာမည**












## CANAL+ ပရိသတ်များအား အသိပေးအကြောင်းကြားခြင်း

**CANAL+** အား ဝယ်ယူသက်တမ်းတိုးကြည့်ရှုသူ ပရိသတ်များအား ရန်ကုန် နှင့် မန္တလေးမှ အပ မြန်မာနိုင်ငံတစ်ဝန်း အခြားမြို့များတွင်DTT Signal (အင်တာနာဖြင့် ဖမ်းယူရသော အခမဲ့ ရုပ်သံလိုင်းများ) ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၅ ရက် မှ စတင်ပြီး ဖြတ်တောက်သွားမည်ဖြစ်ကြောင်း **CANAL+** မှ လေးစားစွာ ကြိုတင် အသိပေး အကြောင်းကြားခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး လဲလှယ်ရန် သတ်မှတ်ချက်နှင့် ကိုက်ညီသောDTT ရုပ်သံဖမ်းစက်များကို DTH ရုပ်သံဖမ်းစက်၊ စလောင်းတို့ဖြင့် **CANAL+** မှ အခမဲ့ လဲလှယ်ပေးခဲ့ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန် နှင့် မန္တလေးမှ အပ မြန်မာနိုင်ငံတစ်ဝန်း အခြားမြို့များရှိ လဲလှယ်ရန် ကျန်ရှိနေသေးသော **CANAL+** DTT ပရိသတ်များအနေဖြင့် **CANAL+** Hot Line 09 96 999 2112 သို့မဟုတ် Facebook (**CANAL+** Myanmar FG) တို့တွင် စုံစမ်းစစ်ဆေးပြီး ဆက်လက်လဲလှယ်သွားကြပါရန် လေးစားစွာ အသိပေး အကြောင်းကြား အပ်ပါသည်။

**အာစရိယပူဇော်ပွဲ**

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း (TTC)မှ ၂၀၀၇-၂၀၁၈ ပညာသင်နှစ် (ဆယ်စု)နှစ် သူငယ်တန်းမှ ဒသမတန်းထိ သင်ကြားပေးခဲ့သော ဆရာ/ဆရာမများအား အာစရိယ ပူဇော်ပွဲကို ဩဂုတ်လ ၁၁ ရက်(စနေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီထိ ပညာဗိမာန်ခန်းမတွင် ကျင်းပမည်ဖြစ်ပါ၍ ၂၀၁၇-၂၀၁၈ ဒသမတန်းအောင် ကျောင်းသား/သူများ လာရောက်ဂါရဝပြုကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့**

**ဦးရဲမင်းပိုင် (သင်္ချာ)**

၁၀တန်း ဘာသာစုံ (၁၀) ဦးပိုင်

လစဉ်ကြေး-၁၂၀၀၀၀/- (နံနက်၁၀း၀၀ မှ ညနေ၅း၃၀ ထိ)

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အခွန်တံဆိပ်ခေါင်းများကို သက်ဆိုင်ရာအဖွဲ့အစည်းအလိုက် ဝယ်ယူနိုင်ကြောင်းနှင့် လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူအဖြစ် လျှောက်ထားနိုင်ကြောင်း
## အသိပေးကြေညာချက်

၁။ ပြည်သူလူထုတစ်ရပ်လုံးအခွန်တံဆိပ်ခေါင်းများကိုအသုံးပြုရန်လိုအပ်ချိန်တွင် လွယ်ကူစွာဝယ်ယူရရှိရေးအတွက် အောက်ပါနေရာများတွင် သက်ဆိုင်ရာဥပဒေများနှင့်အညီရောင်းချပေးလျက်ရှိပါသည်-

(က) နေပြည်တော် ဗဟိုအရောင်းကောင်တာ (ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်) ရုံးအမှတ်(၄၆)၊ နေပြည်တော်၊

(ခ) ရန်ကုန်ဗဟိုအရောင်းကောင်တာ၊ ၃၆-လမ်း (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

(ဂ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊

(ဃ) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိလိုင်စင်ရ တံဆိပ်ခေါင်းရောင်းချသူ (၃၅၁)ဦး။

၂။ ယခုအခါ အဖွဲ့အစည်းအလိုက် တံဆိပ်ခေါင်းဝယ်ယူလိုကြောင်းတင်ပြမှုများရှိနေခြင်းကြောင့် **တံဆိပ်ခေါင်းဝယ်ယူလိုသူအဖွဲ့အစည်းများအား အောက်ပါအချက်အလက်များတင်ပြစေ၍ ဝယ်ယူခွင့်ပြုမည်** ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်-

(က) တံဆိပ်ခေါင်းဝယ်ယူလိုကြောင်းသက်ဆိုင်ရာအဖွဲ့အစည်းတာဝန်ခံ၏ ကိုယ်တိုင်ရေးလျှောက်လွှာ၊

[တာဝန်ခံအရာရှိ၊ နေပြည်တော်ဗဟိုအရောင်းကောင်တာ၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်

(သို့မဟုတ်)

တာဝန်ခံအရာရှိ၊ ရန်ကုန်ဗဟိုအရောင်းကောင်တာ၊ ၃၆-လမ်း(အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူလျှောက်ထားရပါမည်။]

(ခ) တံဆိပ်ခေါင်းအသုံးပြုမည့်သူများ၏ အမည်၊ အဖအမည်၊ တံဆိပ်ခေါင်းတန်ဖိုး၊ ဝယ်ယူသည့်ကိစ္စ အကြောင်းအရင်းတို့ကို ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန် ခွဲခြားစာရင်းပြုစုပေးရန်၊

(ဂ) အထက်အပိုဒ် (ခ) စာရင်းပါ ပုဂ္ဂိုလ်များ၏ ကိုယ်စားဝယ်ယူခြင်းဖြစ်ပါကြောင်းနှင့် ရုံးခွန် အက်ဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ (၃) ပါပြဋ္ဌာန်းချက်၊ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၆၉ ပါပြဋ္ဌာန်းချက်များကိုသိရှိပါကြောင်းကိုယ်တိုင်ဝန်ခံချက်၊

၃။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လက်ရှိကာလတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများကိုမြို့နယ်အဆင့်အလိုက် သတ်မှတ်အရေအတွက်နှင့်အညီလိုင်စင်ထုတ်ပေးထားခြင်းဖြစ်ပါသည်။ ယခုအခါ **လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများအား အရေအတွက်ကန့်သတ်ခြင်းမရှိဘဲ အရည်အချင်းစိစစ်၍ ခန့်ထားမည်ဖြစ်ပါသဖြင့်** အောက်ဖော်ပြပါအချက်များနှင့် ပြည့်စုံသော **လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခွင့်လိုင်စင် ရရှိလိုသူများအနေဖြင့် မိမိ၏ အမည်၊ အသက်၊ အဖအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာနှင့် တံဆိပ်ခေါင်းရောင်းချမည့်နေရာ သို့မဟုတ် ဆိုင်၏လိပ်စာတို့ကိုဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ၃၁-၈-၂၀၁၈ ရက် နောက်ဆုံးထားလျှောက်ထားနိုင်ကြောင်း** အသိပေးကြေညာအပ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(ဂ) ပဋိညာဉ်အက်ဥပဒေအရ ပဋိညာဉ်ပြုလုပ်ရန်အရည်အချင်းရှိသူ ဖြစ်ရမည်၊

(ဃ) အနည်းဆုံးအခြေခံပညာအထက်တန်းအဆင့် အောင်မြင်ပြီးသူ ဖြစ်ရမည်၊

(င) အသက် (၁၈) နှစ်ပြည့်ပြီး၊ (၆၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(စ) ကျန်းမာရေးကောင်းမွန်၍ ကိုယ်တိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၄။ မရှင်းလင်းသည့်အချက်များကိုသက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၊ ၄၆ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်-၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁ ၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၆၅ လမ်း၊ ၂၂ × ၂၃ လမ်းကြား၊ ဖုန်းနံပါတ် - ၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

**စစ်ကိုင်းတောင်ရိုး(ဝါးချက်)ဇီဝိတဒါနသံဃာ့ဆေးရုံ မျက်စိရောဂါကုသရေး အထူးအစီအစဉ်(၁၀/၂၀၁၈)**

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး(ဝါးချက်) ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဩစတြေးလျနိုင်ငံမှမျက်စိအထူးကုဆရာဝန်ကြီး Dr.Hyong Kwon Kang (ဒေါက်တာကွမ်း) အဖွဲ့၊ မြန်မာမျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့ နှင့် ဆေးရုံဝန်ထမ်းများပူးပေါင်း၍ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်မှ (၁၆)ရက်နေ့အထိ မျက်စိရေတိမ်၊ အတွင်းတိမ်၊ မျက်စိအမြင်လွှာ (Retina) ရောဂါ၊ (မျက်လုံးရှေ့ခန်း / နောက်ခန်း) မျက်စိရောဂါဝေဒနာရှင်များကို စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးပါမည်။

နေ့စဉ် ဆေးရုံ၏ မျက်စိလက်ထောက်ဝန်ထမ်းများမှ ( နံနက် ၈ နာရီ မှ မွန်းတည့် ၁၂ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ)ကြိုတင်စမ်းသပ်/စစ်ဆေးပေးပြီး မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဆက်လက်၍စမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသနိုင်ရန် ရက်ချိန်းပေးပါမည်။

(မိမိတို့၏ ဆေးမှတ်တမ်းများနှင့် ယခုသောက်နေသော ဆေးများရှိပါကယူဆောင်လာခဲ့ပါ။)

ဆေးရုံဖုန်း ၀၉-၉၁၀၄၃၇၃၇၊ ၀၉-၄၅၀၂၀၀၇၃၇၊ ၀၉-၄၅၀၂၀၀၇၄၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ပါသည်။

**ဆေးရုံကြီးကြပ်ထောက်ပံ့ရေးအဖွဲ့**




ကိုးပေါင်းရောဂါအမျိုးမျိုးအတွက်

**အောင်ထိပ်တန်း** အမှတ်တံဆိပ်

**သက်ရင်းကြီး လိမ်းဆေးရည်**

ပင်ရင်း **အောင်ထိပ်တန်း** အရိုးအကြောတိုင်းရင်းဆေးခန်း




ဆန်းသစ်တဲ့
MAB Mobile App ရဲ့
အတွေ့အကြုံသစ်
MAB
MOBILE BANK
Available on the
App Store
GET IT ON
Google Play
Total Account Balance
MMK 58,46,57,465
Welcome, Kyaw Kyaw
Enter 6 digit PIN
or use Touch ID to Login
Change User?
Forgot PIN?
Slide to Peek Balance
MAB Mobile App ၏ ထူးခြားသော Digital ဝန်ဆောင်မှုများ
MMK
9,999,999
Slide to Peek
Finger Print
Peek Balance
QR Pay
Instant Opening
of wallet Account
Bill Payment
Prepaid Topup
P2P
QR transfer
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်
Call Centre
+95 (1) 861 0612

## ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်)
## ဒီဇိုင်းပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ
## Jewellery Design Competation လျှောက်လွှာများခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းချုပ်တို့၏ လမ်းညွှန်မှုဖြင့် ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်မှ (၁၃)ရက်အထိ ပြည်လမ်းရှိ Lotte Hotels & Resorts တွင် **ဒုတိယအကြိမ်ရန်ကုန်အပြည်ပြည်ဆိုင်ရာကျောက်မျက်ရတနာ (Loose Stones) နှင့် လက်ဝတ်ရတနာအရောင်းပြပွဲ ၂၀၁၉**ပြပွဲကိုခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် **Jewellery Design** ပြိုင်ပွဲကျင်းပမည် ဖြစ်ပါသဖြင့် အောက်ပါစည်းကမ်းချက်နှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

**က။ ပြိုင်ပွဲစည်းကမ်းချက်များ**

၁။ ပါဝင်ယှဉ်ပြိုင်သော လက်ဝတ်ရတနာတွင် အသုံးပြုသည့်ကျောက်မျက်များမှာ အဓိကအားဖြင့် မြန်မာနိုင်ငံထွက်ကျောက်မျက်အမျိုးအစားဖြစ်ရမည်။
(a) Ruby & Sapphire (b) Jade (c) Spinel
(d) Multi Sapphire & Spinel (e) Other Assorted Colour Gemstone

၂။ အသုံးပြုရမည့် ရွှေအရည်အသွေး 14k (or) 18k (or) 22k
- Yellow, Pink, White, Gold

၃။ ကြိုက်နှစ်သက်ရာ လက်ဝတ်ရတနာအမျိုးအစားများဖြင့် ယှဉ်ပြိုင်နိုင်သည်။
(a) Earring (b) Pendant
(c) Ring (d) Earring,Pendant, Ring (E,P,R)
(e) Brooch (f) Bracelt,Bangle,Curff Bangle
(g) Necklace (h) Earring, Necklace, Bangle, Ring (4 sets)
(i) Hair Clip (j) Tiara
(k) Men Ring, Curff Link, Pin

၄။ ပြိုင်ပွဲဝင်တစ်ဦးချင်းသည် အမျိုးအစား ၁ခု(သို့) ၃ခုအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

၅။ လက်ဝတ်ရတနာနှင့်အတူ မူရင်းရေးဆွဲထားသော Design Sketch စာရွက်နှင့်အတူပူးတွဲတင်ပြနိုင်ရမည်။

၆။ ယှဉ်ပြိုင်သော လက်ဝတ်ရတနာတွင် အသုံးပြုထားသော ကျောက်မျက်အမျိုးအစား၊ ပုလဲအမျိုးအစား၊ စိန်အမျိုးအစား၊ အသုံးပြုသော ရွှေအမျိုးအစားကို သေချာစွာ ဖော်ပြပါရှိရမည်။

၇။ အသုံးပြုထားသော ကျောက်မျက်များသည် ကျောက်မျက်စစ်ဆေးဓာတ်ခွဲခန်းများမှမြန်မာနိုင်ငံတွင်းထွက်ဖြစ်ကြောင်း Gems Lab Certificate နှင့်အတူ ပူးတွဲတင်ပြရမည်။
မှတ်ချက်- **Ruby** အား **Heat Treatment** အထိအသုံးပြုနိုင်သည့်
**(Glass Filled** မဖြစ်စေရ)
- **(Mogoke, Mai Shu, Nanyar)**

၈။ ပြိုင်ပွဲဝင်သော လက်ဝတ်ရတနာ Design ၏ခေါင်းစဉ်၊ ရည်ရွယ်ချက်၊ ရည်ညွှန်းချက်၊ ပေါင်းစပ်ပါဝင်မှုတို့ကိုအသေးစိတ် အသုံးပြုမှုတို့ ဖော်ပြပါရှိရမည်။

၉။ ပြိုင်ပွဲဝင်သော ပါဝင်ယှဉ်ပြိုင်သူ၊ ရတနာဆိုင်(သို့) **Jewellery Company**သည် မြန်မာနိုင်ငံသားဖြစ်ရမည်။

၁၀။ပြိုင်ပွဲဝင်သော **Company** လက်ဝတ်ရတနာဆိုင်၊ **Designer** များ၏ **Biography** ပါဝင်ရမည်။

၁၁။ ပြိုင်ပွဲဝင်သော လက်ဝတ်ရတနာသည် ကူးယူထားသော၊ တစ်စိတ်တစ်ပိုင်းကိုမှီငြမ်းထားသော၊ အရောင်တွဲဖက်မှုကို ကူးယူထားခြင်းမရှိစေရ ကိုယ်ပိုင်ဖန်တီးထားသော **Design Jewellery** များသာဖြစ်ရမည်။

၁၂။ လက်ဝတ်ရတနာပစ္စည်းများအား အာမခံထားရှိမည်ဖြစ်ပါသောကြောင့် ကာလတန်ဖိုးအတိုင်း ဖော်ပြပေးပါရန်။

၁၃။ ဆုရရှိသော **Jewellery Design** အား အသင်းမှပြသခွင့်၊ ပုံနှိပ်ခွင့်၊ ဓာတ်ပုံများကို အသုံးပြုခွင့်ပေးနိုင်ရမည်။

**(ခ) လျှောက်လွှာတင်သွင်းရမည့်ရက် -၃-၁-၂၀၁၉ရက် (ကြာသပတေးနေ့)**
**(ဂ) လျှောက်လွှာပိတ်မည့်ရက် -၅-၁-၂၀၁၉ရက် (စနေနေ့)**
**(ဃ) ဆုရစာရင်းကြေညာမည့်ရက် -၇-၁-၂၀၁၉ရက် (တနင်္လာနေ့)**
**(င) ဆုချီးမြှင့်မည့်ရက် -၉-၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)**

**၂။ ပြိုင်ပွဲအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများကို ထိုက်တန်စွာ ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။**

**၃။ လျှောက်လွှာတင်သွင်းမည့်နေရာ-**

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)၊ အမှတ်(၂၃၂)၊ အခန်းအမှတ်(၁၈၃)၊ (၁၈)လွှာ၊ **Orchid Condominium** အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ဒီဇိုင်းပြိုင်ပွဲကျင်းပရေးကော်မတီ**
**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)**
**ဖုန်း-၀၉-၂၆၂၇၆၆၆၅၆၊ ၀၉-၂၆၂၇၆၆၆၅၇**
**Viber 09-952266658**
**E-mail office@gjeayangon.com**

**အမည်ပေါက်ကို**
**အလွန်တန်သောဈေးဖြင့်ရောင်းမည်**
ပေ(၄၀×၆၀)၊ စံချိန်မှီ(၁)၊ ကျောက်တန်း၊ သီလဝါနှင့်နီး၊ ပါမစ်အမည်ပေါက်ကို တန်လွန်းသောဈေးဖြင့်ရောင်းမည်။ ရင်းနှီးမြှုပ်နှံသင့်သည့်မြေ၊ (၈၉)သိန်း
**ဖုန်း-၀၉-၉၇၂၆၆၃၃၆**

**ဈေးတန်နေရာကောင်း**
**ရောင်းမည်**
ပေ(၂၀×၇၀) ရေ၊ မီး၊ အုပ်ခတ်၊ မစိုးရိမ်(၂)လမ်း၊ အေဝမ်းလမ်းမှလည်းဝင်လို့ရ၊ ၉မိုင်၊ မရမ်းကုန်း၊ ဆိတ်ငြိမ်ရပ်ကွက်၊ ကားအဝင်အထွက်ကောင်း၊ ပတ်ဝန်းကျင်အလွန်သန့်၊
သန်း (၂၅၀၀)။
**ဖုန်း-၀၉-၉၇၂၆၆၃၃၆**

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

သီဟလင်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')ကား
များဖြင့်လုပ်သားအပြီးအစီး
မြို့တွင်း / နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
0

**အများသိစေရန်ကြော်ငြာ**
တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄စီ၂(အကိစ်-၇၁)၊ မြေကွက်အမှတ်-V ၁၀၃၊ မြေကွက်တည်နေရာအမှတ်-၆၅၊ သုခလမ်း၊ ကျောက်မြောင်းကြီးစံပြရပ်ကွက်၊ တာမွေမြို့နယ်၊ မစ္စတာပီအေရောဘတ်အမည်ပေါက်၊ နှစ်(၉၀)ဂရန်(သက်ကုန်)မြေအား တာမွေမြို့နယ်တရားရုံးတွင် ၂၀၁၅ခုနှစ် တရားမမူလမှုအမှတ်-၄၄ဖြင့် တရားလိုဦးလှထွန်းမှ တရားပြိုင်(အဆင့်ဆင့်လွှဲပြောင်းရောင်းချသူများဖြစ်သော) ဒေါ်တင်အေး၊ ဦးကိုကိုကြီးနှင့် ဒေါ်လင်းရွှေတို့အပေါ် မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုပြီး ၁-၁-၂၀၁၆ရက်စွဲပါ စီရင်ချက်၊ အနိုင်ဒီကရီနှင့် ယင်းဒီကရီအရတရားမဇာရီမှုအမှတ်-၄/၂၀၁၆၏ ၂၉-၃-၂၀၁၆ရက်စွဲပါ အမိန့်အရတရားရုံးများကိုယ်စားဘီလစ်ဦးနေလင်းမှ အရောင်းအဝယ်စာချုပ် ၂၇၀၁/၂၀၁၇(၃၁-၈-၂၀၁၇)ဖြင့် ဦးလှထွန်း(ခ)အန်ဒါဟူဆောန်အားရောင်းခဲ့ပြီးဌင်းမှ ဂရန်မူရင်းပျောက်ဆုံးနေသည်မှာ မှန်ကန်ကြောင်းတာဝန်ယူကြောင်း ၁၁-၁၂-၂၀၁၇ရက်စွဲပါ ကတိသစ္စာပြုလွှာ၊ ဂရန်ပျောက်ဆုံးကြောင်းကျောက်မြောင်းကြီးစံပြရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ကိုယ်တိုင်ဝန်ခံချက်၊ တာမွေမြို့မရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဦးလှထွန်း(ခ)အန်ဒါဟူဆောန် [၁၂/မဂတ(နိုင်) ၀၈၀၀၃၁]က ဂရန်သက်တမ်းတိုး လျှောက်ထားလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီးမြေငှားစာချုပ် (ဂရန်)သက်တမ်းတိုးခွင့်ပြုခဲ့ပြီးဖြစ်၍ အထက်ဖော်ပြပါ သက်ကုန်ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)
## ဒီဇိုင်းပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ
## Design Competation လျှောက်လွှာများခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်တို့၏လမ်းညွှန်မှုဖြင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)မှ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်မှ(၁၃)ရက်အထိ ပြည်လမ်းရှိ Lotte Hotels & Resortsတွင် **ဒုတိယအကြိမ်ရန်ကုန်အပြည်ပြည်ဆိုင်ရာကျောက်မျက်ရတနာ(Loose Stones)နှင့် လက်ဝတ်ရတနာအရောင်းပြပွဲ ၂၀၁၉**ပြပွဲကို ခမ်းနားသိုက်မြိုက်စွာကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် **ကျောက်မျက်ရတနာ ဒီဇိုင်းပြိုင်ပွဲ**ကျင်းပမည်ဖြစ်ပါသဖြင့် အောက်ပါစည်းကမ်းချက်နှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

**(က) ဒီဇိုင်းပြိုင်ပွဲစည်းကမ်းချက်များ-**

၁။ လက်ဖြင့်သာရေးဆွဲထားသော 2D/3Dပုံစံအမျိုးအစားဖြစ်ရမည်။

၂။ ကြိုက်နှစ်သက်ရာ ပုံဆွဲကိရိယာကို အသုံးပြု၍ ယှဉ်ပြိုင်နိုင်သည်။
(a) Graphic Pencils (b) Wax Pencil (c) Water Colour
(d) Copic Pencil

၃။ ကြိုက်နှစ်သက်ရာ စာရွက်အမျိုးအစားကို အသုံးပြု၍ယှဉ်ပြိုင်နိုင်သည်။
(a) White Paper (b) Water Colour Paper (c) Vellum Sheet Paper
(d) Gray Paper (e) Black Colour Paper

၄။ ရေးဆွဲရမည့်စာရွက်သည် A4 Paper (or) A3 Paperပုံစံသာဖြစ်ရမည်။

၅။ မိမိကြိုက်နှစ်သက်ရာ လက်ဝတ်ရတနာ Designကိုရေးဆွဲယှဉ်ပြိုင်နိုင်သည်။
(a) Earring (g) Necklace
(b) Pendant (h) Tiara
(c) Ring (i) Earring, Necklace,Bangle,Ring
(d) E,P,R(Earring,Pendant,Ring) (j) Men Cuff link & Pin
(e) Brooch (K) Hair Clipp
(f) Bracelet,Bangle,Curff (l) Foot Chain

၆။ ဝင်ရောက်ယှဉ်ပြိုင်မည့် Designတွင် မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်အမျိုးအစားများကို အထူးအဓိကထား၍ အသုံးပြုရမည်။ Design ၁ခု(သို့)၃ခုအထိ ယှဉ်ပြိုင်နိုင်သည်။

၇။ ဝင်ရောက်ယှဉ်ပြိုင်မည့် Designတွင်အသုံးပြုမည့် ကျောက်အမျိုးအစား၊ အရောင်၊ သွေးကွက်စိန်အရွယ်အစား၊ ပုလဲစသည်ဖြင့် အသေးစိတ် ဖော်ပြပါရှိရပါမည်။

၈။ ဝင်ရောက်ယှဉ်ပြိုင်သော Designသည်အခြားမှကူးယူထားခြင်း၊ အစိတ်အပိုင်းတစ်ခုကို မှီငြမ်းထားခြင်း၊ အရောင်တွဲဖက်မှုကို ကူးယူထားခြင်းမရှိစေရ။ ကိုယ်ပိုင်ဖန်တီးထားသော Designဖြစ်ရမည်။

၉။ ဝင်ရောက်ယှဉ်ပြိုင်သော Designအားအဓိပ္ပာယ် ရှင်းလင်းတင်ပြမှု၊ ရည်ရွယ်ချက်၊ ရည်ညွှန်းချက်များဖြင့် သေချာစွာ ဖော်ပြပါရှိရမည်။

၁၀။ Designယှဉ်ပြိုင်ရေးဆွဲထားသော စာရွက်တွင် မည်သည့်နံပါတ်၊ လက်မှတ်၊ တံဆိပ်မှ မပါဝင်စေရ။ တစ်စုံတစ်ရာ အမှတ်အသားပါဝင်ပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ ယှဉ်ပြိုင်မည့်သူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။ မည်သည့် အသက်အရွယ်မဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

၁၂။ ယှဉ်ပြိုင်မည့်သူသည် မှတ်ပုံတင်မိတ္တူ၊ Passportဓာတ်ပုံ(၂)ပုံ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ လက်ရှိအလုပ်အကိုင် စသည်ဖြင့်ဖော်ပြရှိရမည်။

၁၃။ မှတ်ပုံတင်သည် လျှောက်ထားဆဲ၊ ပြုလုပ်ဆဲဖြစ်ပါက သက်သေအထောက်အထား (သို့) ထောက်ခံစာနှင့်အတူ ပူးတွဲတင်ပြရမည်။

၁၄။ ဆုရရှိသော Designအား အသုံးပြုရန်လိုအပ်ပါက အသုံးပြုခွင့်ရှိရမည်။

**(ခ) လျှောက်လွှာတင်သွင်းရမည့်ရက် -၁၅-၁၂-၂၀၁၈ရက်(ကြာသပတေးနေ့)**
**(ဂ) လျှောက်လွှာပိတ်မည့်ရက် -၃၀-၁၁-၂၀၁၈ရက်(သောကြာနေ့)**
**(ဃ)ဆုစာရင်းကြေညာမည့်ရက် -၆-၁၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)**
**(င) ဆုချီးမြှင့်မည့်ရက် -၉-၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)**

၂။ **ပြိုင်ပွဲအတွက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများကို ထိုက်တန်စွာ ဆုချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။**

၃။ **လျှောက်လွှာတင်သွင်းရမည့်နေရာ**

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)
အမှတ်(၂၃၂)၊ အခန်းအမှတ်(၁၈၃)၊ (၁၈)လွှာ၊ Orchid Condominium၊ အလုံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

**ဒီဇိုင်းပြိုင်ပွဲကျင်းပရေးကော်မတီ**
**ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(ရန်ကုန်)**
**ဖုန်း-၀၉၂၆၂၇၆၆၆၅၆၊ ၀၉-၂၆၂၇၆၆၆၅၇**
**Viber-09952266658**
**E-mail-office@gjeayangon.com**

# တနင်္သာရီမြို့နယ်၌ ဒုတိယအကြိမ် မြစ်ရေထပ်ကြီးသဖြင့် ကျောင်း ၁၆ ကျောင်း ပိတ်ထားရ


တနင်္သာရီမြို့တွင် ဒုတိယအကြိမ် မြစ်ရေဝင်ရောက်နေမှုကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။

**တနင်္သာရီ ဩဂုတ် ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း၌ မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းနေမှုကြောင့် တနင်္သာရီမြစ်ရေမှာ ဩဂုတ် ၃ ရက် နံနက် ၁၂ နာရီတွင် မြို့နယ်မြစ်ရေအမှတ်သည် ၂၂ ပေ ၉ လက်မ အထိပြန်လည်တက်လာသဖြင့် စိုးရိမ်ရေအမှတ် ၁၇ ပေထက် ၅ ပေ နှင့် ၉ လက်မ ကျော်လွန်နေပြီး ဒုတိယအကြိမ်ပြန်လည်၍ မြစ်ရေထပ်ကြီးနေကာ ဒေသခံများ၏အတွေ့အကြုံအရ ယင်းမြစ်ရေအနေအထားသည် ပို၍ကြီးနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းပြောဆိုနေကြသည်။

ပထမအကြိမ် တနင်္သာရီမြစ်ရေသည် ဇူလိုင် ၁၅ ရက်မှ ၂၂ ရက်အတွင်း စိုးရိမ်ရေအမှတ်အထက် ၂၆ ပေ ၃ လက်မအထိ ကျော်လွန်ရောက်ရှိခဲ့ပြီး ၂၁ ပေသို့ မြစ်ရေလျော့ကျရပ်တန့်နေခဲ့ရာမှ ဩဂုတ် ၁ ရက်နှင့် ၂ ရက်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ဒုတိယအကြိမ် မြစ်ရေထပ်ကြီးလာခြင်းဖြစ်သည်။ မြိတ်မြို့-တနင်္သာရီ-ကော့သောင်းလမ်းအပိုင်း အောက်ကင်းအရှေ့ကျေးရွာ မိုင်တိုင်အမှတ် ၇၉ ကီလိုမီတာအနီး ကားလမ်းပေါ်တွင် အနက် ခြောက်လက်မ၊ အရှည်ပေ ၁၀၀ ကျော်ခန့်၊ လယ်တောင်ယာကျေးရွာ မိုင်တိုင်အမှတ် ၈၃ ကီလိုမီတာအနီး ကားလမ်းမပေါ်တွင် အနက်တစ်ပေ၊ အရှည်ပေ ၂၀၀ ခန့် မြစ်ရေကျော်လွန်ရောက်ရှိနေပြီဖြစ်သော်လည်း ယခုလက်ရှိ အခြေအနေတွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ ဖြတ်သန်းသွားလာ၍ ရနေသေးကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

ပထမအကြိမ် တနင်္သာရီမြစ်ရေကြီးစဉ် ရေဘေးသင့်အိမ်ထောင်စု ၁၁၀၉ စုမှ အမျိုးသား ၂၈၈၄ ဦး၊ အမျိုးသမီး ၂၇၇၄ ဦး စုစုပေါင်း ၅၆၅၈ ဦးတို့သည် မြို့နယ်အတွင်းရှိ ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၁၁ ခု၌ ခိုလှုံနေကြရပြီး ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၃ ရက်အထိ နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**စာမျက်နှာ ၄ ကော်လံ ၅ သို့ ◯**

## Alpine Cup ပြိုင်ပွဲ နောက်ဆုံးနေ့အဖြစ် တောင်ကိုရီးယားနှင့် ဘာရိန်း၊ မြန်မာနှင့် ထိုင်း ယနေ့ကစားမည်

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူး၍ Alpine ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် Alpine Cup လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ဩဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် တောင်ကိုရီးယားယူ-၁၉ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်း၊ ညနေ ၆ နာရီတွင် မြန်မာ ယူ-၂၃ အသင်းနှင့် ထိုင်း ယူ-၂၃ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**အဆုံးအဖြတ်ဖြစ်နေ**

အုပ်စုဒုတိယနေ့အပြီးတွင် တောင်ကိုရီးယား ယူ-၁၉ အသင်းက ခြောက်မှတ်၊ ဘာရိန်း ယူ-၂၃ အသင်းက လေးမှတ်၊ မြန်မာ ယူ-၂၃ အသင်းက တစ်မှတ်ရထားပြီး ထိုင်း ယူ-၂၃ အသင်းမှာမူ အမှတ်မရသေးပေ။ ပြိုင်ပွဲကို လေးသင်းပတ်လည်စနစ်ဖြင့် ကျင်းပနေခြင်းဖြစ်သည်။ တောင်ကိုရီးယား ယူ-၁၉ အသင်းနှင့် ဘာရိန်း ယူ-၂၃ အသင်းပွဲမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ဖြစ်နေပြီး ခြောက်မှတ်ရထားသည့် တောင်ကိုရီးယားအသင်းအနေဖြင့် သရေကစားရုံဖြင့် ချန်ပီယံဆုရယူနိုင်မည်ဖြစ်သည်။

မြန်မာအသင်းနှင့် ထိုင်းအသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမဆုရအသင်းအား ချန်ပီယံဆုနှင့် ဆုကြေး ဒေါ်လာ ၁၀၀၀၀၊ ဒုတိယဆု ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာအသင်း နိုင်ပွဲဆက်



မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**နေပြည်တော် ဩဂုတ် ၄**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု (က) စတုတ္ထနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အသင်း နိုင်ပွဲဆက်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းက ကမ္ဘောဒီးယား ယူ-၁၆ အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒုတိယပိုင်းအစတွင် ပေးလိုက်ရသည့်ဂိုးကြောင့် မြန်မာအသင်း နောက်မှလိုက်ကစားခဲ့ရသော်လည်း ဆီမီးဖိုင်နယ်တက်ရေးမျှော်လင့်ချက်အတွက် လိုအပ်နေသည့် အနိုင်သုံးမှတ်ကို အမှားအယွင်းမရှိ ရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဆီမီးတက်ခွင့် အခြေအနေပိုကောင်းလာပြီး ဗီယက်နမ်နှင့် နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ ကမ္ဘောဒီးယားအသင်းအတွက် ဦးဆောင်ဂိုးကို ဒုတိယပိုင်းအစ သုံးမိနစ်တွင် သွင်းယူခဲ့ပြီး ၅၆ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းက မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းကာ အနိုင်ဂိုးများကို မိနစ် ၆၀ တွင် နိုင်ထွေး၊ ၆၅ မိနစ်တွင် နောင်နောင်စိုးနှင့် နာကျင်အချိန်ပို ၃ မိနစ်တွင် လမင်းထွေးတို့က သွင်းယူခဲ့သည်။ အခြားပွဲတွင် ဗီယက်နမ်အသင်းက ဖိလစ်ပိုင်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ ဆီမီးဖိုင်နယ်တက်ခွင့်တစ်နေရာအတွက် အပြိုင်ဖြစ်နေပြီး လေးပွဲကစား ကိုးမှတ်စီရထားသည်။ ဂိုးကွာခြားချက်တွင် မြန်မာအသင်းက အသာရထားသောကြောင့် ထိပ်တိုက်တွေ့ဆုံမည့်နောက်ဆုံးပွဲတွင် သရေကျရုံဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

**စစ်တောင်းမြစ်**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေန်မြစ်**

ဝေန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ်**

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသဖြင့် မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**မိုး/ဇလ**



# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ

အထူးကဏ္ဍ

ဩဂုတ် ၅၊ ၂၀၁၈ (တနင်္ဂနွေနေ့)


ဝတ္ထုတို

# အမုန်းခံဆရာ



သုခယံ
(မန္တလေးပညာရေးကောလိပ်)

မနက်ဖြန်လကုန်မည်ဖြစ်၍ လစာထုတ်သွားကြမည်။ ကျောင်းအုပ်များမှာ အစည်းအဝေးတက်ရသေးသည်။ သို့ကြောင့် လစာထုတ်သွားလျှင် ပိုက်ဆံထုတ်သူနှင့် အစည်းအဝေးတက်သူဟူ၍ နှစ်ယောက်သွားရသည်။

အချိန်မှာ ညနေစောင်းစောင်းဖြစ်သည်။ ကျွန်တော့်ဆီသို့ ကျောင်းအုပ်ဆရာကြီး ရောက်ချလာသည်။ ဆရာကြီးပါးတစ်ဖက်ယောင်နေသည်မှာ သုံးရက်ရှိပေပြီ။ မနက်ဖြန်လစာထုတ်ကို ထ/သနှင့် အတူကိုယ်စားလှယ်အဖြစ် ကျွန်တော့်ကို တာဝန်ခံအနေဖြင့် သွားရောက်ရန် ပြောသည်။ ကျွန်တော်လည်း ခုမှကောလိပ်ဆင်း၊ အတွေ့အကြုံလည်းရ၊ ဆရာကြီးအားကိုးရမည့် လက်ထောက်ဖြစ်ရမည်ဟူ၍ လက်ခံလိုက်သည်။ ဆရာကြီးနှင့် စကားစမြည်လေးပြောရင်း လက်ဖက်သုပ်နှင့် ရေနွေးကြမ်းဖြင့် ဧည့်ခံထားသည်။ ရေနွေးတစ်ခွက်သောက်ကာ ဆရာကြီးက စကားထပ်စလိုက်သည်။

"ကလေးတွေစာသင်ရတာ အဆင်ပြေလား"

ကျွန်တော့်အတွေးထဲတွင် ယခင်တစ်ပတ်ကဖြစ်ပျက်ခဲ့သော အကြောင်းအရာလေးကို သတိရ၍ ပြောပြလိုက်သည်။

"ကလေးတွေစာသင်ရတာ ပြေပါတယ် ဆရာကြီး၊ ဒါပေမယ့်"

ကျွန်တော် စကားကိုဆက်မပြောဘဲ ဆရာ့ပန်းကန်ထဲ ရေနွေးငှဲ့လိုက်သည်။

"ဒါပေမယ့် ဘာဖြစ်လဲ"

"ဒါပေမယ့် ဆရာကြီးရ သစ်စေ့တွေမှာတောင် စုန်းပြူးစေ့ပါသေးတာပဲ၊ ခုကလေးတွေထဲမှာလည်း ဆိုးတဲ့ကလေး၊ စုန်းပြူးစေ့လေးပါတာပေါ့ ဆရာကြီး"

"ပြောပါဦး ဘယ်သူကဘာဖြစ်လို့လဲ"

"ဒီလိုဆရာကြီးရ လေးတန်းထဲက ဝင်းကိုလေသိတယ်မို့လား"

"သိတာပေါ့ ဒီကလေးက စာကို လုံးဝမဖတ်တတ်ဘူး။ သူ့မိသားစုကလည်း အင်မတန်ဆင်းရဲတယ်။ တစ်နေ့လုပ်မှ တစ်နေ့စားရတာ၊ ပြီးတော့ ဒီကလေးက လေးတန်း နှစ်ခါကျထားတာလေ"

"ဟုတ်တယ်ဆရာကြီး စကားအပြောအဆိုကလည်း အလွန်ရိုင်းတယ်။ ဟိုတစ်နေ့က ပိုးအိဆိုတဲ့ကလေးမလေးကို လက်သီးနဲ့ ထိုးလိုက်လို့ ကလေးမလေးက ကျွန်တော့်ဆီလာတိုင်တယ်။ ကျွန်တော်လည်း သေချာစစ်မေးလိုက်တာပေါ့။ အဖြစ်က ပိုးအိသူ့ကို မုန့်မကျွေးလို့တဲ့၊ သူက ပိုးအိကိုပြောင်လည်း ပြောင်သေးတယ်တဲ့၊ အဲဒါကျွန်တော်ဝါးခြမ်းနဲ့ လေးချက်လောက်ရိုက်လိုက်တယ်။ နောက်လည်း မလုပ်ဖို့ ဆုံးမစကားပြောလိုက်တယ်"

"ဆုံးမတော့ သူဘယ်လိုဖြစ်သွားလဲ"

"ဆရာကြီးရ ချောက်ထဲကျနေသူကို လက်ကမ်းပေးသော်ညား ကမ်းတဲ့လက်ကို ပုတ်ချနေတော့ ကျွန်တော်သွန်သင်ဆုံးမလည်း သူကိုယ်နှိုက်ကမခံယူတော့ ဘယ်လိုလုပ်မလဲ။ ရိုက်ပြီးကတည်းက သူ့စိတ်ထဲမှာကျွန်တော့်ကို မဟာအမုန်းကြီး မုန်းသွားလောက်တယ်၊ ကျွန်တော့်ကိုလည်း မကြည်ကြည့်ကြည့်ပြီး လက်သီးဆုပ်ကာ သူ့နေရာသူပြန်သွားထိုင်တယ်။ ကျွန်တော်လည်း ရိုက်လိုက်တာများ မှားသလားဆိုပြီး ပြန်တွေးနေမိတယ်၊ စိတ်တော့ညစ်ပါတယ် ဆရာကြီးရာ"

ဆရာကြီးက အငွေ့စဲစပြုနေသည့် ရေနွေးကို တစ်ကျိုက်သောက်ကာ မာန်ပါပါ ပြောလိုက်သည်။

"စိတ်မညစ်ပါနဲ့ကွာ ကျောင်းဆရာဘဝဆိုတာ ကျောင်းသားမျိုးစုံ၊ စရိုက်ပေါင်းစုံနဲ့ တွေ့ကြရတာပါပဲ။ ဥယျာဉ်မှူးတွေဟာ ပန်းပေါင်းစုံကို စိုက်ပျိုးရတယ်။ တစ်ခါတစ်ရံ ဆူးပါတဲ့အပင်ကို စိုက်ပျိုးမိရင် အဆူးခံပြီး စိုက်ရတာပါပဲ"

"ဆရာကြီးစကား ကျွန်တော်သိပ်နားမလည်ဘူးဗျ"

"မင်းနားလည်အောင် ငါ့ကိုယ်တွေ့အဖြစ်အပျက်လေးတစ်ခုနဲ့ပြောပြမယ်"

"ဟုတ်ကဲ့ဆရာကြီး"

"ငါကျောင်းဆရာလုပ်ခါစကပေါ့။ အဲဒီတုန်းက ငါ့အသက်က (၂၁)နှစ်၊ အလွန်ကြာနေပါပြီ။ လွန်ခဲ့တဲ့ ၃၅ နှစ်လောက်ကပေါ့၊ ဒါပေမယ့် ခုထိ အဲဒီကလေးကို ငါမမေ့နိုင်သေးဘူး"

"ဘာဖြစ်လို့လဲ ဆရာကြီး"

ကျွန်တော်လည်းသိချင်ဇောနှင့် စကားဖြတ်ပြီး ထပ်မေးလိုက်သည်။

"ဒီလိုကွ ငါကအသက်(၂၁)နှစ်လေ။ မူလတန်းပြလေးပေါ့ကွာ။ ငါတို့ကျောင်းမှာ ကျောင်းအုပ်ရယ်၊ ငါရယ် နှစ်ယောက်ပဲရှိတယ်၊ ကျောင်းအုပ်ကတော့ အသက်(၅၀)ကျော်လောက်ပေါ့။ ကျောင်းသားအရေအတွက်က ၉၀၊ အတန်းက ငါးတန်း၊ ဆရာနှစ်ယောက်တည်းနဲ့ အတန်းငါးတန်းကို ဖြစ်သလိုသင်ရတာပေါ့ကွာ။ သူငယ်တန်းသင်နေရင် နှစ်တန်းက ဆော့ကြ။ သုံးတန်းသင်နေရင် လေးတန်းကဆော့ကြ၊ ဒါ့ထက်ပိုဆိုးတာက ကျောင်းသားတွေကွ"

"ကျောင်းသားတွေက ဘာဖြစ်လို့လဲ ဆရာကြီး"

"အဲဒီတုန်းက လေးတန်းကျောင်းသားတွေထဲ အစိုးရစစ် ခဏခဏကျတဲ့အသက် (၁၇)နှစ်၊ (၁၈)နှစ်တွေပါတယ်။ ငါနဲ့မတိမ်းမယိမ်းဖြစ်နေတာ စာသင်ချိန်ဆိုလည်း ဒီကောင်တွေကိုပဲ အမြဲသတိထားနေရတာ။ အဲဒီထဲမှာ ပိုဆိုးတာက ကြာခွက်ဆိုတဲ့ကျောင်းသား"

"အမည်က ဘယ်လိုကြီးလဲ ဆရာ"

"အေး အမည်ကလည်း ဆန်းသလောက်လူကလဲ ခပ်ဆိုးဆိုး။ အတန်းထဲမှာ ဒီကောင်က လူကောင်အကြီးဆုံး၊ ကျန်တဲ့ကျောင်းသားတွေက သူ့ကိုကြောက်ကြရတာ။ တစ်နေ့ကျောင်းသူလေးတစ်ယောက် ငိုနေတာတွေ့တော့ ဘာလို့ငိုနေတာလဲမေးတော့လည်း မဖြေဘူး။ နောက်တစ်နေ့လည်း ကျောင်းသူလေးတစ်ယောက် ထပ်ငိုပြန်ပါရော"

ဇာတ်ရှိန်မြင့်လာပြီဖြစ်၍ ကျွန်တော် ဘာမျှမပြောဘဲ နားထောင်နေလိုက်သည်။

"ဒါနဲ့ ငါလည်း အဲဒီကလေးမလေးကို ခေါ်မေးတော့၊ မပြောရဲဘူးတဲ့"

"ဘာလို့မပြောရဲတာတဲ့လဲ ဆရာကြီး"

"ကြာခွက်က လုပ်မှာဆိုးလို့တဲ့၊ မဖြစ်တော့ဘူးဆိုပြီး ကလေးမကိုချော့ပြီး မေးလိုက်တော့ ငါ့ကောင် မောင်ကြာခွက်က တကယ့်ငါးမြွေထိုးလေး ကောင်မလေးတွေဖင်ကို လက်နဲ့လိုက်ဆိတ်ဆွဲပြီး ဆရာ့တိုင်ရင်လုပ်မှာဆိုပြီး နေ့တိုင်းလိုက်စနေတာတဲ့ဗျာ"

ဝင်းကိုထက်တောင် ပိုပါလားဆိုပြီး ကျွန်တော်တွေးမိသည်။

"ငါလည်း ကြာခွက်ကိုခေါ်ပြီးမေးတော့ ခပ်တည်တည်ပဲဗျာ၊ ဟုတ်တယ် လုပ်တယ်တဲ့။ ငါ့လည်း စိတ်တိုရကောင်းမတိုရကောင်း၊ သူဖြေတဲ့ပုံစံက လူကိုမခန့်လေးစားပုံစံနဲ့ပေါ့ကွာ။ သူနဲ့ငါကအသက်က သိပ်မကွာ၊ မဆုံးမလို့ကလည်း မဖြစ်၊ ဒီအတိုင်းလွှတ်ထားရင် ပိုးဆိုးမှာပဲဆိုပြီး အရဲစွန့်ရင်း တခြားကျောင်းသားတွေရှေ့မှာ ငါးချက်လောက် အားကုန်ထည့်ရိုက်လိုက်တယ်"

"ဆရာကြီးက ကျွန်တော့်ထက်တောင် အရိုက်ကြမ်းပါလား"

"ကြမ်းဆို ကျောင်းအုပ်ကြီးတောင်မျက်လုံးပြူးသွားတယ်။ ကြာခွက်ကိုရိုက်ပြီးတော့ ကောင်မလေးတွေကို အဲဒီလိုမစရဘူး၊ မင်းထောင်ကျမှာ မကြောက်ဘူးလားဆိုတော့ မကြောက်ဘူးတဲ့။ ဘယ်သူ့ကိုမှလည်း မကြောက်ဘူးတဲ့။ ခင်ဗျားကြီးကိုလည်း မကြောက်ဘူး ဆရာဖြစ်နေလို့သာ ငြိမ်အရိုက်ခံတာ။ ကျုပ်တို့အမျိုးက ဘာမျိုးလဲဆိုတာ တစ်နေ့သိစေရမယ်တဲ့။ သွေးတိုးမဆန်းနဲ့ ခွေးမျိုးကန်းသွားမယ် ဘာမှတ်နေလဲတဲ့။ ပြီးတော့ မျက်စောင်းထိုးကြည့်ပြီး နေရာကနေပြန်သွားတယ်"

ကျွန်တော့်ရင်ထဲတွင် ကြက်သီးများပင် ဖြန်းဖြန်းထနေလေသည်။

"ဆရာကြီး ပြီးတော့ဘာတွေဆက်ဖြစ်သေးလဲ"

"ဖြစ်တာပေါ့ သူ့မိဘတွေကိုခေါ်၊ ကျောင်းအုပ်ဆရာကြီးရယ်၊ ကြာခွက်ရယ်၊ ငါရယ် ရုံးခန်းမှာတွေ့ပြီး ဝန်ခံကတိတွေထိုး၊ ဖခင်ဖြစ်သူမှာဆို မျက်စိမျက်နှာတွေကို ပျက်နေတာ။ ငါ့ကိုလည်း တောင်းပန်ရှာပါတယ်။ ဟိုကောင် ကြာခွက်ကတော့ ငါနဲ့ မျက်လုံးချင်းဆုံတိုင်း အံတကြိတ်ကြိတ်နဲ့ပေါ့၊ ငါကတော့ ကြာခွက်နဲ့ပတ်သက်ပြီး အဲဒီကတည်းက ဘယ်လိုမှ သဘောမထားခဲ့ပါဘူး။ ပြုံးတောင်ပြလိုက်သေးတယ်"

ကျွန်တော်တို့စကားကောင်းနေကြတာ ငှဲ့ထားသောရေနွေးများမှာ အေးစက်နေပေပြီ။

"ကျောင်းဆရာဘဝဆိုတာ ဒီလိုပါပဲ။ မင်းကခုမှ ဆရာလောကထဲဝင်ခါစရှိသေးတယ်။ ကြုံတွေ့ရဦးမှာ ရှေ့ဆက်ပြီး စိတ်မညစ်ပါနဲ့။ ငါတို့ကျောင်းဆရာဘဝဆိုတာ တပည့်တွေအတွက် တစ်ခါတလေ မင်းသား၊ တစ်ခါတလေ ဗီလိန်၊ လူကြမ်းပေါ့ကွာ၊ အကယ်ဒမီပေးရင်လေ ဒို့ဆရာတွေပဲရမှာကွ"

ဩော်. . . . ဆရာကြီး ပြောပြလိုက်တော့လည်း ညစ်နေသည့်စိတ်မှာ တစ်ဖန်ပြန်နိုးထလာမိသည်။

"ငါတို့ကျောင်းဆရာတွေဆိုတာ နိုင်ငံ့ဝန်ထမ်းတွေဖြစ်တယ်။ ပင်စင်မယူမချင်း တာဝန်ထမ်းဆောင်ကြရမှာ၊ တိုင်းပြည်တိုးတက်ဖို့ ငါတို့ကျောင်းဆရာတွေဟာ အကွခရာပဲ" ဆိုသည့် ဆရာဦးဘုန်း စကားလေးဟာ ကျွန်တော့်နားထဲမခေါ်ဘဲ ပြန်ကြားယောင်နေမိသည်။

ကျွန်တော်တို့ ကျောင်းဆရာတွေဟာ တိုင်းပြည်ရဲ့ အနာဂတ်ပဲ့ကိုင်ရှင်တွေသာ ဖြစ်သည်။ ဥယျာဉ်မှူးဆိုလည်း မမှားပေ။ ဥယျာဉ်မှူးများသည် ပန်းပေါင်းစုံကိုစိုက်ပျိုးရပြီး တစ်ခါတစ်ရံ ဆူးပါသည့်အပင်ကို စိုက်ပျိုးရသည့်အတွက် အဆူးခံပြီးစိုက်ပေးမြဲပါပဲ။ ။

## အိုင်တီခေတ်

ယနေ့ခေတ်မှာ တိုးတက်လာ
အိုင်တီနည်းပညာ။
ကောင်းဆိုးနှစ်တန် ဒွန်တွဲလျက်
အိုင်တီအကျိုးဆက်။
အိုင်တီခေတ်၌ အသုံးတွင်
ဖေ့စ်ဘွတ်စနစ်ပင်။
နည်းမှန်လမ်းမှန် သုံးစွဲကြ
ဒါမှကောင်းကျိုးရ။
ရသသုတ ရှာကြမယ်
ဖေ့စ်ဘွတ်ပေါ်မှာကွယ်။
နလုံးအာဟာရ ပြည့်ဝဖို့
ရသစာပေဖတ်ကြစို့။
ဦးနှောက်သိဉာဏ် ဖွံ့ဖြိုးအောင်
သုတစာပေ ဖတ်ရအောင်
ဖေ့စ်ဘွတ်သုံးသူ လူအများ
အသုံးတည့် မှန်စေသား။
အိုင်တီခေတ်ရဲ့ စွမ်းပကား။ ။

မိုးမြန်မာ(ရွှေတောင်)

## မျိုးဆက်သစ်ရင်ပြင် လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(စာတည်းအဖွဲ့)

ဝတ္ထုတို

# နာရေး

## ရှိုင်းမင်းညို

(၁)

"အနောက်နှစ်လမ်းကျော်က ကိုဘဦး ဆုံးပြီ"

ဒီသတင်းကြားတော့ ကျွန်မ ပျော်သလိုလိုတောင် ဖြစ်သွားမိတယ်။ ဒီရက်ပိုင်းထဲ ဈေးက ရောင်းမကောင်းတာနဲ့ဆို အတော်ပဲလေ။ ခုတစ်လော အဖေဖြစ်သူကလည်း ကျန်းမာရေးသိပ်ကောင်းတာမဟုတ်။ ရှိတာလေးတွေ ပေါင်နှံရောင်းချပြီး ကုနေရင်း ဈေးရင်းကလေး ပျောက်မသွားအောင် မနည်းလုံးပန်းနေရတာမဟုတ်လား။

ပြောင်းဖူးပြုတ်၊ မြေပဲပြုတ်၊ ကန်စွန်းဥပြုတ်ဆိုတဲ့ ရာသီပေါ် မုန့်ပဲသရေစာ ရောင်းရတာသာပြောတာ ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်းနဲ့ အရင်းအနှီးကတော့သိပ်များများစားစားကြီး မဟုတ်ပေမယ့် သုံးတဲ့အထဲပါသွားရင် တော်တော်နဲ့ရှာမရ။

အခုတော့ ကျွန်မအတွက် "ဂွင်"တစ်ခု ပေါ်လာပြီ။ ဟုတ်တယ်လေ ဒီရပ်ကွက်အထာကို ကျွန်မအသိဆုံး။

ရပ်ကွက်ထဲ အိမ်တစ်အိမ်က နာရေးဖြစ်ပြီဆို ရပ်ရေးရွာရေးဝိုင်းဝန်းကူညီကြတဲ့ လူငယ်လူရွယ်အချို့က "နာရေးမဏ္ဍပ်"ထိုးဖို့ ဝိုင်းဝန်းကူညီကြမယ်။ အခုနောက်ပိုင်း နာရေးကူညီမှုအသင်းတွေပေါ်လာလို့သာ တော်ရော့တာ။ အရင်ကဆို ဘာတဲ့ "မသာကန်ထရိုက်"ဆိုလား လုပ်ကြသေးတာ။ ထားပါ ဒါက ကျွန်မနဲ့ဆိုင်တာမဟုတ်ဘူး။ ဆုံးတဲ့သူက ဆင်းရဲတဲ့သူဖြစ်ဖြစ်၊ ချမ်းသာတဲ့သူဖြစ်ဖြစ်၊ အပေါင်းအသင်းနည်းသူဖြစ်ဖြစ်၊ များသူဖြစ်ဖြစ် သေတဲ့သူကသေလို့ နာရေးမဏ္ဍပ်ထိုးပြီး သိပ်မကြာခင်ပဲ လူစုလူဝေးကြီးတပ်ချီပြီး ရောက်လာကြတော့မှာ။ နာရေးသတင်းလာမေးကြတာတော့မဟုတ်။ ဖဲလာရိုက်ကြတာ။

အဲ ကျွန်မတို့ရပ်ကွက်က ဆင်းရဲတဲ့ရပ်ကွက်ဆိုပေမယ့် စားဖို့သောက်ဖို့နဲ့ လှူဖို့တန်းဖို့လောက်ပဲ ဆင်းရဲကြတာ။ အခုလို ဖဲရိုက်ဖို့အတွက်ဆိုရင် ပိုက်ဆံတွေ ဘယ်တွင်းထဲက နှိုက်လို့နှိုက်လာကြမှန်းကို မသိတာ။ ဒါ ဒီရပ်ကွက်ရဲ့ထူးခြားချက်ပဲ။ ရှင်းရှင်းပြောရရင် ဒီရပ်ကွက်က ဖဲသမားရပ်ကွက်ဆိုပါတော့။ ဒါပေမယ့် ဖဲသမားများလေ ကျွန်မကြိုက်လေပါပဲ။ လမ်းထိပ်က ရောင်းနေကျ ခပ်နဲ့နဲ့ဆိုင်ခုံလေးကို နာရေးမဏ္ဍပ်နားရွှေ့ပြီး ရောင်းလိုက်ရုံပဲ။ အရင်က တစ်နေကုန်လို့မှ ငွေငါးထောင်ဖိုးလောက်တောင် ဖြစ်ဖြစ်မြည်အောင် ရောင်းနေရတဲ့ ကျွန်မအတွက် အဲ့ဒီလိုနေ့မျိုးဆို တစ်သောင်းခွဲဖိုးလောက်ကတော့ အသာလေးရောင်းရတယ်။

ဖဲဝိုင်းကလည်း သုံးဝိုင်းလောက်ဆိုတော့ ကလေးလူကြီး အစုံပါသေးတယ်။ တချို့ဆို ထမင်းဟင်းတောင် ပြန်မစားနိုင်ကြဘူး။ ပြောင်းဖူးပြုတ်ဝယ်စားလိုက်၊ မြေပဲပြုတ်ဝယ်စားလိုက်နဲ့ ကျွန်မမှာ အတော်လေးလက်သွက်လို့နေတာပဲ။ နေ့လယ်နေ့ခင်းအတွက် ရှောက်ကွင်းလေး၊ အချဉ်ပေါင်းလေးကလည်း တော်တော်အလုပ်ဖြစ်သေးတယ်။ ဒါကြောင့် "နာရေး"အသံကြားရင် ပျော်သလိုလို ဖြစ်နေတာ‌ေ အကျင့်ကလေးရနေတတ်ပြီ မဟုတ်လား။

ဟိုတစ်လောကလည်း ရပ်ကွက်ထိပ်က ကုန်ခြောက်ဆိုင်ပိုင်ရှင် ကိုအုန်းငွေရဲ့နာရေးကို ဈေးသွားရောင်းတာ ခုနစ်ရက်လုံး အတော်လေးရောင်းကောင်းလိုက်သေးတယ်။ နာရေးပြီးတော့ အငယ်မလေးကို နားစွဲလေးတစ်ရန်တောင် လုပ်ပေးဖြစ်လိုက်သေးတယ်။ အခုတော့ မရှိတော့ပါဘူး။ ဖေဖေ့ကျန်းမာရေးအတွက် ဆေးဖိုးလိုလို့ အပြတ်ရောင်းလိုက်ရပြီ။ ဒီတစ်ခေါက်ပိုက်ဆံလေးပိုထွက်ရင်တော့ အိမ်အနောက်ဘက်ခြမ်းကို ဝါး၊ ထရံလေးဝယ်ပြီးပြင်ဖို့ စိတ်ကူးတော့ရှိသားရယ်။ မိုးကလည်းစနေပြီဆိုတော့ အခုကတည်းက ပြင်ထားမှတော်ကာကျမယ်လေ။

"ဟူး"

အသက်မပါလှတဲ့ သက်ပြင်းတစ်ချက်ကို ကျွန်မ လေးလေးပင်ပင်ပဲ မှုတ်ထုတ်လိုက်မိတယ်။ ပြောရင်းဆိုရင်း အနောက်ဘက်က မိုးရိပ်မိုးသက်တွေ အလိပ်လိုက်အလိပ်လိုက်။

(၂)

"အငယ်ကောင် ထင်းကိုနိုင်အောင်ထိုးနော်၊ မီးမသေစေနဲ့၊ အစ်ကြီးမကန်စွန်းဥတွေ၊ မြေပဲတွေကို ရေပြောင်အောင်ဆေးပြီးရင် လမ်းထိပ်မှာ ထင်းနှစ်စည်းသွားဝယ်ပေးဦး"

ကျွန်မ ဒီမနက် တော်တော်လေးတက်ကြွနေတယ်။ တက်ကြွဆို ခုချိန်လောက်ဆို ဖဲဝိုင်းကအတော်လေး လူစုံနေလောက်ပြီ မဟုတ်လား။

လုပ်စရာရှိတာတွေကို ဇာယ်ဆက်သလိုလုပ်ရင်း အတိတ်ကဇာတ်လမ်းအချို့ကို အမြင်အာရုံတစ်လျှောက် တရေးရေးမြင်ယောင်နေမိတယ်။ ကျွန်မဘဝက ကံဆိုးလွန်းလှတယ်လို့ဆိုနိုင်ပါတယ်။ အငယ်မလေးကို ကိုယ်ဝန်လွယ်ထားရင်းနဲ့ ယောကျ်ားဖြစ်သူက လုပ်ငန်းခွင်မတော်တဆလို့ ဆိုပြီးတိမ်းပါးသွားခဲ့တယ်။

ဘာမှမလုပ်တတ် မကိုင်တတ်တဲ့ ကျွန်မအတွက် လျော်ကြေးဆိုတာကိုလဲ နားမလည်ခဲ့ပါဘူး။ နောက်ဆုံးတော့ ပိုက်ဆံနည်းနည်းရလိုက်တာကလွဲလို့ ခင်ပွန်းသည်တစ်ယောက် လူ့လောကထဲက လက်ပြနှုတ်ဆက်သွားတာပဲ အဖတ်တင်ခဲ့တယ်။ ဒုံရင်းက ဒုံရင်းပါပဲ။

ဒုက္ခတွေကို ခါးထစ်ခွင်ရင်း အိမ်ရဲ့စားဝတ်နေရေးအတွက် အဝတ်လျှော်၊ မီးပူတိုက်၊ ဈေးရောင်းနဲ့ ရရာအလုပ်ကို နေရာမရွေး၊ အချိန်မရွေးလုပ်ရတော့တယ်။

နောက်ဆုံးတော့ မုဆိုးမတစ်ဖြစ်လည်း ကျွန်မဘဝက ဒုက္ခတွေနဲ့ စည်းချက်ကိုမှန်လို့။

(၃)

"ဟူး ဒီရက်ပိုင်းထဲ၊ နာရေးတွေကလည်း ရှားလိုက်တာနော်"

"ဟဲ့ သမီး၊ ဘာတွေပြောနေတာလဲ၊ နာရေးဆိုတာ ဖြစ်တိုင်းကောင်းတယ်ထင်နေလား၊ ကိုယ်အဆင်ပြေဖို့ တစ်ခုတည်းအတွက် ဘယ့်နှသူများကို ဒုက္ခရောက်စေချင်ရတာလဲကွယ့်"

အနောက်က အဖေ့အော်သံကြားမှ ကျွန်မ သတိပြန်ဝင်လာတယ်။ အမှန်တော့ စိတ်ထဲကနေပြောလိုက်တာရယ်ပါ။ ဒါပေမယ့် နှုတ်က ယောင်ပြီးထွက်သွားတယ်ထင်ပါရဲ့။ ဒီအတွေးက မကောင်းမှန်း ကျွန်မသိပါတယ်။ သို့ပေသိ "ကိုယ့်ဝမ်းနာ ကိုယ်သာသိ" မဟုတ်လား။

"အိုတော် မကောင်းတာတော့ မကောင်းတာပေါ့အဘရယ်၊ ဒီရက်ပိုင်းထဲ ပိုက်ဆံပြတ်တယ် အဘရဲ့၊ တော်ပါပြီ၊ အဘနဲ့ဆက်ပြောနေလည်း ဘာမှထူးမှာမဟုတ်ဘူး၊ အပြင်သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို အိမ်အပြင်လှမ်းခဲ့ပေမယ့် ကျွန်မရဲ့စိတ်တွေ လေးလံနေမိတာတော့ အမှန်။

(၄)

ကျွန်မခြေလှမ်းတွေက သွက်သထက်ပိုသွက်နေတယ်။ အသက်ရှူဖို့တောင် မေ့လျော့နေရလောက်အောင် အပြေးတစ်ပိုင်းလျှောက်ခဲ့ရတာကြောင့် စီးလာတဲ့ဖိနပ်လည်း ဘယ်နားမှာ ကျွတ်ကျန်ခဲ့မှန်းမသိ။ စိုးရိမ်စိတ်တွေကပဲ ခေါင်းထဲမှာနေရာယူလို့။ ပြေးသာပြေးနေရတာ မျက်လုံးတွေက ပြာဝေနေတာကြောင့် ခလုတ်ကန်သင်းတွေကိုလည်း မမြင်နိုင်တော့။

နာကျင်ကျိန်းစက်လှတဲ့ ခြေဖဝါးရဲ့ ခံစားချက်တွေကိုလည်း အမှုမထားနိုင်။ အိမ်အမြန်ပြန်ရောက်ဖို့ အရေးကြီးပါတယ်ဆိုမှ ပြေးနေရင်းခရီးကမတွင်သလို ခံစားနေရတယ်။

"မစန်းမေ . . . နင့်အဖေ မူးလဲလို့တဲ့"

သုံးဘီးဆိုင်ကယ်မောင်းရင်း အော်ပြောသွားတဲ့ သောက်ရေဘူးပို့သမား ကိုလှမောင်ရဲ့အသံက နားထဲမှာ ပဲ့တင်ပြီးပြန်ကြားနေတယ်။ လေဖြန်းထားတဲ့ အခံရှိလို့ ဖေဖေလမ်းကောင်းကောင်းပြန်မလျှောက်နိုင်တာ ကျွန်မ အသိဆုံး။

"ဘုရား၊ သကြားမလို့ ဖေဖေဘာမှမဖြစ်ပါစေနဲ့" လို့ပဲ စိတ်ထဲက တတွတ်တွတ် ဆုတောင်းနေမိတော့တယ်။

"ဟင်"

လမ်းချိုးတစ်ခုအကွေ့၊ စိုးရိမ်စိတ်တို့နဲ့ အိမ်ကို လှမ်းအကြည့်မြင်လိုက်ရတဲ့ မြင်ကွင်းက ကျွန်မ ခြေလှမ်းတွေကို ရပ်တန့်သွားစေတယ်။ မတ်တတ်မတ်တတ်နဲ့ လူအများစုက ကျွန်မ အိမ်ရှေ့မှာ အပြည့်။ အမျိုးအမည်မသိတဲ့ ခံစားမှုကြီးက ကျွန်မခေါင်းထဲမှာ အဆက်မပြတ် ခုန်ပေါက်လို့။ စိုးရိမ်စိတ်တွေကို ချက်ချင်းခါထုတ်ပြီး အိမ်ရှိရာကို ဆက်ပြေးဖို့ပဲ ဟန်ပြင်လိုက်တယ်။

"မေမေ ဘိုးဘိုး အသက်မရှိတော့ဘူး၊ ဟီး ဟီး"

စိုးရိမ်စိတ်တွေနဲ့ အိမ်ပေါ်ပြေးအတက် ကြားလိုက်ရတဲ့စကားအဆုံးမှာ ကျောက်ရုပ်တစ်ရုပ်လို ကျွန်မကို အသက်မဲ့သွားစေခဲ့တယ်။ မိုးကြိုးပစ်သံများလည်း နားထဲမှာ လျှပ်တစ်ပြက်ဆူညံကုန်လို့။ အိပ်ရာထက်မှာတော့ အသက်မဲ့ပြီး လှဲလျောင်းနေတဲ့ ဖေဖေ။

"ဟုတ်တယ် မစန်းမေ၊ နင့်အဖေ အပြင်ကပြန်လာပြီး မူးတယ် မူးတယ်ပြောတာပဲ၊ဆရာလေးကတော့ ဦးနှောက်သွေးကြောပြတ်တယ်တဲ့ဟယ်"

ကျွန်မ ခေါင်းကို ဆက်တိုက်ခါယမ်းမိလိုက်တယ်။ သွားပြီ။ ကျွန်မ တောင့်တခဲ့တဲ့ "နာရေး"။ အခုတော့ ကျွန်မရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီးရောက်ခဲ့ပြီ။

ဘယ်သူ့အတွက်မှမကြည့်။ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်ပြီး သူများနာရေးဖြစ်ရင် ပျော်နေတတ်တဲ့ ကျွန်မ အတ္တတွေအတွက် ဘုရားရိုက်တာ။

ကမ္ဘာလောကကြီးတစ်ခုလုံး ဖျတ်ခနဲ မှောင်မိုက်သွားပြီး အသက်ရှူသံတွေကို ကျွန်မနားထဲမှာ ကျယ်ကျယ်လောင်လောင်ကြားလိုက်ရတယ်။ ရပ်ထားတဲ့ ခြေထောက်တွေလည်း တဖြည်းဖြည်း အားလျော့ပျော့ခွေလာတယ်။ နောက်ဆုံးခန္ဓာကိုယ်ကြီးတစ်ခုလုံး လေထဲမှာ လွင့်မျောသွားသလို။

"မစန်းမေ . . . မစန်းမေ"

"ဂျိမ်း. . . ဂျလိမ်း"

ခေါ်သံတွေအဆုံး မိုးချိန်းသံ၊ မိုးကြိုးပစ်သံတွေက နားထဲတိုးဝင်လာနေဆဲ။ ကျွန်မမှားခဲ့တယ်။ ကျွန်မ သိပ်မှားခဲ့တယ်။အဲဒီအမှားတွေအတွက် ဖေဖေ့ကို တောင်းပန်ရလိမ့်မယ်။

ဆောင်းပါး

# စာအုပ်နှင့် စာအုပ်မျက်နှာဖုံး

## ဟိန်းဇော်မြင့်(တောင်တွင်းကြီး)

ကျွန်တော့် စိတ်ထဲ၌ သဘောမကျသည့် မြင်တွေ့မှု အချို့ကို လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်အနေဖြင့် ချရေးလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော် စာအုပ်ကို ဝယ်ယူသောအခါ(သို့)ဖတ်မည်ဟု ကောက်ကိုင်လိုက်သောအခါ စာရေးသူ၏ ကလောင်နာမည်ကို အရင်ကြည့်လေ့ရှိပါသည်။ ခေါင်းစဉ်ကို ဘယ်လိုပေးထားလဲ စိတ်ဝင်တစားဖတ်ပါ၏။ စာအုပ်မျက်နှာဖုံးတွင် ရေးဆွဲထားသော သရုပ်ဖော်ပုံကို အရသာခံ၍ ကြည့်ပါ၏။ ပြီးမှ စာအုပ်အတွင်းထဲ၌ ပါသော စာရေးသူ၏ ကိုယ်ရေးအကျဉ်း၊ အမှာစာ၊ ဇာတ်လမ်းသဘောကို ခံစားဖတ်ရှုလေ့ရှိပါသည်။ အရေးအသား၊ စေတနာ၊ ရည်ရွယ်ချက် ကောင်းလျှင် ကောင်းသလို စာရေးသူကို စိတ်ထဲ၌ ကျိတ်၍ ချီးကျူးလေ့ရှိပါ၏။ ရိုသေလေးစားခြင်းသည်လည်း သူ့အလိုလို ဖြစ်ပေါ်တတ်ပါသည်။ သို့သော် သူ၏စာဖတ်ပရိသတ်တော့ ဖြစ်ချင်မှ ဖြစ်ပါ့လိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော့်အနေဖြင့် စာရေးဆရာတစ်ယောက်၏ ဝတ္ထုတစ်ပုဒ်၊ စာအုပ်တစ်အုပ်ကိုဖတ်ပြီး ထိုစာရေးဆရာ၏ စာဖတ်ပရိသတ် ဖြစ်ချင်ဖြစ်လိမ့်မည်၊ မဖြစ်ချင် မဖြစ်ပါဘူး။ ပုံသေတွက်လို့ မရပါ။ ရှင်းပါမည်။ အချို့သော စာရေးဆရာများသည် သူတို့၏ ပထမဦးဆုံးလက်ရာ၌ လက်ကို အစွမ်းကုန်ထည့်ရေးထားတာ ဖြစ်သောကြောင့် အလွန်ကောင်းမွန်လေ့ရှိသည်ကို တွေ့ရတတ်ပါသည်။ နောက်လက်ရာများ၌ တော်ရိရော်ရိလေးပဲ အားထုတ်ထားတာဖြစ်သဖြင့် ပထမလက်ရာကို မမှီတတ်တာလည်း ကြုံရတတ်ပါသည်။ ဟောတစ်ပုဒ် ဟောတစ်ပုဒ် ရေးလာတတ်ကြပါသည်။ အရည်အသွေးထက် အရေအတွက်များလာခြင်း ဖြစ်ပါသည်။ ပြီးလျှင် ဘာမှမကျန်သော စာရေးဆရာ ဖြစ်သွားတတ်ပါ၏။ အချို့ဆရာများကတော့ စာမူကောင်းကြီး အမြဲတမ်းမရေးနိုင်ဘူးဆိုသည့်အတိုင်း ကောင်းသည့်အခါရှိသလို ညံ့သည့်အခါလည်း ရှိတတ်ပါသည်။ ပြောရမည်ဆိုလျှင် မူလလက်ရာကို မမှီဘဲ လက်ရာညံ့လာသောသို့ စာပေလောကနှင့်သွေဖည်လာသော စာရေးဆရာလက်ရာများကို ကျွန်တော့်အနေဖြင့် အချိန်ကုန်ခံ၍ ဖတ်လေ့မရှိပါ။ မူလလက်ရာကို မီအောင်(သို့) မူလလက်ရာထက်ကောင်းအောင် အပင်ပန်းခံ ကြိုးစားအားထုတ်ရေးလေ့ရှိသော စာရေးဆရာစာအုပ်ကိုမူ ဖတ်လေ့ရှိပါသည်။ ထိုစာရေးဆရာ စာအုပ်များက သာလျှင် ကျန်ရစ်နေသည်ဟု မြင်မိပါသည်။

ထိုသို့ ကြိုးစားအားထုတ်သော စာရေးဆရာများကို နာမည်တစ်လုံးနှင့် နေသည့် စာရေးဆရာများဟူ၍ ကင်ပွန်းတပ်လျှင် မမှားပါ။ ထိုစာရေးဆရာများကိုမူ မည်သူတစ်ဦး၊ တစ်ယောက်ကမှ လာပါ၊ ကြည်ညိုလှည့်ပါ မပြောရပါဘဲနှင့် လေးစားတန်ဖိုးထားတတ်ကြပါသည်။ ကျွန်တော့်အနေဖြင့် သူများဆရာခေါ်တိုင်း လိုက်ခေါ်တတ်လေ့မရှိသည်ကိုလည်း ကျိန်ပြီး ပြောဝံ့ပါသည်။ ကျွန်တော်၏ ဉာဏ်တစ်ထွာတစ်မိုက်လေးဖြင့် စဉ်းစား၊ ဝေဖန်ပြီးမှ ဆရာခေါ်လေ့ရှိပါသည်။

နောက်ပြီး ထိုစာရေးဆရာများသည် လူရှေ့၊ သူရှေ့ သိပ်ထွက်ပြလေ့မရှိဘဲ မိမိအလုပ်ကိုယ် မိမိတာဝန်ကျေပွန်အောင် လုပ်ဆောင်တတ်လေ့ရှိသည်ကိုလည်း တွေ့မြင်နိုင်ပါသည်။ ဂုဏ်သတင်းကျော်စောမှုကို ထုတ်ဖော်ပြသစရာ မလိုခြင်းကပဲ ပို၍ဂုဏ်သတင်းကျော်စောခြင်းကို ဖြစ်ပေါ်စေသည်လား မပြောတတ်ပါ။ အနေအထိုင် သိုဝှက် ကျစ်လျစ်သည်ဟု ပြောလို့ရမည် ထင်ပါသည်။ နေရာတကာဝင်၍ ပါလေ့မရှိပါ။ သည်တော့ လေးစားရသည့် ဆရာများသည် လူနောက်ကွယ်မှာပဲ နေလေ့ရှိသဖြင့် မတော်တဆလမ်းမှာ တိုက်တိုက်ဆိုင်ဆိုင် ဆုံဖြစ်တောင် မှတ်မိနှုတ်ဆက်ဖို့ ခက်ခဲလွန်းပါသည်။ (အခုကတော့ Facebook သုံးကြတာများပြီး ဆရာများကိုယ်တိုင် ပုံတွေတင်ကြတာမို့ လမ်းတွေ့ မမှတ်မိစရာအကြောင်းမရှိတော့ပါ)။

ဤတွင် စာအုပ်မျက်နှာဖုံးကိစ္စနှင့် ဆက်စပ်လာပြီးဖြစ်တာကြောင့် အနည်းငယ်ပြောချင်ပါသည်။ ကျွန်တော်ဖတ်ရှုခဲ့ရသော ဆရာကြီးများသည် သူတို့၏ရုပ်ပုံလွှာကို သူတို့၏စာအုပ်မျက်နှာဖုံးတွင် ဖော်ပြလေ့မရှိဘဲ စာအုပ်ထဲက ကိုယ်ရေးအကျဉ်းမှသာ လိုင်စင်ဓာတ်ပုံကဲ့သို့ ပုံသေးသေးလေးဖြင့်သာ ထည့်သွင်းလေ့ရှိသည်ကို တွေ့ရတတ်ပါသည်။ ယေဘုယျ အားဖြင့်တော့ မှန်ပါသည်။ ဘာကြောင့်လည်းဆိုတော့ အချို့သောဆရာကြီးများကတော့ မိမိ၏ရုပ်ပုံလွှာဖြင့် စာအုပ်ထုတ်တာ တွေ့မြင်ရပါသည်။ ဆရာကြီး၏ စိတ်ဆန္ဒကြောင့်လား၊ စာအုပ်တိုက်၏ စီစဉ်မှုကြောင့်လား မပြောတတ်ပါ။ နောက်ကွယ်လွန်ပြီးသော စာရေးဆရာကို ဂုဏ်ပြုရေးသားထားသော စာအုပ်၌လည်း စာရေးဆရာ၏ မျက်နှာပါပါသည်။ ကဗျာပေါင်းချုပ်များမှာလည်း တွေ့မြင်ရတတ်ပါသည်။ သို့သော် သတိပြုရန် အချက်မှာ မိမိ၏စာအုပ်ကို မိမိ၏ရုပ်ပုံလွှာဖြင့် ထုတ်ဝေကြသော ဆရာအများစုသည် စာပေနယ်တွင် ခိုင်ခိုင်မာမာနေရာတစ်ခု ရပ်တည်စိုက်ထူထားကြသူများဖြစ်ကြောင်းကိုမူ မမေ့သင့်ဟု ထင်ပါသည်။

ယခုမူ အချို့ ကလောင်သစ်များသည်(ကျွန်တော် မဖတ်ဖူးတာလည်း ဖြစ်နိုင်ပါတယ်) မအောင်မြင်ခင် ထင်ပေါ်လိုစိတ် အခံရှိသည်လား မပြောတတ်ပါ။ မိမိ၏ရုပ်ပုံဖြင့် မိမိ၏စာအုပ်မှာ အသုံးပြု၍ ထုတ်လာတတ်သည်ကို မြင်တွေ့မိပါသည်။ ကိုယ်တိုင်းရေးအတ္ထုပ္ပတ္တိ မဟုတ်ပါဘဲနှင့် ဘယ်လိုအကြောင်းပြချက်ဖြင့် ထုတ်တာလည်း မပြောတတ်ပါ။ ဥပမာ နာမည်ကြီး စာရေးဆရာတစ်ယောက်ဖြစ်သည့် ဘာသာပြန်တက်ကျမ်းများကိုရေးသော ဆရာတစ်ယောက်ဆိုလျှင်လည်း မျက်စိဆံပင်မွေးစူးအောင် သူ၏ပုံများဖြင့် စာအုပ်ထုတ်လေ့ရှိပါ၏။ သဘောမကျ၍ ဖတ်လည်း မဖတ်ပါ။ သူ့အရင် ရေးခဲ့သော ဆရာကြီး ပီမိုးနင်း၊ ဆရာဖေမြင့်တို့တောင် ထိုသို့လုပ်လေ့လုပ်ထမရှိခဲ့တာ သေချာပါ၏။

တကယ်တော့ ထိုကိစ္စသည်ကောင်းသလိုလိုနှင့် မကောင်းဘူးဟု ကျွန်တော် ထင်ပါသည်။ တကယ်တော့ စာရေးဆရာတစ်ယောက်၏ အဓိကရည်ရွယ်ချက်မှာ ကိုယ်မွေးထုတ်လိုက်သောစာတစ်ပုဒ်ကို စာဖတ်သူ အကျိုးရှိအောင်၊ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားရေးသားရမည့် တာဝန်ရှိသည်ဟု ထင်မိပါသည်။

အမှန်တော့ အရည်အချင်းရှိတယ်ဆိုလျှင် ကိုယ်ရည်သွေးတီးလုံးတီးပြနေဖို့ မလိုပါ။ အချိန်နှင့် စာဖတ်သူကသာ ဆုံးဖြတ်သွားလိမ့်မည်ဟု ထင်မိပါတော့သည်။ ။

ဝတ္ထုတို

■ နိုင်ကြည်သားနေ



ကရုဏာရပ်ကွက်လေးသည် အခြေခံလက်လုပ်လက်စားဘဝများစွာဖြင့် တန်ဆာဆင်ထားသော ရပ်ကွက်လေး ဖြစ်သည်။ ထိုရပ်ကွက်ထဲတွင် ဆိုက်ကားဆရာ၊ ကားဆရာ၊ ပန်းရန်ဆရာ၊ ဆိုင်ကယ်ကယ်ရီမောင်းနှင်သူ၊ အမှိုက်သိမ်းလုပ်သားများ၊ ခေါင်းရွက်ဗျပ်ထိုး ရောင်းဝယ်ဖောက်ကားသူများနှင့် ခန္ဓာကိုယ်အား ဈေးဖြတ်ရောင်းချသူများဖြင့် စည်ကားလှသည်။ အစည်ကားဆုံးနေရာမှာ ရပ်ကွက် ထိပ်ကုန်စုံဆိုင်နားဖြစ်၏။ ထိုကုန်စုံဆိုင်အနီးအနားတွင် ရပ်ကွက်ထဲမှ ဈေးသည်များက ဗန်းကလေးများ ချကာ ရောင်းကြသည်။ ကယ်ရီမောင်းသူများ ဆိုက်ကားသမားများကပါ ဂိတ်ပုံစံမျိုး လုပ်ထားသဖြင့် ရပ်ကွက်ဈေးသဖွယ်ဖြစ်နေ၏။

ဒုတိယ အစည်ကားဆုံး နေရာမှာ အုပ်ချုပ်ရေးမှူးရုံးဖြစ်သည်။ အုပ်ချုပ်ရေးမှူး၏ရုံးခန်းသည် လူပြတ်သည်ဟူ၍ မရှိ။ တိုင်သံတောသံ၊ ငြင်းခုန်သံများဖြင့် စီစီဝေနေလေ့ရှိသည်။ ယခုလည်း အုပ်ချုပ်ရေးမှူးရုံးခန်းတွင် အမှုတစ်ခုတက်နေသည်။ သည်ရပ်ကွက်တွင် သူဌေးဟုသတ်မှတ်၍ရသော ကုန်စုံဆိုင်ပိုင်ရှင် ကိုမောင်မြင့်က ဆိုင်ကယ်ကယ်ရီမောင်းနှင်သူ မောင်ထူး၏ မိန်းမနှင့် ငြိစွန်းကြသည်။ သို့ပါ၍ မောင်ထူးက အုပ်ချုပ်ရေးမှူးဦးထွန်းသာကို လာရောက်တိုင်တန်းသည်။ ကိုမောင်မြင့်ကလည်း ပက်ပင်းမိသည်ဖြစ်၍ မောင်ထူး၏ မိန်းမနှင့် ငြိစွန်းခဲ့ကြောင်း ဝန်ခံသည်။ မောင်ထူးက ဒေါသတွေထွက်ကာ သူ့မိန်းမကို ထရိုက်သဖြင့် ရာအိမ်မှူးတွေက ဝိုင်းဆွဲကြရသည်။ အုပ်ချုပ်ရေးမှူး ဦးထွန်းသာက "ဒါရုံးကွ မင်းအမေလင်အိမ်မဟုတ်ဘူး၊ ငြိမ်ငြိမ်နေစမ်း ခုမှ မင်းမိန်းမကိုထရိုက်တော့ရော ဘာထူးမလဲ မင်းခေါင်းအုံးကို သူများယူအုံးကတည်းက မင်းဟာ အတော်ညံ့တဲ့ကောင်ဖြစ်သွားပြီ"

မောင်ထူးက ဒေါသတွေအထွက်လွန်ပြီး အံကိုကြိတ်သည်။ လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း "ကျွန်တော် သူ့ကိုချစ်လို့ယူခဲ့တယ် ကောင်းကောင်းမွန်မွန်လုပ်ကျွေးတယ် ဒါကိုဗျာ ကျွန်တော့်အပေါ် ယုတ်မာတယ်"

အုပ်ချုပ်ရေးမှူးက ခေါင်းကို တဆက်ဆက်ညိတ်ကာ "မောင်ထူး ဖြစ်ပြီးမှတော့ မတတ်နိုင်ပါဘူးကွာ ဒီအမှုကို ဒီမှာ တင်ပြီးတာ ကောင်းမယ်ကွာ တစ်ရပ်ကွက်တည်းသားချင်းတွေ အရှည်အရှည် ဖြစ်လို့ ဘယ်ကောင်းပါ့မလဲ အမှုဖွင့်တာတွေဘာတွေလည်း လုပ်မနေနဲ့ ဒီတော့" ဟု ဆိုကာ ကိုမောင်မြင့်ကို လှည့်ကြည့်လိုက်၏။ ကိုမောင်မြင့်က ဇက်ကလေးပုကာ မခုတ်တတ်တဲ့ကြောင်လို၊ မဟောင်တတ်တဲ့ခွေးလို လုပ်နေပုံမှာ အသည်းယားဖို့ကောင်းလှသည်။ အုပ်ချုပ်ရေးမှူးက "ကဲ ကိုမောင်မြင့် ခင်ဗျား အမှုက တော်တော်ကြီးတယ် လူမှုရေးဘက်ကပဲ ကြည့်ကြည့်၊ ဘာသာရေးဘက်ကပဲကြည့်ကြည့် ဘယ်သူမှလက်ခံနိုင်စရာမရှိဘူး ဒီတော့ကာ မောင်ထူးသာ အမှုလုပ်မယ်ဆို ခင်ဗျား ထောင်နန်းစံသွားရမယ် ဒီတော့ ခင်ဗျား မောင်ထူးကို ကျေနပ်အောင် တောင်းပန်ပါ၊ မောင်ထူးကလည်း တစ်ရပ်ကွက်တည်းသားတွေပဲဆိုတဲ့ ခွင့်လွှတ်ပါလို့ ဦးကပဲ ကြားထဲက တောင်းပန်ပါတယ်"

ကိုမောင်မြင့်က မောင်ထူးဘက်လှည့်ကာ

"မောင်ထူးရာ အစ်ကိုတောင်းပန်. . . ပန်"

"ပိတ်စမ်း ခင်ဗျားပါးစပ်ကြီး ခင်ဗျားလို ကြာကူလီနဲ့ ကျုပ်စကားမပြောချင်ဘူး အုပ်ချုပ်ရေးမှူးနဲ့ပဲ ပြောမယ်" ဟု မောင်ထူးက အော်လိုက်သည်။ အုပ်ချုပ်ရေးမှူး၊ မောင်ထူးနှင့် ကိုမောင်မြင့်တို့ အပြန်အလှန်ပြောကြသည်။ မောင်ထူးမိန်းမက ရှိုက်ကာရှိုက်ကာငိုသည်။ နောက်ဆုံးတွင် အုပ်ချုပ်ရေးမှူး၏ စေ့စပ်ညှိနှိုင်းချက်အရ ကိုမောင်မြင့်က မောင်ထူးအား နစ်နာကြေး ငါးသိန်းတိတိ လျော်လိုက်ရလေသည်။

(နှစ်)

အရက်ဆိုင်ကလေးကို ရီဝေသော မျက်လုံးပိုင်ရှင်များက လွှမ်းမိုးထားသည်။ အရင် အရက်ဖြူသောက်နေကျဖြစ်သော မောင်ထူးက အကောင်းစားဝီစကီနှင့် ဝက်နံရိုးကြော်ကိုမှာကာ ပွဲတော်တည်နေသည်။ မောင်ထူးထိုင်နေသောဝိုင်းသို့ ဆိုက်ကားဆရာ အောင်တင့်ရောက်လာသည်။ အောင်တင့်က "ဟာ မောင်ထူး မိုက်လှချည်လား ဝီတွေဘာတွေနဲ့ အံမယ် အမြည်းက ဝက်နံရိုးပါလား" ဟုဆိုကာ ဝက်နံရိုးတစ်ဖတ်ယူဝါးလိုက်၏။ မောင်ထူးက "ခင်ဗျားလည်း သောက်ချင်သောက်လေ" ဟု ပြောသဖြင့် အောင်တင့်က ဖန်ခွက်တစ်ခွက်လှမ်းမှာလိုက်သည်။ မောင်ထူးက လက်ကျန်ခွက်ကို မော့သောက်လိုက်ပြီး "ဒီမှာ အောင်တင့် မင်းလည်းကြားမှာပေါ့ ကိုမောင်မြင့်ဆီက ငါအလျော်ရတဲ့အကြောင်းကို"

"အေးကြားတယ် စိတ်မကောင်းဘူးကွာ ဒီလူကြီးက ယုတ်မာတယ်ကွ"

"ဘယ်ကသာ စိတ်မကောင်းရမှာလဲ သူ့အဲဒီလို ယုတ်မာလို့ ငါငွေငါးသိန်းရတာ ငါ့မိန်းမ အသားပဲ့သွားတာမှတ်လို့"

စားပွဲထိုးလေးက ဖန်ခွက်ကို လာချပေးသဖြင့် စကားခဏပြတ်သွားသည်။ အောင်တင့်က အရက်ကိုငှဲ့လိုက်ကာ တစ်ရှိန်ထိုးမော့သောက်လိုက်၏။ ပြီးတော့မှ "မင်းက တော်တော် သောက်ထားပြီးပြီ ထင်တယ်"

"သောက်ထားတာပေါ့ကွ မင်းမလာခင် တစ်ပိုင်းကုန်သွားပြီ ငါအတော်မူးနေပြီ နောက်နှစ်ခွက်လောက် သောက်ပြီးရင် ပြန်မယ်"

"အေးပါ မင်းကအတော်မူးနေပြီဆိုတော့ ဆိုင်ကယ်ကို ဒီမှာထားခဲ့ ငါ ဆိုက်ကားနဲ့ လိုက်ပို့မယ်"

"ကောင်းတာပေါ့ကွာ ချ ဟေ့ကောင်ချ"

မောင်ထူးက နှစ်ခွက်ဆိုသော်ငြား သုံးခွက်လောက်ဝင်သွားသည်။ ဆိုင်ကထတော့ မောင်ထူးက ယိုင်နေလေပြီ။ အောင်တင့်က မောင်ထူးကို ဆိုက်ကားပေါ်တင်ကာ နင်းထွက်လာခဲ့၏။ မောင်ထူးက စကားတွေဗလုံးဗထွေးပြောရင်း လိုက်ပါလာကာ ခဏအကြာတွင် ဆိုက်ကားပေါ်၌ အိပ်ပျော်သွားလေသည်။

ညသည် လတစ်ခြမ်း သာနေ၏။ ရပ်ကွက်၏ ချောင်ကျကျဗာဒံပင်တွင် အောင်တင့်က မောင်ထူးကို ကြိုးဖြင့် တုပ်ထားလိုက်၏။ အမူးလွန်နေသော မောင်ထူးကတော့ တုပ်တုပ်မျှမလှုပ်။ အောင်တင့်က ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး "စိတ်မကောင်းပါဘူး မောင်ထူးရာ မင်းနဲ့ငါ ဘာအငြိုး၊ ဘာအာဃာတမှ မရှိပေမယ့် ငါ့ဝမ်းပူစာတော့ မနေသာတော့ဘူး အရက်တိုက်ခဲ့တဲ့ မင်းကျေးဇူးကို ငါမမေ့ပါဘူးကွာ"ဟု ဆိုကာ ဆိုက်ကားကူရှင်အောက်မှ အံဖုံးကိုဖွင့်လိုက်ပြီး အဝတ်စုတ်တစ်ခုကို မောင်ထူး၏ ပါးစပ်အတွင်းသို့ ဆို့ထားလိုက်၏။ ထို့နောက် အောင်တင့်သည် ခါးကြားမှ ဓားမြှောင်ကို ထုတ်ကာ မောင်ထူး၏ ရင်ဝသို့ အားကုန်ထိုးစိုက်လိုက်လေ၏။ ထိုစဉ် ခွေးတစ်ကောင်၏ အူသံကို ကြားလိုက်ရလေသည်။

(သုံး)

အောင်တင့် အချုပ်ထဲရောက်သွားသည်။ အောင်တင့်က သူကိုယ်တိုင်ရဲစခန်းကို သွားအဖမ်းခံခြင်းဖြစ်သည်။ ရပ်ကွက်ထဲမှ လူများက "အောင်တင့်နဲ့မောင်ထူး ပြဿနာတက်တယ်လို့ ငါဖြင့်မကြားမိပါဘူးအေ"

"အောင်တင့်က လူရိုး ခပ်အေးအေးက လူသတ်တယ်ဆိုတော့"

"အောင်တင့်ကို စခန်းမှူးကြီးက ဘာလို့သတ်တာလဲမေးတော့ သတ်ချင်လို့သတ်တာတဲ့တော့"

"မောင်ထူးလေးသနားပါတယ် မိန်းမက လင်ငယ်နေ ဟော အခုအသတ်ခံရ"

"မောင်ထူးမိန်းမနဲ့ အောင်တင့်ရော ကင်းပါ့မလား အောင်တင့်က ကိုမောင်မြင့်ကြီးလို အရှက်ကွဲမှာစိုးလို့ မောင်ထူးကို ရှင်းပစ်လိုက်တာများလား"

"ဖြစ်နိုင်တယ် အောင်တင့်မိန်းမကလည်း ကိုယ်ဝန်ကြီးနဲ့ဆိုတော့"ဟူ၍ လေအလကားရတိုင်း ထင်ရာမြင်ရာ ပြောဆိုနေကြသည်။ အုပ်ချုပ်ရေးမှူးလည်း ရပ်ကွက်ရုံးနှင့် ရဲစခန်း ခေါက်တုံ့ခေါက်ပြန်သွားနေရ၏။

အောင်တင့်၏ မိန်းမ မိနွဲ့ကို ရပ်ကွက်သားတို့က သနားကြသည်။ မိနွဲ့ခမျာ သားဦးမွေးခါနီးမှ ယောကျ်ားကထောင်ကျသည့်အဖြစ်။ ဟိုတစ်လော ဆေးခန်းပြတုန်းက မိနွဲ့ကို ဆရာဝန်ကပြောလိုက်သေးသည်။ ရိုးရိုးမွေးဖို့ မလွယ်၊ ခွဲမွေးမှ အဆင်ပြေလိမ့်မည်ဟူ၍။ ကိုအောင်တင့်ရှိပါက ခွဲမွေးရရုံမက စိတ်မွေးရလည်း မိနွဲ့မကြောက်။ ယခုတော့ မွေးမည့်အချိန်တွင် ကိုအောင်တင့် ထောင်ကျတော့မှာမို့ မိနွဲ့ကြောက်သည်။အားငယ်သည်။ ယောကျ်ားဖောင်စီး၊ မိန်းမမီးနေဟူသော စကားကို မိနွဲ့ တွေးမိတိုင်း အသည်းယားသည်။ အုပ်ချုပ်ရေးမှူးကတော် ဒေါ်မိုးက မကြာမကြာ လာရောက်အားပေးရှာသည်။

"သမီးဘာမှမပူနဲ့ ဒေါ်ဒေါ်တို့ရှိသားပဲ သမီးအဆင်ပြေပြေမွေးနိုင်အောင် ဒေါ်ဒေါ်တို့ ကူညီမယ်"

အုပ်ချုပ်ရေးမှူးကတော် ဒေါ်မိုး၏ စကားသည်တည်သည်။ တကယ်လည်း ကူညီသည်။ မိနွဲ့မွေးတော့ ဗိုက်ခွဲမွေးရသည်။ သားဦးယောကျ်ားလေးကို ချောချောမောမောမွေးဖွားလိုက်နိုင်သည်။ အောင်တင့်ကို ရုံးထုတ်တော့ အုပ်ချုပ်ရေးမှူးကိုယ်တိုင် အောင်တင့်ကို သတင်းစကားပြောကြား၏။

"မောင်အောင်တင့် မင်းဘာမှမပူနဲ့ မင်းမိန်းမမိနွဲ့ ချောချောမောမောမွေးတယ်၊ မင်းသားလေးက ဖြူဖွေးဝတုတ်နေတာပဲ ခုနစ်ပေါင်ရှစ်အောင်စလောက်ရှိတယ်"

အောင်တင့်က ပြုံးကာ မျက်ရည်တွေ တသွင်သွင်ကျပြီး အုပ်ချုပ်ရေးမှူးကို "ဦးလေးကလဲဗျာ ကျွန်တော့်သားကိုဝတယ်လို့မပြောပါနဲ့ ဖွံ့တယ်လို့ပြောပါ၊ ကလေးကို ဝတယ်ပြောရင် ကလေးကချူချာတတ်တယ်ဗျ" ဟု ပြောရင်းမျက်ရည်ကြားမှ ရယ်နေသေးသည်။ အုပ်ချုပ်ရေးမှူးက "အေးပါကွာ မင်းဘာမှမပူနဲ့ ငါတို့စောင့်ရှောက်ပါ့မယ်"

အချုပ်ကားပေါ် ပြုံးပြုံးကြီးတက်သွားသော အောင်တင့်ကိုကြည့်ပြီး အုပ်ချုပ်ရေးမှူးက လေးတိလေးကန် သက်ပြင်းတစ်ခုချလိုက်၏။

(လေး)

အုပ်ချုပ်ရေးမှူး သည်ည အရက်သောက်မှာမို့ ဒေါ်မိုး အမြည်းတွေ စီစဉ်နေသည်။ အမြည်းတွင်မက။ မိနွဲ့ကိုပို့ပေးရန်အတွက်ပါ ငါးရံ့ခြောက်ဖုတ်လေးနှင့် ဟင်းခါးတစ်ခွက် စီစဉ်သည်။ မိနွဲ့က သွေးနုနု သားနုနုမဟုတ်လား။ မိနွဲ့သားကလေးကလည်း နို့အလွန်စို့သည်။ သို့ပါ၍ နို့လိုက်အောင် ဟင်းခါးများများ သောက်ဖို့လိုသည်။ ဟိုတစ်ရက်ကလည်း အားဆေးတစ်ပုလင်းဝယ်ပို့လိုက်သေးသည်။ မိနွဲ့က ကျေးဇူးတင်လွန်း၍ "ဒေါ်ဒေါ်ရယ် ဒေါ်ဒေါ်ဟာ ကျွန်မ အမေအရင်းလိုပါပဲ၊ ကျွန်မ ဒေါ်ဒေါ့်ကျေးဇူးတွေကို ဒီတစ်သက် မမေ့ပါဘူးရှင်" ဟူ၍ လက်အုပ်ကလေးချီကာ ကန်တော့လိုက်သေးသည်ကို တွေးမိ၍ ဒေါ်မိုးက ပြုံးလိုက်မိလေသည်။

အုပ်ချုပ်ရေးမှူးသည် အရက်သောက်ချင်လှပြီ။ သို့သော် ဧည့်သည်တော်ကြီးက မရောက်သေး။ စောင့်စားရသော အလုပ်ကို အုပ်ချုပ်ရေးမှူး မုန်းပါသည်။ ချိန်းထားပြီး နောက်ကျနေသော ဧည့်သည်တော် ကိုမောင်မြင့်ကို စိတ်ထဲမှ ကျိန်ဆဲနေမိသည်။ ကျိန်ဆဲလိုက်ပြီး သိပ်မကြာ ကိုမောင်မြင့် ရောက်လာသည်။

"ဆောရီး အုပ်ကြီးရာ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်"

အုပ်ကြီးက မျက်နှာကို ပြုံးကာ

"ရပါတယ်ဗျ ကျွန်တော်တောင် ဒေါ်မိုးကို ပြောရသေးတယ်၊ ကိုမောင်မြင့်တစ်ယောက် ဆိုင်မှာ လူကျနေပြီထင်တယ်လို့" ဟုဆိုကာ ပုလင်းဖောက်ကြသည်။ သောက်ကြစားကြသည်။ နှစ်ခွက်သုံးခွက်လောက်အဝင်မှာ အာသွက်လာကြသည်။ ကိုမောင်မြင့်က "အုပ်ကြီး အောင်တင့်မိန်းမတောင် လေးဆယ့်ငါးရက်ပြည့်တော့မယ်နော် ဟဲဟဲ"

အုပ်ကြီးက မျက်လုံးပြူးသွားကာ

"အောင်တင့်မိန်းမလေးတော့ချမ်းသာပေးလိုက်ပါဟ မင်းကလည်း မောင်ထူးမိန်းမက အခုမင်းစိတ်ကြိုက်ဖြစ်နေတာပဲဟာ"

ကိုမောင်မြင့်က ပြုံးကာ

"အုပ်ကြီးမသိပါဘူး မိနွဲ့နဲ့အောင်တင့်မရခင်က ကျွန်တော်ကြံသေးတယ်၊ ကျွန်တော့်ကို ကြောက်လို့ မိနွဲ့က အောင်တင့်ကိုယူတယ်ဆိုပဲ၊ ကျွန်တော်က တေးထားတာ တစ်နေ့မှာ မိနွဲ့ကိုတော့ ရအောင်ကြံမယ်လို့ တားမယ်တော့မကြံနဲ့ အုပ်ကြီး မိနွဲ့ကို အခုအုပ်ကြီးကတော်ကတစ်ဆင့် ကျွန်တော် ထောက်ပံ့နေတာမနည်းတော့ဘူး။ အုပ်ကြီးတို့ကိုလည်း ကျွန်တော်က ပူဇော်ရသေးတယ်။ တားရင်တော့ ကျွန်တော်နဲ့အုပ်ကြီးမလွယ်ဘူးဟားဟား"ဟု နောက်သလိုလိုနှင့် ခြိမ်းခြောက်လိုက်ပြီး အရက်ကို ဂွပ်ခနဲမော့ချလိုက်လေသည်။ အုပ်ကြီးက စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။

ကိုမောင်မြင့်က အမြည်းတစ်ဖတ်ယူဝါးရင်း

"အုပ်ကြီး လောကကြီးမှာ ငွေပဲ ငွေရှိရင် အကုန်ဖြစ်တယ်၊ ခုပဲကြည့် မိနွဲ့က ဗိုက်ခွဲမွေးရမယ်ဆိုတော့ အောင်တင့်က ငွေလိုလာတယ်၊ ငွေလိုတော့ ကျွန်တော့်ဆီလာချေးတယ်၊ ကျွန်တော်က မချေးဘူးလို့ တစ်ခုတော့ရှိတယ်၊ မောင်ထူးမနက်က ငါ့ကိုအရှက်ခွဲသွားတယ် မင်းသတ်ပေးရင် မင်းမိန်းမမီးဖွားစရိတ် ငါတာဝန်ယူပေးမယ်လို့ အဲဒီတော့ အောင်တင့်က မောင်ထူးကိုသတ်တယ်။ မောင်ထူးသေတော့ ဟော ခုလိုမောင်ထူးမိန်းမလေးနဲ့ ကျွန်တော် တိတ်တဆိတ် နှစ်ပါးသွားလို့ရတယ်။ နောက်တစ်ခုက အောင်တင့်ထောင်ကျတော့ မိနွဲ့ကိုလည်း ကြံလို့ရတယ် ခုလိုအောင်တင့်က လက်ခံပြီး မောင်ထူးကို သတ်တာဟာ အုပ်ကြီးဝိုင်းပြောပေးလို့ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ဒါကြောင့်လည်း အုပ်ကြီးနဲ့ ဒေါ်မိုးကို ကျွန်တော်က ကန်တော့နေရတာ" ဟု ဆိုကာ အရက်ကိုမော့ချလိုက်ပြန်၏။ ထိုစဉ် ဒေါ်မိုး ထွက်လာကာ ကိုမောင်မြင့်နား ဝင်ထိုင်၏။ ဒေါ်မိုးက "မောင်မြင့်သောက်နော် အားမနာနဲ့" ဟု ဆိုကာ ကိုယ်တိုင်ထည့်ပေး၏။ ကိုမောင်မြင့်က "အားနာလိုက်တာ ဒေါ်ဒေါ်ရာ ကိုယ့်ဟာကိုယ်ထည့်ပါမယ်"

"ရပါတယ် မောင်မြင့်ရယ် ဒါနောက်ဆုံးခွက်မို့ထည့်ပေးတာ"ဟု ဆိုကာ ပြုံးပြလိုက်လေသည်။ ကိုမောင်မြင့်ကလည်း ပြန်ပြုံးပြကာ အိမ်သာခဏဟုဆိုကာ ထွက်သွား၏။ ကိုမောင်မြင့်ထွက်သွားမှ အုပ်ချုပ်ရေးမှူးနှင့်ဒေါ်မိုးတို့လင်မယား တိုးတိုးတိတ်တိတ် တိုင်ပင်ကြသည်။ ပြီးနောက် ဒေါ်မိုးက ခါးကြားတွင် လိမ်ထားသော စက္ကူအထုပ်ထဲမှ အမည်းရောင်အမှုန့်တို့ကို ကိုမောင်မြင့် အရက်ခွက်ထဲသို့ ထည့်လိုက်၏။ ကိုမောင်မြင့်လည်း အိမ်သာမှပြန်လာကာ အုပ်ချုပ်ရေးမှူးအား "ကဲ အုပ်ကြီး ချီးယားစ် ဒါ နောက်ဆုံးခွက်ပဲ သက်ရှည်ကျန်းမာပါစေဗျာ ချီးယားစ်" ဟုဆိုကာ တစ်ရှိန်ထိုးမော့ချလိုက်၏။ ကိုမောင်မြင့်က အမြည်းတစ်ဖတ်ဝါးကာ နှုတ်ဆက်၏။ အုပ်ချုပ်ရေးမှူးနှင့် ဒေါ်မိုးတို့က ခြံအဝထိ လိုက်ပို့ကြသည်။ ထိုသို့လိုက်ပို့ပြီး ကိုမောင်မြင့် တော်တော်လှမ်းလှမ်းရောက်မှ ဒေါ်မိုးက အုပ်ချုပ်ရေးမှူးကို "ကဲ အုပ်ချုပ်ရေးမှူးကြီးရေ အားလုံးကတော့ သဗ္ဗေသတ္တာ ကမ္မဿကာပဲ"ဟု ဆိုကာ တစ်ယောက်ခါးတစ်ယောက်ဖက်၍ အိမ်ထဲသို့ပြန်ဝင်လာကြလေ၏။

(ငါး)

နောက်တစ်နေ့မနက်တွင် ကိုမောင်မြင့်သည် ပါးစပ်နှင့်နှာခေါင်းမှ သွေးများထွက်ကာ လမ်းဘေးတွင် သေဆုံးနေကြောင်း ကြားရသဖြင့် ရပ်ကွက်သူရပ်ကွက်သားများ အံ့သြမိကြလေသည်။

ကြေးမုံ
အထူးကဏ္ဍ

ဆောင်းပါး

# ဘဝတွေ မနစ်မြုပ်ကြရလေအောင်

## ■ အဂ္ဂမိုး

စာရေးသူတို့ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်များအတွက် အခြေခံအုတ်မြစ်မှာ သရဏဂုံသုံးပါးဟု ဆိုအပ်သော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတို့အား ယုံကြည်ကိုးကွယ်ဆည်းကပ်ခြင်းနှင့်တကွ ငါးပါးသောသီလကို ထာဝရ ထိန်းသိမ်းစောင့်ရှောက်ရခြင်းဖြစ်ပါသည်။ သူ့အသက်သတ်ခြင်း၊ သူတစ်ပါးပစ္စည်းအားခိုးယူခြင်း၊ သူတစ်ပါး သားမယားအားပြစ်မှားခြင်း၊ လိမ်ညာပြောဆိုခြင်း၊ သေရည်အရက်၊ ထန်းရည်၊ ဘီယာ မူးယစ်ဆေးဝါးသုံးစွဲခြင်း စသည့်ငါးမျိုးမှာ ဗုဒ္ဓဘာသာဝင်လူပုဂ္ဂိုလ်တိုင်း ရှောင်ကြဉ်ရမည့် အခြေခံသီလငါးပါးဖြစ်ပါသည်။

"သေရည်အရက် စီးပွားပျက်ကို တစ်စက်သော်မှ မသောက်လေနှင့် ရှင်တော်ဟောသည့်အဆိပ်ရည်"ဟု မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ယခုဆောင်းပါးတွင် ငါးခုမြောက်ဖြစ်သော သုရာမေရယသိက္ခာပုဒ်ဖြစ်သော အရက်၊ ဘီယာ၊ ထန်းရည် စသည်တို့ မသောက်သုံးသင့်ကြောင်းနှင့် ၎င်းတို့၏ အပြစ်များကိုသာလျှင် ရေးသားပါမည်။ စာရေးသူတို့ မြန်မာနိုင်ငံသည် ဆယ့်နှစ်လရာသီ ပွဲလမ်းသဘင်များနှင့် ပျော်ပွဲရွှင်ပွဲများ အလွန်ပေါများစွာ ကျင်းပလေ့ရှိကြပါသည်။ ထိုပွဲလမ်းသဘင်နှင့် ပျော်ပွဲရွှင်ပွဲများကို အကြောင်းပြု၍ အရက်၊ ဘီယာ၊ ထန်းရည် စသည်ဖြင့် သောက်သုံးနေကြသည်မှာ ထုံးစံတစ်ခုလိုဖြစ်နေကြပါပြီ။ မင်္ဂလာဆောင်၊ အလှူပွဲ၊ ဂုဏ်ပြုပွဲမှအစ ရာထူးတိုးခြင်း၊ စာမေးပွဲအောင်ခြင်း၊ အလုပ်သစ်ရခြင်း စသည်ဖြင့် "သူမပါရင်မပြီး ပွဲမစည်ဘူး"ဆိုသလို သည်ယမကာသည် အလွန်အမင်း တွင်ကျယ်နေပြီဆိုသည်ကို စာရေးသူတို့ လက်တွေ့ မြင်သိကြားနေရပါသည်။

အစအဦးတွင် အရက်သေစာသောက်စားကြခြင်းသည် ယခုလို ပျော်ပွဲရွှင်ပွဲများမှ အစပြုကြခြင်းများပါသည်။ သည်အစသည် အလွန်အရေးကြီးပါသည်။ မကောင်းမှုဆိုသည်မှာလည်း "အစရှိနောင်နောင် ငါးပိရှိအကောင်ကောင်" ဆိုသကဲ့သို့ ထိုသို့ အစပြုရာမှပင် နောင်မှာ စီးပွားပျက်၊ ဘဝပျက်၍ လူညွန့်တုံးသွားကြရသည်မှာများပါသည်။ "တစ်နွယ်ငင် တစ်စင်ပါ" ဆိုသကဲ့သို့ ထိုသုရာမေရယသိက္ခာပုဒ်ကျိုးပြီးလျှင် ကျန်လေးပါးပါ မထိန်းသိမ်းကြတော့ဘဲ ကျူးလွန်တတ်ကြတာများပါသည်။ အရက်သေစာ၏ သတ္တိသည် နည်းနည်းသောက်လျှင် နည်းနည်းမူး၍ များများသောက်လျှင်တော့ များများမူးတတ်ပြီး လူ၏ပင်ကိုအသိစိတ်တို့ပျောက်ဆုံးကာ အမှားများစွာကို ကျူးလွန်မိတတ်သောသဘောရှိပါသည်။ အရက်သေစာသောက်သုံး၍ မူးရူးနေသူတို့မှာ အမှားအမှန်ကိုလည်း ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိတော့ဘဲ စိတ်ထင်ရာပြုကျင့်တတ်သဖြင့် မလိုလားအပ်သော ပြဿနာပေါင်းစုံကို ဖြစ်ပေါ်စေပါသည်။ အရက်မူးနေသူတို့မှာ မိမိ၏ဂုဏ်သိက္ခာ၊ မိသားစု မိဘဆွေမျိုးတို့၏ ဂုဏ်သိက္ခာတို့ကိုပါ မငဲ့ကွက်တော့ဘဲ စိတ်ထင်ရာပြုကျင့်တတ်သဖြင့် အစစအရာရာ အမှားများစွာဖြင့် ဂုဏ်သိက္ခာတို့ကျဆင်းကာ အရှက်တကွဲအကျိုးနည်း အဖြစ်မျိုးများဖြင့် ကြုံတွေ့ရင်ဆိုင်ရတတ်ပါသည်။ အရက်သေစာတို့ကို နေ့စဉ်သောက်သုံးနေပါက ကြာလာလျှင် စီးပွားရေးလူမှုရေးတို့ လစ်ဟင်းကာ ရောဂါဘယများလည်း ထူပြောလာနိုင်ပါသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် မသောက်ရမနေနိုင်သောဘဝမျိုးအထိရောက်ရှိနိုင်ပြီး လူညွန့်တုံးကာ ယမကာကြောင့် သေဆုံးနေကြခြင်းများကို အစဉ်အမြဲမြင်တွေ့ ကြားသိနေရပါသည်။ သုရာမေရယသိက္ခာပုဒ်ကို ကျူးလွန်သူတို့ သေဆုံးကြသောအခါ တမလွန်ဘဝတွင် ငရဲ၌ ကျရောက်ကြ၍ တစ်ဖန်ငရဲမှလွတ်ကာ လူဖြစ်ပြန်ပါကလည်း အရူးအနှမ်းဘဝမျိုး ဖြစ်ကြရပါသည်။

ယနေ့ခေတ်တွင် စာရေးသူအနေဖြင့် "မမြင်ချင်ကြည့်ရက်သား"၊ "အမြင်မတော် ဆင်တော်နှင့် ခလောက်" ဆိုသလို "ဘုရားဖူး ဘုရားဖူး"ဟု အကြောင်းပြကာ ဘုရားဖူးသွားသူ လူငယ် လူကြီးမရွေး သောက်စားပျော်ပါးနေကြသည်ကို အမြဲမြင်တွေ့ ကြားသိနေရပါသည်။ အလွန်အင်မတန် ရှက်ဖွယ်ကောင်းသော၊ ဗုဒ္ဓဘာသာဝင်တို့ မပြုလုပ်သင့်အပ်သော ဓလေ့စရိုက်ဆိုးကြီးဖြစ်ပေသည်။ ဒီအလေ့အထသည်ပင် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံအဖြစ် လူငယ်မျိုးဆက်သစ်များ အတုယူမှားမည် စိုးမိပါသည်။

တစ်နေ့သောအချိန်မှာ လူငယ်တစ်ဦးက စာရေးသူအား ရင်ဖွင့်လာပါသည်။ သူ၏သူငယ်ချင်းက "သူငယ်ချင်း. . မင်း သောက်တတ်လား"လို့ မေးပါသတဲ့။ သူက "ငါ မသောက်တတ်ပါဘူး တကယ်ပါ. . . မသောက်တတ်လို့ ယောကျ်ားမဟုတ်ဘူးလားဆိုရင်လည်း အပြောခံရုံပါပဲ. . သူငယ်ချင်း. . . မသောက်တတ်တာမဟုတ်ဘူး. မသောက်ဖူးတာမဟုတ်ဘူး. . မကြိုက်လို့ မသောက်ချင်လို့ကို မသောက်တာပါ. . သူငယ်ချင်း"လို့ သူက ပြန်ဖြေလိုက်ပါသတဲ့။ သူကဆက်ပြောတယ်။ လူကြီးတစ်ယောက်ကို "ကျွန်တော် မသောက်တတ်ပါဘူး ခင်ဗျာ"လို့ဖြေရတာ ကောင်းပါတယ်။ ဒါပေမယ့် ဒီနေ့ခေတ်လို မိန်းကလေးတွေကလေးတွေကအစ အရက်သောက်တာကို ဖက်ရှင်တစ်ခုအနေနဲ့မြင်လာကြတော့ ကျွန်တော်တို့လို ကောင်တွေက မသောက်တတ်ပါဘူးလို့ ငြင်းမိရင် နေရင်းထိုင်ရင်း သူငယ်နာမစင်သေးတဲ့ကောင်လိုလို၊ ငပေါကြီးလိုလို၊ ငကြောက်ကြီးလိုလို အထင်ခံရတယ်။ သူတို့အကြည့်က တော်တော်စိတ်ပျက်စရာကောင်းပါတယ်။ နေရင်းထိုင်ရင်း ယောကျ်ားမဟုတ်တော့သလိုလို၊ မာနပဲထိခိုက်သလိုလို၊ သိက္ခာပဲကျသလိုလို ကိုယ်ကပဲ မသောက်တတ်တဲ့ ထူးဆန်းသော လူတစ်ယောက်အလား အကြည့်တွေ၊ အပြောတွေ ခံရပါတယ်"ဟု စာရေးသူကို ရင်ဖွင့်လာပါသည်။ ကိုင်း . . . မခက်ပေဘူးလား။ ထိုလူငယ်အားလည်း အကျိုးအကြောင်းဖြင့် စာရေးသူက ရှင်းပြပေးပါသည်။ နောင် ကိုယ်မသောက်လို့ သူတို့က မပေါင်းချင်လည်း ဝမ်းနည်းစရာမရှိပါဘူးဟု ပြောပြခဲ့ရပါသည်။ ထိုလူငယ်မျိုးများက ရှားလှပါသည်။ ထိုလူငယ်မျိုးတွေ များများရှိမှသာ တိုင်းပြည်အနာဂတ်သည် သာယာစိုပြည်သော၊ ငြိမ်းချမ်းတိုးတက်ဖွံ့ဖြိုးသော လူ့ဘောင်အဖွဲ့အစည်းဖြစ်လာမှာ အသေအချာပါဟု စာရေးသူ သုံးသပ်ထင်မြင်မိပါသည်။

ယခုဆိုလျှင် မြန်မာတို့၏ ရိုးရာနှစ်သစ်ကူးသည့် မင်္ဂလာအချိန်အခါသမယ အတာသင်္ကြန်ပွဲတော်ကြီးမှာ ယမကာသောက်သုံးကြသော ပွဲတော်ကြီးတစ်ခုအလား ဖြစ်လာနေသည်ကို ဝမ်းနည်းစွာပင် မြင်တွေ့နေရပါသည်။ သောက်ကြ၊ စားကြ၊ သရုပ်ပျက်ဝတ်စားကြဖြင့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကြီး၏ ယဉ်ကျေးမှုစံနှုန်းများ လျော့ကျလာလျက် အမူးအရူး သရုပ်ပျက်ပွဲတော်ကြီးအသွင် ပြောင်းလဲလာမှုကို စာရေးသူ ဝမ်းနည်းစွာတွေ့မြင်နေရပါသည်။

ဒါကြောင့်သာလျှင် လူငယ်လူရွယ်အပေါင်း အတုယူမမှားကြရလေအောင်၊ ထိုသို့မဖြစ်ရလေအောင် စာရေးသူတို့နှင့် လူကြီးမိဘတို့မှာလည်း တာဝန်ရှိပါသည်။ မိမိတို့ကိုယ်တိုင်လည်း နောင်မျိုးဆက်သစ်လူငယ်တို့ အတုယူမမှားရလေအောင် စံနမူနာပြနေကြရင်းဖြင့် နောင်အနာဂတ်လူငယ်များ လမ်းမှားမရောက်အောင်၊ အတုယူမမှားကြရလေအောင် ယမကာသောက်သုံးသည့် အလေ့အကျင့်သည် မြန်မာ့ယဉ်ကျေးမှု မဖြစ်ကြရလေအောင် မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တိုင်းသည် သုရာမေရယသိက္ခာပုဒ်ကို ထိန်းသိမ်းစောင့်ရှောက် နိုင်ကြစေရန် စေတနာမေတ္တာအပြည့်ဖြင့် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

## မင်းကွန်းတောင်တော်

ငြိမ်းချမ်းတဲ့မြေ
မေတ္တာတွေ ခြုံလွှမ်း၊
ထေရ်အရှင် သူတော်မြတ်တို့
ကိန်းဝပ်ရာနန်း။
မိုးမိတ်လို့ခေါ်
ကုန်းတော်ဝယ် ပျော်မွေ့၊
မင်းကွန်းမြေ အထင်ကရ
ဖူးကြမှန်ပေ့။
မြတ်ဗုဒ္ဓ ဘဏ္ဍာ
နှုတ်ငုံကာ စောင့်ထိန်း၊
အာဇာနည် ရှင်အများတို့
နလုံးသားမှာကိန်း။
ထူးခြားလို့ ကမ္ဘာကျော်
ဆရာတော် ဘိဝံသ(ဦးဝိစိတ္တသာရာဘိဝံသ)၊
ဂင်းနစ်ဝင် စံချိန်မျိုးနဲ့
ထိုးသက်သေပြ။
ဖူးထိုက်ပါပေ
ဦးခိုက်ကာလေ ရိုကျိုး၊
မဟာမဟာ့ထိပ်ခေါင်
သာသနာ့ ဦးသျှောင်ထွန်းတဲ့
မင်းကွန်းတောင်ရိုး။

နေမိုးအိမ် (ရွှေရင်းမြေ)

## ခါတော်မီ

ဝဠာခွင် ရစ်ခွင်တိုင်းမှာ
ညို့မှိုင်းလို့ ရွာလေပြီ
မိုးလ ရာသီ။
လယ်ကွင်း ဆီ
ထွန်တုံးချည် ပြင်ဆင်လို့၊
နွားနစ်ကောင် ဆွဲကာပြေးရတယ်
ထွန်ရေးငင်မို့ ။ ။

စိုးမင်းလွင်(ကညွတ်ကွင်း)

# သင့်နာမည် ဘယ်လောက်တန်သလဲ

## ■ မိုးသောက်ထွန်း

"မြောက်မြားလှစွာသော ကြွယ်ဝချမ်းသာမှုထက် နာမည်ကောင်းတစ်ခုကို ရွေးချယ်သင့်သည်"ဟု စကားပုံတစ်ခုက ဆိုပါသည်။သို့သော် လူသားတိုင်း မိမိနာမည်ကို ရွေးချယ်ရန် အခွင့်အရေးမရှိခဲ့ကြပေ။ လူ့ဘဝသို့ ဝင်ရောက်လာသည်နှင့် မိဘများက အမည်တစ်ခုကို သတ်မှတ်သမုတ်ပေး၏။ ဤအမည်နာမဖြင့် လူ့ဘဝတစ်လျှောက် ဆက်လက်ဖြတ်သန်းရလေသည်။

မိမိတို့၏ အမည်နာမ လင်းလက်လာအောင် မိမိတို့ကိုယ်တိုင် ကြိုးစားရမည်မှန်သော်လည်း အမည်နာမတစ်ခု၏ တန်ဖိုးနှင့်အဆင့်အတန်းကို သတ်မှတ်ပေးသည်မှာ ပတ်ဝန်းကျင်က ဖြစ်လေသည်။ နာမည်တစ်လုံး၏ တန်ဖိုးကို ငွေကြေးဖြင့် တိုင်းတာသတ်မှတ်၍မရ။ ထိုနာမည်၏ အရေးပါအရာရောက်မှုဖြင့်သာ တိုင်းတာနိုင်၏။ နာမည်တစ်ခု၏ တန်ဖိုးသည် ထိုနာမည်ပိုင်ရှင်၏ ကိုယ်ကျင့်သီလနှင့် ပတ်ဝန်းကျင်လူသားများအပေါ် မည်မျှအကျိုးပြုခဲ့သည်ဆိုတာနှင့် တိုက်ရိုက်အချိုးကျလေသည်။

ဗိုလ်ချုပ်အောင်ဆန်းအား ယနေ့ခေတ် ယနေ့အချိန်အထိ တသသလွမ်းဆွတ်၍ သတိရနေကြသည်မှာ ဗိုလ်ချုပ်၏ ရိုးသားဖြောင့်မတ်သော သီလဂုဏ်နှင့် လွတ်လပ်ရေးအတွက် အသက်စွန့် ကြိုးပမ်းအားထုတ်မှုများကြောင့်ဖြစ်ပါသည်။ ဗိုလ်ချုပ်သည် အာဏာကို သူ၏အကျိုးစီးပွားအတွက် အသုံးမချခဲ့ပေ။ သာမန်လူတန်းစားတစ်ဦးအနေဖြင့်သာ နိုင်ငံ၏ အဓိပတိဘဝကို ဖြတ်သန်းခဲ့သည်။ နည်းနည်းယူ၍ များများပေးဆပ်ခဲ့သူဖြစ်သည်။ ထို့ကြောင့် ဗိုလ်ချုပ်၏နာမည်သည် "ရာဇဝင်အတ္ထုပ္ပတ္တိလည်း ရှိရမယ်. . . မော်ကွန်းလည်း ထိုးလောက်တယ်. . . မြင့်မြတ်တဲ့ ဗိုလ်အောင်ဆန်းရယ်"ဟူ၍ ပြည်သူများ၏ နှလုံးသားတွင် မော်ကွန်းထိုး စိုက်ထူထားရလောက်အောင် တန်ဖိုးကြီးမားခဲ့လေသည်။

ကိုယ်ကျင့်သီလ ကောင်းမွန်ပြီး နှလုံးသားလှသူတို့သည် ၎င်း၏ပတ်ဝန်းကျင်အား ကောင်းကျိုးချမ်းသာများကို ဖြန့်ဝေပေးလေ၏။ ကိုယ်ချင်းစာစိတ်ဖြင့် လုပ်သောအလုပ်များသည် လှပကောင်းမွန်သော လုပ်ရပ်များအဖြစ် အများက အသိအမှတ်ပြု ချီးကျူးခြင်းခံရပေမည်ဖြစ်၏။ဤသို့သောသူများ၏နာမည်များသည် ကမ္ဘာတည်သရွေ့ လူအများ၏စိတ်နှလုံးတွင် စွဲထင်နေမည်ဖြစ်သည်။ ၎င်းတို့၏ အမည်နာမများလည်း တန်ဖိုးဖြတ်မရအောင် ထိုက်တန်လေ၏။ ပြင်သစ်လူမျိုး ဟင်နရီဒူးနန့်ဟူသော ပုဂ္ဂိုလ်ကြီးသည် အီတလီမြောက်ပိုင်း ဆိုမာလီမြို့တွင် ဖြစ်ပွားနေသော စစ်ပွဲမှ အနိဋ္ဌာရုံမြင်ကွင်းများကို မြင်တွေ့ပြီး သနားကြင်နာစိတ်များ ယိုဖိတ်ကျလာခဲ့လေ၏။ စစ်မြေပြင်တွင် သေဆုံးနေသောအလောင်းကောင်များကြား၌ ဒဏ်ရာရ၍ ညည်းညူနေသူများကို သူတွေ့ရှိခဲ့ရ၏။

ဟင်နရီဒူးနန့်သည် သူ၏ စီးပွားရေးလုပ်ငန်းများကို လျစ်လျူရှုကာ ထိုအရပ်ဒေသ၌ ရက်ပေါင်းများစွာနေထိုင်ပြီး အစွမ်းကုန်စောင့်ရှောက်ပေးခဲ့၏။ ဒူးနန့်သည် သူ၏ လုပ်ဆောင်ချက်များကို မှတ်တမ်းစာအုပ်အဖြစ်ရေးကာ ဖြန့်ဝေလိုက်သည်။ ထိုစာအုပ်သည် ဥရောပတိုက်ကြီးကို တုန်လှုပ်ချောက်ချားသွားစေခဲ့သည်။ ဤသို့ဖြင့် ကြက်ခြေနီအသင်း၊ ကြက်ခြေနီလုပ်ငန်းများ တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားခဲ့တော့၏။ ဟင်နရီဒူးနန့်၏ ကိုယ်ချင်းစာအလှတရားကို ဂုဏ်ပြုသောအားဖြင့် ပထမဆုံးသော ငြိမ်းချမ်းရေးဆိုင်ရာ နိုဘယ်လ်ဆုကြီးကို ချီးမြှင့်ခဲ့ကြသည်။

အနာကြီးရောဂါသည်တို့၏ဘဝ၊ မိဘမဲ့ကလေးတို့၏ ဘဝများကို ကိုယ်ချင်းစာစိတ်အပြည့်နှင့် မေတ္တာမိုးရွာသွန်းပေးခဲ့သော 'မာသာထရီဇာ'ကို တစ်ကမ္ဘာလုံးက ကြည်ညိုလေးမြတ်စွာဖြင့် အမေဟု ခေါ်ဝေါ်ခဲ့ကြသည်။ ခရိုင်းမီးယားစစ်မြေပြင်၌ ယမ်းငွေ့များဝေနေသောကြားတွင် အတိဒုက္ခရောက်နေသော စစ်သည်များအပေါ် သက်စွန့်ဆံဖျား ကူညီခဲ့သော နိုက်တင်ဂေးကိုလည်း မီးအိမ်ရှင်မလေးဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်။ အာဖရိကတောကြီးမျက်မည်းထဲတွင် အနာကြီးရောဂါဝေဒနာရှင်တို့အပေါ် ကရုဏာအပြည့်ဖြင့် ဆေးကုသပေးခဲ့သော ဒေါက်တာရှိုက်ဇာ၊ မြန်မာနိုင်ငံမှ ဒေါ်ဦးဇွန်း၊ စိုင်းအောင်လှိုင်မြင့်၊ လေယာဉ်မယ်တင်တင်လှိုင်၊ သူနာပြုဆရာမကြီးဒေါ်သိန်းရီ စသည်တို့သည်လည်း ကိုယ်ချင်းစာတရားအပြည့်ဖြင့် စိတ်အလှကို ဖော်ကျူးခဲ့သူများဖြစ်ကြသည်။ ဤပုဂ္ဂိုလ်ကြီးများ၏ အမည်နာမများသည် ယနေ့ထက်တိုင် မပျောက်မပျက် ကမ္ပည်းတင်ထားရသည့် အဖိုးမဖြတ်နိုင်သော နာမည်များဖြစ်ကြလေ၏။

ကိုယ်ချင်းစာတရား ပြည့်ဝသူတို့ကြောင့် ကမ္ဘာလောကကြီး သာယာအေးချမ်းမှုရှိသော်လည်း အတ္တသမားငါသမားများကြောင့် ကမ္ဘာကြီးပူဆွေးသောက ရောက်ခဲ့ရသည့် အဖြစ်အပျက်များလည်းရှိခဲ့သည်။ စစ်တိုက်ရခြင်းကို ခုံမင်သော စစ်ဘုရင်ကြီး နပိုလီယံဘိုနာဘတ်ကြောင့် ဥရောပတစ်ခွင် ယမ်းငွေ့များဖုံးလွှမ်းခဲ့ရသည်။ ကိုယ့်လူမျိုးကောင်းစားရေးသာ ရှေ့တန်းတင်ပြီး လူမျိုးကြီးဝါဒကို လက်ကိုင်စွဲထားသည့် ဂျာမနီမှဟစ်တလာ၊ အီတလီမှ မူဆိုလီနီတို့၏ ကြမ်းတမ်းရက်စက်သော ဖက်ဆစ်စနစ်ဆိုးကြီးကြောင့် ကမ္ဘာအနှံ့ စစ်မီးများတဟုန်းဟုန်းတောက်လောင်ခဲ့ရသည်။ ကိုယ်ချင်းစာတရားအပြည့်ဖြင့် နှလုံးလှသူများ၏ အမည်နာမများကို ကမ္ဘာတည်သရွေ့ ကြည်ညိုလေးစားနေကြမည်ဖြစ်သလို အတ္တဝါဒီ ကိုယ်ကျိုးကြည့်သမားများ၏ အမည်နာမများသည်လည်း ကမ္ဘာတည်သရွေ့ ကဲ့ရဲ့ရှုတ်ချခံနေရမည်ဖြစ်သည်။ ၎င်းပုဂ္ဂိုလ်ကြီးများ၏ အမည်နာမများမှာ ယနေ့ထက်တိုင် ထင်ကျန်နေခဲ့သော်လည်း လူအများ၏ တန်ဖိုးထားခြင်းကိုမူ မရရှိပေ။

မိမိနာမည်ကို တန်ဖိုးမြင့်တက်အောင် မိမိကိုယ်တိုင် စွမ်းဆောင်ရမည်ဖြစ်သကဲ့သို့ မိမိနာမည်၏ တန်ဖိုးလျော့ကျအောင်၊ တန်ဖိုးမဲ့သွားအောင် လုပ်မည့်သူမှာလည်း မိမိကိုယ်တိုင်ဖြစ်ကြောင်း သတိချပ်သင့်ပါသည်။

လူတိုင်းလူတိုင်းသည် မိမိတို့၏ အမည်နာမများအား သမိုင်းတွင် ကျန်ရစ်လိုကြသည်။ ထို့အတွက် ကြိုးစားကြသည်။ သို့သော် လူတိုင်း၏နာမည်များ သမိုင်းတွင်မကျန်ခဲ့ပေ။ သမိုင်းတွင်ကျန်ခဲ့သည့် နာမည်များတွင်မှ တချို့သောအမည်နာမများသည် တန်ဖိုးမဲ့စွာ နာမည်ဆိုးဖြင့် ကျန်ခဲ့ခြင်းဖြစ်၏။ အကျင့်သီလ ပြည့်စုံသူတို့၏ အမည်နာမများသည် အလိုလိုပင် တန်ဖိုးမြင့်တက်နေလေ၏။ "နာမည်သေပါက ဘဝဆုံးပြီ"ဟုဆိုကြပါသည်။ ထို့ကြောင့် လူတိုင်း မိမိတို့အမည်နာမများ၏ တန်ဖိုးကို မြှင့်တင်ကြဖို့လိုပါသည်။ မိမိတို့ နာမည်များ၏ တန်ဖိုးများကို အမြဲဆန်းစစ်၍ တန်ဖိုးမြင့်သော နာမည်ပိုင်ရှင်များဖြစ်အောင် ကြိုးစားသင့်ပါသည်ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

# အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၄**
စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်သည့် အိမ်ခြံမြေဝန်ဆောင်မှုပေးသူများ ပေါ်ထွန်းလာစေရန်၊ အိမ်ခြံမြေဈေးကွက်တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊ ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူနှစ်ဦးနှစ်ဖက် ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များရရှိကြစေရန်၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည့် အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ Sky Palace Hotel ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်က "ဒီဥပဒေကို ၂၀၁၆ ခုနှစ်ကတည်းက စတင်ရေးဆွဲခဲ့ပြီးတော့ စုစုပေါင်း ရှစ်ကြိမ်တိတိ ဥပဒေရေးကော်မရှင်များ၊ သက်ဆိုင်ရာဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာအဖွဲ့ဝင်များ၊ အငြိမ်းစားဥပဒေပညာရှင်များ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး စတဲ့ ပညာရှင်တွေပါဝင်ပြီး ဥပဒေကြမ်းနဲ့ ပတ်သက်လို့ လိုအပ်တဲ့ အချက်အလက်တွေကို အသင်းအဖွဲ့တွေကပေးအပ်ပြီးတော့ ဥပဒေနဲ့အညီ အသက်ဝင်လာပြီး ဥပဒေကြမ်းဖြစ်လာအောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒီဥပဒေကို အကျိုးဆောင်လုပ်ငန်းတွေ၊ နေရာပြဿနာ ခံစားနေရတဲ့ ပြည်သူတွေ၊ နိုင်ငံတော်က ရရှိတဲ့ အခွင့်အရေးတွေအတွက် အကောင်းဆုံးဖြစ်အောင် သက်ဆိုင်ရာတွေနဲ့ ပူးပေါင်းဆောင်ရွက် ရေးဆွဲထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိရေးဆွဲထားတဲ့ ဥပဒေတွေနဲ့မတူအောင်၊ ပြည်သူအတွက်လည်း အကျိုးရှိအောင်၊ နိုင်ငံတော်အတွက်လည်း အကောက်ခွန်တွေရရှိအောင် ရေးဆွဲထားတာဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် မြေယာနှင့်ပတ်သက်၍ အိမ်ခြံမြေဝန်ဆောင်မှုဥပဒေမရှိသေးသည့်အတွက် မြေယာနှင့်ပတ်သက်သည့် ပြဿနာပေါင်းများစွာ ဖြစ်ပွားလျက်ရှိရာ ပြည်သူများ ရောင်းမှားဝယ်မှားပြဿနာများစွာဖြင့် ရင်ဆိုင်နေကြရသည်။

ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင်လည်း တိကျခိုင်မာသော ဥပဒေတစ်ရပ်ရှိသင့်သည်ဟု လေ့လာသိရှိရသည်။ ထို့ကြောင့် ယခုဆောင်ရွက်မှုများသည် ပြည်သူများ၏ အိမ်ခြံမြေရောင်းဝယ်မှုများ၌ ဖြစ်ပေါ်လာမည့်ပြဿနာများကို ကာကွယ်ပေးနိုင်ရန် အဓိက အခြေခံလူတန်းစားများ၏ အကျိုးအတွက်ပါ ထည့်သွင်းရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ "ဥပဒေနဲ့ပတ်သက်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရတွေက ပြုစုခြင်းမဟုတ်ဘဲ ပြည်ထောင်စုလွှတ်တော်က ပြုစုခြင်းအားဖြင့် တူညီသော အကျိုးသက်ရောက်မှုတွေကို တစ်နိုင်ငံလုံးရှိ ပြည်သူတွေနဲ့ ဝန်ဆောင်မှု ပြုလုပ်သူတွေ တစ်ပြေးညီအကျိုးခံစားရမယ်လို့ ယုံကြည်တယ်။ ပြည်သူနဲ့ နိုင်ငံတော်အကြားမှာ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ဖို့ ဥပဒေတစ်ခုလိုအပ်တယ်လို့ ဆုံးဖြတ်တာကြောင့် ဒီဥပဒေကို ကြိုးပမ်းဆောင်ရွက်နေရတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအိမ်ခြံမြေ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်က ပြောကြားသည်။

ထို့ပြင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့ဝင် ဦးတင်မောင်ဦး ကလည်း "အိမ်ခြံမြေဝန်ဆောင်မှုဥပဒေနဲ့ ပတ်သက်ပြီး ပြောရရင် ၂၀၁၆ ခုနှစ်မှာစပြီး ပေါ်လာခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အိမ်ခြံမြေနဲ့ ပတ်သက်ပြီး ဥပဒေမရှိခဲ့ပါဘူး။ အရင်က ပွဲစားလို့ခေါ်တဲ့ အိမ်ခြံမြေဝန်ဆောင်မှုပေးတဲ့သူတွေ ရှိတယ်။ ပတ်ဝန်းကျင် အထင်အမြင်သေးတာတွေလည်းရှိတယ်။ ဥပဒေမရှိတဲ့အတွက် နိုင်ငံတကာက ဧည့်သည်တွေလာရင် အိမ်တွေငှားမယ်၊ ရုံးခန်းတွေငှားမယ်၊ သူတို့ကိုတော့ ပိုင်ဆိုင်မှုပေးမထားဘူး။ မြန်မာနိုင်ငံမှာ ငှားကြ၊ ရောင်းကြတဲ့အခါ ဥပဒေရှိလားလို့မေးတဲ့အခါ ဥပဒေမရှိတော့ နိုင်ငံတကာကနေ ယုံကြည်စိတ်ချမှုမရှိပါဘူး။ လက်ရှိပကတိအနေအထားအရ နိုင်ငံတကာက မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါ အောက်ခြေမှာ အခြေအနေစုံစမ်းပါတယ်။ မြန်မာနိုင်ငံမှာ တရားရုံးတွေမှာ မြေယာအမှုတွေ၊ အရောင်းအဝယ် မှားယွင်းတဲ့အမှုတွေ အများကြီးရှိလို့ သူတို့က စိုးရိမ်ကြပါတယ်။ စိုးရိမ်တဲ့အတွက် အခိုင်မာဆုံးက ဥပဒေဖြစ်လို့ မြန်မာနိုင်ငံမှာ အိမ်ခြံမြေဝန်ဆောင်မှုနဲ့ပတ်သက်လို့ ဥပဒေတစ်ရပ်ရှိဖို့လိုပါတယ်။ အဲဒါကြောင့် ဥပဒေဖြစ်ပေါ်လာတယ်ဆိုရင် အခွန်လည်း အများကြီးရမယ်။ ပွဲစားတွေကတော့ ဘာပဲပြောပြော အကျိုးအမြတ် အများကြီးရပါတယ်။ ရောင်းချတဲ့သတင်းတွေကိုလည်း ရနိုင်ပါတယ်။ အိမ်ခြံမြေဥပဒေရေးဆွဲတာလည်း နှစ်နှစ်ရှိပါပြီ။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ကလည်း ဥပဒေတွေကို ကြိုးစားပြီး ဆောင်ရွက်နေပါ တယ်။ အခုဥပဒေနဲ့ ပတ်သက်ပြီး ပြည်တွင်းက ပွဲစားတွေ အတွက် ဥပဒေရေးတာလားဆိုတာ မဟုတ်ပါဘူး။ ပွဲစားတွေကလည်း သတ်မှတ်ထားတဲ့လက်မှတ်နဲ့ လုပ်လာမှ နိုင်ငံတကာလိုစနစ်တကျရှိလာမှာ ဖြစ်သလို ပြည်တွင်းပြည်ပ ယုံကြည်မှုရှိလာမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အိမ်ခြံမြေဥပဒေ ထွက်လာပြီးနောက်တွင်လည်း အိမ်ခြံမြေလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပေးမည့် အခြေအနေနှင့် စပ်လျဉ်း၍ "ဥပဒေထွက်လာမှ စည်းမျဉ်းစည်းကမ်းနဲ့အညီ ဆောင်ရွက်နိုင်မယ်၊ ပြည်သူတွေရဲ့အခွင့်အရေးတွေကို ကာကွယ်နိုင်မယ်၊ အစိုးရလည်း အလုပ်ရှုပ်သက်သာမယ်၊ အခွန်အခတွေလည်းရမယ်။ ဥပဒေမရှိတဲ့အတွက် အိမ်ခြံမြေနဲ့ ပတ်သက်ပြီး ကောင်းရာကောင်းကြောင်းလုပ်နေတဲ့ လူတွေကလည်း မကောင်းတဲ့လူတွေကြောင့် နာမည်ပျက်ရသလို တားဆီးမှုတွေလည်း မလုပ်နိုင်ပါဘူး။ နိုင်ငံတကာက လူတွေလာတဲ့အခါမှာလည်း ရန်ကုန်မှာ အချင်းချင်း ချိတ်ဆက်လုပ်ကြတယ်။ အခွန်လည်းမရဘူး။ ပြဿနာတက်ရင်တော့ ရုံးခန်းပိတ်ပြီး ပြန်သွားကြတယ်။ ဥပဒေထွက်ပြီးရင် ပညာအရည်အချင်း ကန့်သတ်မထားဘူး။ အသက် ၁၈ နှစ်ပြည့်ပြီးရင် အိမ်ခြံမြေနဲ့ ပတ်သက်ပြီး ယာယီလိုင်စင်ထုတ်ပေးမယ်။ လိုင်စင်နဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက လုပ်တယ်။ အခုက အိုးအိမ်ဖွံ့ဖြိုးရေးနဲ့ ဆိုင်တာဖြစ်လို့ ဆောက်လုပ်ရေးဝန်ကြီးဌာနကို Focal Ministry အဖြစ် ပေးပါတယ်။ ဥပဒေကြမ်းမှာ ဖတ်ကြည့်မယ်ဆိုရင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူး၊ သက်ဆိုင်ရာအစိုးရဌာနနဲ့ စည်ပင်သာယာရေး ကော်မတီတွေက သင့်လျော်တဲ့ ပုဂ္ဂိုလ်တွေနဲ့ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့တွေက ရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်တွေက အဖွဲ့ဝင်တွေ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းကြီးကြပ်ရေး ဗဟိုကော်မတီကိုလည်း ဖွဲ့စည်းဖို့ရှိပါတယ်"ဟု မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း (နေပြည်တော်) ဥက္ကဋ္ဌ ဦးနန္ဒကျော်က ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အိမ်ခြံမြေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ**
**နိုင်လင်းကြည်၊ မာမာစိုး**

# ECI ဝန်ဆောင်မှု ရွေ့ပြောင်းစီမံကိန်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်

**ရန်ကုန် ဩဂုတ် ၄**
ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေး (Early Childhood Intervention-ECI) ဝန်ဆောင်မှုရွေ့ပြောင်းစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ်တွင် မကြာမီ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ ရွေ့ပြောင်းစီမံကိန်းများကို ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ် စသည့်ဒေသများရှိနေရာကိုးခုတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စက်တင်ဘာလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ရွေ့ပြောင်းစီမံကိန်းတွေကို မတူညီတဲ့နေရာတွေ၊ နေထိုင်မှုပုံစံတွေရှိတဲ့နေရာတွေကိုရွေးပြီး တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ်သုံးခုမှာဆောင်ရွက်ဖို့သတ်မှတ်ထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဒဂုံအရှေ့မြို့နယ်က သတ်မှတ်ထားတဲ့ လုပ်ငန်းစဉ်ရဲ့ အချက်အလက်တွေနဲ့ ကိုက်ညီတဲ့အတွက် စတင်ဆောင်ရွက်ဖြစ်တာပါ"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ဇင်မာထိုက်က ပြောသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ပထမအကြိမ်ဖွင့်လှစ်သည့် ECI လုပ်ငန်းခွင်အကြိုသင်တန်းကို ရန်ကုန်မြို့တွင်ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး နောက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်းကဆင်းတဲ့ စေတနာ့ဝန်ထမ်းတွေဟာ ရပ်ရွာအတွင်းမှာ ဖွံ့ဖြိုးမှုနောက်ကျနေတဲ့ ဒါမှမဟုတ် ဖွံ့ဖြိုးမှုနောက်ကျကျန်နေတဲ့ ကလေးငယ်တွေကို ရှာဖွေဖော်ထုတ်ပြီး နောက်ကျကျန်နေတဲ့ ဧရိယာအတွက် အကြံဉာဏ်တွေ၊ ကစားနည်းတွေ လေ့ကျင့်နည်းတွေ၊ ကုသမှုခံယူစေဖို့ သက်ဆိုင်ရာ ပညာရှင်ထံ ညွှန်းပို့ပေးတာတွေ ပြုလုပ်ပေးမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ရေရှည်မှာ မသန်စွမ်းမှုတွေ ဖြစ်လာမှာကို တားဆီးနိုင်မယ်၊ ဒါမှမဟုတ် အနည်းဆုံးဖြစ်အောင်လျှော့ချနိုင်မှာဖြစ်ပါတယ်"ဟု The Leprosy Mission Myanmar မှ ဒေါက်တာရိုးနွယ်ဝေက ပြောသည်။

ECI စီမံကိန်းဆိုသည်မှာ အပြုအမူပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာ ပြဿနာရှိသော သို့မဟုတ် မသန်စွမ်းခြင်း၊ ဖွံ့ဖြိုးမှုဧရိယာများ၌ တိုးတက်မှုနှေးကွေးခြင်းတို့ကို ခံစားရနိုင်ခြေရှိသော မွေးစမှ ငါးနှစ်အထိ ကလေးသူငယ်များ၏ မိသားစုများအတွက် ဝန်ဆောင်မှုများပေးသည့် ပညာရပ်နယ်ပယ်မျိုးစုံနှင့် သက်ဆိုင်သော ကဏ္ဍပေါင်းစုံပါဝင်သော ဘက်စုံ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သောစနစ်ဖြစ်ကြောင်း သိရသည်။

ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေး အခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကြံပေး ဒေါ်ခင်မေထွန်းချစ်က "အိမ်တိုင်ရာရောက်သွားမယ်၊ ကလေးတွေရဲ့ လိုအပ်ချက်ကိုဦးတည်မယ်၊ မိသားစုရဲ့ လိုအပ်ချက်ကို အဓိကထားမယ်၊ ကလေးတွေမှာ သူတို့ဖွံ့ဖြိုးလာဖို့ သူတို့နေထိုင်ရာ ပတ်ဝန်းကျင်မှာပဲ တစ်နေ့လုံး သူတို့လုပ်နေကျ အလုပ်တွေလုပ်ရင်းနဲ့ လေ့ကျင့်ဖို့ အခွင့်အရေးတွေရသွားစေမှာပါ"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၇ ခုနှစ် စစ်တမ်းအရ အနည်းဆုံး ၄၂ ရာခိုင်နှုန်းမှ ၄၅ ရာခိုင်နှုန်းအထိရှိသည့် ငယ်ရွယ်သော ကလေးသူငယ်များနှင့် ၎င်းတို့၏ မိသားစုများသည် ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ လိုအပ်နေသေးကြောင်း သိရသည်။

အဆိုပါ စီမံကိန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့နှင့်အတူ ယူနီဆက်(မြန်မာ)နှင့် The Leprosy Mission Myanmar တို့က အဓိက ပူးပေါင်း ကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**



## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက လားရှိုးမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်

**လားရှိုး ဩဂုတ် ၄**
လားရှိုးမြို့နယ်တွင် ဇူလိုင် ၂၈ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းများ ရေကျော်ပြီး လူနေအိမ်များ ရေနစ်မြုပ်ခဲ့သည်။

အဆိုပါဖြစ်စဉ်များကြောင့် သေဆုံးသူတစ်ဦး၊ ရေဘေးသင့် အိမ်ထောင်စု ၁၄၅ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ လူ ၆၈၄ ဦးအတွက် တစ်ပတ်စာဆန်ဖိုး ထောက်ပံ့ငွေကျပ် ၁၄၃၆၄၀၀၊ သေဆုံးသူတစ်ဦးအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက ရေဘေးသင့် အိမ်ထောင်စုများထံ ပေးအပ်ခဲ့ကြသည်။

ထို့ပြင် ရှမ်း/မြောက် ခိုလုံလီရှော စာပေယဉ်ကျေးမှုအဖွဲ့ကလည်း အီနိုင်း၊ တာကျိုင်း ကျေးရွာမှ ရေဘေးသင့်အိမ်ထောင်စုများအတွက် ဆန်အိတ် ၂၀၊ အဝတ်အထည် ၁၀ ထုပ်တို့ကို သွားရောက်လှူဒါန်းခဲ့ကြပြီး ယခုအချိန်တွင် ရေများ ပြန်လည်ကျဆင်းနေပြီဖြစ်ကြောင်း သိရသည်။

**ဟန်ဒွေး(လားရှိုး)**

# ပြည်ပပို့ကုန်တန်ဖိုး မြှင့်တင်ပေးနိုင်မည့် မြန်မာ့အထည်ချုပ်လုပ်ငန်းအကြောင်း စကားဝိုင်းဆွေးနွေး

**ရန်ကုန် ဩဂုတ် ၄**
ပြည်ပပို့ကုန်တန်ဖိုး မြှင့်တင်ပေးနိုင်မည့် မြန်မာ့အထည်ချုပ်လုပ်ငန်းအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်သံဈေးရှိ Yangon Book Plaza ၌ Info Digest ဂျာနယ်မှ စီစဉ်ကျင်းပပြီး မြန်မာ့အထည်ချုပ်လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရှင်နှင့် အလုပ်သမားများကြား ကြုံတွေ့နေရသည့် အခက်အခဲပြဿနာများကို အဓိကထား ဆွေးနွေးခဲ့ကြသည်။



"အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ အဖြစ်အများဆုံးပြဿနာက လုပ်ခလစာပြဿနာပါပဲ။ အလုပ်သမားဥပဒေတွေမှာလည်း အားနည်းချက်တွေရှိတာ တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လုပ်သားခတွေ ဈေးချိုတယ်။ အခြေခံလုပ်ခလစာ ငွေကျပ် ၄၈၀၀ သတ်မှတ်လိုက်တာတောင်မှ သူများနိုင်ငံတွေနဲ့ယှဉ်ရင် အနိမ့်ဆုံးဖြစ်နေဆဲပဲဖြစ်ပါတယ်။ အားသာချက်က လုပ်သားများတယ်။ လုပ်နိုင်တဲ့ ငယ်ရွယ်သူတွေများတယ်။ အထည်ချုပ်စက်ရုံတွေမှာ ပြဿနာနောက်တစ်ခုက ဝန်ထမ်းအနုတ်အသိမ်းများတယ်။ အဲဒီအတွက် ကျွမ်းကျင်တဲ့အလုပ်သမားရှားလာတယ်။ တစ်ဆက်တည်းမှာ စက်ရုံရဲ့ထုတ်လုပ်မှုစွမ်းအားကျလာမယ်။ ကျလာရင် လုပ်ငန်းရှင်တွေအတွက် ဆုံးရှုံးမှုတွေရှိလာနိုင်တယ်။ လုပ်ငန်းခွင်မှာ ဝန်ထမ်းတွေရဲ့ အခြေခံရပိုင်ခွင့်နဲ့ ကျန်းမာရေးကိစ္စတွေကို အလုပ်ရှင်တွေဘက်ကနေ ပီပီပြင်ပြင် အကောင်အထည်ဖော်ပေးဖို့ လိုပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားကြားမှာ ရိုးဖြောင့်မှုရှိဖို့ လိုပါတယ်။ အလုပ်ရှင်တိုင်းက အလုပ်သမားဆီက ရိုးဖြောင့်တဲ့ တာဝန်ထမ်းဆောင်မှုကို လိုချင်သလို အလုပ်သမားတွေဘက်ကလည်း အလုပ်ရှင်ဆီက အရိုးဖြောင့်ဆုံး စီမံအုပ်ချုပ်တာကို လိုချင်ကြပါတယ်။ နှစ်ဦးနှစ်ဖက် စေတနာထားပြီးတော့ လုပ်ကြမယ်ဆိုရင် မြန်မာ့အထည်ချုပ်လုပ်ငန်း ဒီထက်ပိုအောင်မြင်လာလိမ့်မယ်လို့ထင်ပါတယ်"ဟု ဂျာနယ်၏ ပင်တိုင်ဆောင်းပါးရှင် ဆရာဦးရာပြည့်က ပြောသည်။

အလုပ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများနှင့်ပတ်သက်၍ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF)မှ ကျား/မရေးရာ ပရိုဂရမ်မန်နေဂျာ ဒေါ်အေးလဲ့ထွန်းက "ကျွန်မတို့ စစ်တမ်းကောက်ယူခဲ့တဲ့ အဓိကရည်ရွယ်ချက်ကတော့ လက်ရှိအထည်ချုပ်စက်ရုံတွေမှာရှိတဲ့ လုပ်သားတွေရဲ့ အခြေခံအချက်အလက်၊ ဝင်ငွေထွက်ငွေ အသုံးစရိတ်၊ အလုပ်သမားသမဂ္ဂတွေနဲ့ ချိတ်ဆက်မှု၊ မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု စတဲ့အပိုင်းလေးပိုင်းနဲ့ စစ်တမ်းကောက်ယူခဲ့ပါတယ်။ ကောက်ယူခဲ့တဲ့မြို့နယ်တွေက လှိုင်သာယာနဲ့ ရွှေပြည်သာမှာရှိတဲ့ ရပ်ကွက် ၁၀ ခုက လုပ်သားပေါင်း ၇၇၈ ဦးကို စစ်တမ်းကောက်ယူခဲ့ပါတယ်။ သူတို့တွေ အနည်းဆုံးရတဲ့လစာက ငွေကျပ် ၁၂၀၀၀၀ ရှိတယ်။ လစာအပြင် ရက်မှန်ကြေး၊ အချိန်ပိုကြေးတွေလည်း ရတာရှိတယ်။ အားလုံးပေါင်းလိုက်ရင်တော့ ငွေကျပ် ၂၀၀၀၀၀ နီးပါးလောက်တော့ ရှိပါတယ်။ ဒါပေမယ့် သူတို့ရဲ့ နေစရိတ်၊ စားစရိတ်တွေရှိတယ်။ တစ်ယောက်တည်းနေမယ်ဆိုရင် အဆောင်ငှားခ ငွေကျပ် ၃၀၀၀၀ ကျော်လောက် ရှိတယ်။ အခန်းကို စုပေါင်းငှားနေမယ်ဆိုရင် ငွေကျပ် ၆၀၀၀၀ ကျော်လောက်ရှိတယ်။ အဲဒီအတွက် အသုံးစရိတ်က ရာခိုင်နှုန်းများတဲ့ အသုံးစရိတ်ဖြစ်နေပါတယ်။ ဒါကြောင့် စုဆောင်းမှုအနေနဲ့ သိပ်မစုဆောင်းနိုင်ဘူး။ အိမ်ကို ပိုက်ဆံပြန်ပို့တယ်ဆိုတာလည်း အနည်းအကျဉ်းလောက်ပဲ ပို့နိုင်မယ်။ လောက်ငမှုမရှိဘူးလားဆိုတော့ လောက်ငမှုတော့ရှိတယ်။ ဒါပေမယ့် တခြားအသုံးစရိတ် ပညာသင်ဖို့၊ ကျန်းမာရေးအသုံးစရိတ်တွေထဲက ဖယ်လိုက်ရတဲ့သဘောမျိုး ဖြစ်သွားပါတယ်" ဟု ပြောသည်။

ယနေ့ဆွေးနွေးပွဲတွင် ဂျာနယ်၏ ပင်တိုင်ဆောင်းပါးရှင် ဆရာဦးရာပြည့်၊ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF)မှ ကျား/မရေးရာ ပရိုဂရမ်မန်နေဂျာ ဒေါ်အေးလဲ့ထွန်းနှင့် ဂျာနယ်မှ လက်ထောက်အယ်ဒီတာ ဦးအောင်ဖြိုးဇော်တို့က ပြည်ပပို့ကုန်တန်ဖိုး မြှင့်တင်ပေးနိုင်မည့် မြန်မာ့အထည်ချုပ်လုပ်ငန်းအကြောင်းနှင့်ပတ်သက်၍ မြန်မာ့အထည်ချုပ်လုပ်ငန်းတွင် ကြုံတွေ့နေရသည့် အလုပ်ရှင်နှင့် အလုပ်သမားများကြား အခက်အခဲပြဿနာများကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ- အေးမင်းသူ၊ ဇာနည်မောင်**



# ပခုက္ကူ၌ ကျန်းမာရေးထိခိုက်စေသော သက်တမ်းလွန်နှင့် သုံးစွဲရန်မသင့်သော အစားအသောက်များ မီးရှို့ဖျက်ဆီး

**ပခုက္ကူ ဩဂုတ် ၄**
ကျန်းမာရေးကိုထိခိုက်စေသော သက်တမ်းလွန်နှင့် သုံးစွဲရန်မသင့်သော အစားအသောက်များ မီးရှို့ဖျက်ဆီးပွဲကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက ပခုက္ကူမြို့ အထက ၁ ကျောင်းကွင်းပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးသန်းဦးက သက်တမ်းလွန်အစားအသောက်များနှင့် သုံးစွဲရန်မသင့်သော အစားအသောက်များအကြောင်းကို ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းဈေးတန်းမှ ဈေးသည်များအား အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်မြို့နယ်တို့မှ သိမ်းဆည်းရရှိသည့် သက်တမ်းလွန်နှင့် သုံးစွဲရန်မသင့်သော ကုန်ပစ္စည်း ၃၅ မျိုးကို ကျောင်းသား ကျောင်းသူများက မီးရှို့ဖျက်ဆီးသည်။

အဆိုပါပွဲသို့ ပခုက္ကူခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးကော်မတီဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုဇော်(ဓာတု)**

# ရန်ကုန်မြို့တော်စည်ပင်၏ကြီးကြပ်မှုဖြင့် ဆောက်လုပ်ခဲ့သော မဟာမြိုင်လူကူးခုံးကျော်တံတား ၉၀ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် ဩဂုတ် ၄**
ရန်ကုန်တိုင်းဒေသကြီးအစိုးရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ဦးဆောင်ကြီးကြပ်မှုဖြင့် လူကူးခုံးကျော်တံတား တည်ဆောက်မှု တင်ဒါအောင်မြင်ခဲ့သော မြသက်တင်ဆောက်လုပ်ရေးကုမ္ပဏီက စမ်းချောင်းမြို့နယ် ပြည်လမ်း (မဟာမြိုင်နှင့် အထက ၂ စမ်းချောင်းရှေ့)လူကူးခုံးကျော်တံတားကို ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ဇူလိုင်လကုန်အထိ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးသန်းအောင်က ပြောသည်။

"တံတားဆိုင်ရာအချက်အလက်တွေကတော့ တံတားအရှည် ၉၆ ပေ၊ လူသွားလမ်းအကျယ် ၁၀ ပေ၊ ယာဉ်သွားလမ်း ကင်းလွတ်အမြင့်ပေ ၂၀၊ ပိုင်ရိုက်ခြင်း၊ သံကူကွန်ကရစ်အုတ်မြစ်၊ သံကူကွန်ကရစ်တိုင်၊ သံမဏိရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်း၊ သံကူကွန်ကရစ်လှေကား၊ စက်လှေကား စတီးအမိုးတိုင်၊ အတက်ဘက်တွင် စက်လှေကား တစ်စင်းစီ စုစုပေါင်း နှစ်စင်းတို့ ပါဝင်တည်ဆောက်ထားပါတယ်။ အခုက ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ဩဂုတ်လမှာ အပြီးတည်ဆောက်သွားမှာဖြစ်ပါတယ်" ဟု အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)ကြီးကြပ်မှုတာဝန်ခံ အင်ဂျင်နီယာက ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာအင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)ကြီးကြပ်မှုအရ မြသက်တင်ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသော စမ်းချောင်းမြို့နယ် ပြည်လမ်း (မဟာမြိုင်နှင့် အထက ၂ စမ်းချောင်းရှေ့) လူကူးခုံးကျော်တံတား တည်ဆောက်ပြီးစီးသွားပါက ကျောင်းသား ကျောင်းသူများနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာကြရတော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်**



# ဖျာပုံမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆွေးနွေး

**ဖျာပုံ ဩဂုတ် ၄**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာအခြေပြုအဖွဲ့များမှ ကျေးရွာလူထု၏ အခြေခံလိုအပ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

"နိုင်ငံတော်ရဲ့ စီမံကိန်းလုပ်ငန်းတွေ လုပ်ဆောင်တဲ့နေရာမှာ ရပ်ရွာလူထုရဲ့ အကြံပြုချက်တွေကို သက်ဆိုင်ရာ တာဝန်ရှိသူများ သိရှိဖို့၊ ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းများကို ပြည်သူလူထု စိတ်ဝင်တစား သိရှိနားလည်လာဖို့လည်း ရည်ရွယ်ပါတယ်"ဟု အက်ရှင်အေဒ်မြန်မာ(ဖျာပုံ)မှ ကိုသက်နောင်စိုးက ပြောသည်။

အဆိုပါ ဆွေးနွေးပွဲကို အက်ရှင့်အေ့ဒ်မြန်မာမှ ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာလူထုကိုယ်စား ဖျာပုံမြို့နယ်အတွင်းရှိ ဇင်းဘောင်၊ အောက္ကဘာ၊ လက်ပန်၊ ဒေးဒလူ၊ မြို့ကုန်း၊ ဒေါ်ညိမ်း စသော ကျေးရွာများမှ ကျေးရွာကိုယ်စားလှယ်များက ကျေးရွာ၏ လိုအပ်ချက်များကို လည်းကောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးအတွက် အဓိက ထိစပ်လုပ်ကိုင်နေရသည့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စီမံကိန်း၊ ကျန်းမာရေး၊ ပညာရေး၊ ဆည်မြောင်း၊ စိုက်ပျိုးရေး စသည့် ဌာနအသီးသီးမှ တာဝန်ရှိသူများက ကျေးလက်ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အရပ်ဘက်အဖွဲ့များက အကြံပြုဆွေးနွေးခြင်း၊ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဖျာပုံမြို့နယ်အတွင်းရှိ ကျေးရွာအခြေပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**



# အိမ်ရှေ့စံ ကနောင်မင်းအား ရည်စူးကာ မန္တလေးစန္ဒာမုနိဘုရားတွင် ကုသိုလ်ပြု

**မန္တလေး ဩဂုတ် ၄**

အိမ်ရှေ့စံ ကနောင်မင်းအားရည်စူး၍ ပြုလုပ်သော ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအား အိမ်ရှေ့စံကနောင်မင်း နတ်ပြည်စံသက် ၁၅၂ နှစ်ပြည့်မြောက်သည့် ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် စန္ဒာမုနိဘုရား၌ ပြုလုပ်ကြောင်း သိရသည်။

သံဃာတော် ၄၇ ပါးအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းဖြစ်ပြီး ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အိမ်ရှေ့စံကနောင်မင်းအား မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ ရက်၊ ခရစ်နှစ် ၁၈၁၉ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် မွေးဖွားပြီး နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်ရင်း ၁၂၂၈ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်၊ ၁၈၆၆ ခုနှစ် ဩဂုတ် ၂ ရက်တွင် မြင်ကွန်း၊ မြင်းခုံတိုင် ပုန်ကန်မှု၌ ကျဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၀၀၂

# အထက်မြန်မာပြည် ပန်းချီ၊ ပန်းပုဆရာများက သဘာဝဘေးသင့်ဒေသများသို့ သွားရောက်ကူညီနိုင်ရန် ကော်မတီဖွဲ့စည်းဆောင်ရွက်မည်

**မန္တလေး ဩဂုတ် ၄**

အထက်မြန်မာပြည် ပန်းချီ၊ ပန်းပုဆရာများက သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများသို့ သွားရောက်ကူညီနိုင်ရန် သဘာဝဘေးအန္တရာယ်ကူညီရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကော်မတီကို ဩဂုတ် ၅ ရက်တွင် စတင်ဖွဲ့စည်းသွားမည်ဖြစ်ပြီး လက်ရှိရေဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများသို့ သွားရောက်ကူညီလှူဒါန်းနိုင်ရန် လာမည့်တစ်ပတ်အတွင်း ကျုံးတောင်ဘက်ခြမ်း၌ သုံးရက်တိုင်တိုင် လက်တွေ့ပန်းချီရေးဆွဲကာရန်ပုံငွေရှာဖွေသွားမည်ဖြစ်ကြောင်း မန္တလေးမြို့မှ ပန်းချီဆရာကြီး ဦးဇော်ဝင်း (သစ်ထွင်း)က ပြောသည်။

"အရင် ရေဘေးအန္တရာယ်ဖြစ်ပေါ်တုန်းကလည်း ကျွန်တော်တို့ ပန်းချီဆရာတွေစုပေါင်းပြီး လက်တွေ့ပန်းချီရေးဆွဲခြင်းနဲ့ ရန်ပုံငွေရှာဖွေကာ အမှန်တကယ်လိုအပ်နေတဲ့ ဒေသတွေကို သွားရောက်ထောက်ပံ့ လှူဒါန်းခဲ့တယ်။ အခုကတော့ အချိန်မရွေး သွားရောက်လှူဒါန်းနိုင်အောင် ရန်ပုံငွေရှာဖွေထားရှိဖို့အတွက် ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကူညီရေးကော်မတီက ကျုံးတောင်ဘက်ခြမ်း၌ ပြုလုပ်မည့် လက်တွေ့ပန်းချီရေးဆွဲ၍ ရန်ပုံငွေရှာဖွေရာတွင် ရေဘေးသင့်ဒေသများသို့ ကူညီထောက်ပံ့ရန် ငွေကျပ် ၅၀၀၀ လာရောက်လှူဒါန်းသူတိုင်းကို လေးချိုးအရွယ်အစားရှိ ရေဆေးပန်းချီကားတစ်ကားရေးဆွဲ၍ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် ယင်းကော်မတီသို့ ရေဘေးသင့်ဒေသများအား သွားရောက်လှူဒါန်းနိုင်ရန် ကိုရီးယားနိုင်ငံမှ ပန်းချီဒေါက်တာဘွဲ့ရ ပန်းချီဆရာမ ဒေါ်ရွှေစင်အေးက အလှူငွေကျပ် သိန်း ၂၀ ကို မတည်လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**






# တာချီလိတ်နယ်စပ်ဝင်ပေါက်မှ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွား ၂၈၂၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့

**တာချီလိတ် ဩဂုတ် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ အဆက်မပြတ်ဝင်ရောက်လည်ပတ်လျက်ရှိရာ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၂ ရက်အထိ ထိုင်းနိုင်ငံနှင့် တတိယနိုင်ငံသားများ ညအိပ်နှင့် နေ့ချင်းပြန်ခရီးသည်ပေါင်း ၂၈၄၃၁ ဦး၊ မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့ ခရီးစဉ်တွင် ၅၄၈ ဦး၊ ဗီဇာဖြင့် တာချီလိတ်မြို့မှတစ်ဆင့် ပြည်တွင်းသို့ ၂၇၄ ဦးရှိရာ ယခုဘဏ္ဍာနှစ်အတွင်း စုစုပေါင်း ၂၈၂၉၀၇ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးသွားဧည့်သည်များသည် နေ့ချင်းပြန်ခရီးအဖြစ် တာချီလိတ်မြို့ရှိ တာလော့ဈေး၊ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်၊ ဝမ်ကောင်းရပ်ကွက်ရှိ မြို့မဈေး၊ ရွှေတိဂုံစေတီတော်၊ မြို့နယ်မွှာရုံ၊ နဂါးနှစ်ကောင်ကျောင်းတိုက်၊ ကိုးမြို့ရှင်နတ်နန်း၊ ပဒေါင်ကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းသို့လည်းကောင်း၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ သမိုင်းဝင် ဆုတောင်းပြည့် စွန်တောင်းစေတီ၊ ဘီလူးရွာ၊ ကျိုင်းတုံမြို့အဝင် ဗုဒ္ဓဥယျာဉ်နှင့် ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရား၊ စွန်တောင်းစေတီ၊ ရုပ်တော်မူဘုရား၊ ဟိုခံကျောင်း၊ ကျိုင်းရင်းဘုန်းကြီးကျောင်း၊ ဝပ်အင်းကျောင်း၊ ကျော့မ်ဆရီစေတီ၊ ပါလျန်ကျောင်း၊ သစ်တစ်ပင်တောင်၊ နောင်တုံကန်၊ ကမ္ဘာအေးစေတီ၊ လွယ်မွေဒေသ၊ ပင်းတောက်ရေတံခွန် စသည့် အထင်ကရနေရာများသို့ သွားရောက်ကာ ဘုရားဖူးခြင်း၊ ရေမြေတောတောင် သဘာဝအလှရှုခင်းများနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာသည့်အပြင် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းရှိ အထင်ကရဒေသများသို့ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတေဇာမင်းက ပြောသည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၂ ရက်အထိ ထိုင်းနှင့် တတိယနိုင်ငံသား နေ့ချင်းပြန်ခရီးသည်စုစုပေါင်း ၂၇၇၂၄၄ ဦး၊ မိုင်းဖြတ်နှင့် ကျိုင်းတုံခရီးစဉ်အဖြစ် ခရီးသည် ၃၂၄၂ ဦး ၊ တာချီလိတ်မြို့မှ လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ၂၄၂၁ ဦး ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း စိုက်ပျိုးပြီး မိုးစပါး ဧက ၁၀၀၀၀ ခန့် ထိခိုက်ပျက်စီးမှုရှိမည်ဟု ခန့်မှန်း

**ဘားအံ ဩဂုတ် ၄**

ကရင်ပြည်နယ်အတွင်းရှိ ခရိုင်လေးခရိုင်တွင် ယခုနှစ် မိုးရာသီကာလအတွင်း မိုးစပါး ၄၃၅၇၂၈ ဧက စိုက်ပျိုးရန် လျာထားရာ ဇူလိုင်လ တတိယပတ်ခန့်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ တောင်ကျရေများ စီးဆင်းခြင်းနှင့် မြစ်ရေ၊ ချောင်းရေများ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခြင်းတို့ကြောင့် စိုက်ပျိုးပြီး မိုးစပါး ၅၄၄၁၄ ဧက ရေလွှမ်းမှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေလွှမ်းမိုးစပါးဧကများ အနက်မှ ယနေ့အထိ ၁၂၃၉၃ ဧကသာ ပြန်ပေါ်ပြီး ၅၅၆၈ ဧကမှာ လုံးဝပျက်စီးသွားကြောင်း သိရှိရကာ မိုးစပါးရေလွှမ်းမိုး ထိခိုက်ပျက်စီးမှု ဖြစ်စဉ်နှင့်ပတ်သက်၍ "ပြန်ပေါ်ဖို့ ကျန်တဲ့ဧက ၄၀၀၀၀ ကျော် ကနေ ဘယ်လောက်အထိ ပျက်စီးဦးမလဲ ဆိုတာ ကျွန်တော်တို့မသိသေးပါဘူး။ အရေးပေါ်ပြန်ပြီး ဆောင်ရွက်နိုင်အောင် ရေလွှမ်းတဲ့အထဲက ဧက ၁၀၀၀၀ လောက် ပျက်စီးထိခိုက်မှု ရှိမယ်လို့ ကြိုပြီးတော့ခန့်မှန်းထားပါတယ်။ ပြန်ပေါ်တဲ့ အချိန်နဲ့ပြန်ပြီးတော့စိုက်ဖို့၊ အခြားသီးနှံမစိုက်ဘဲနဲ့ စပါးကိုပဲ ပြန်ပြီးတော့စိုက်ဖို့ ကျွန်တော်တို့ စီစဉ်ထားပါတယ်။ သက်တမ်းတိုတဲ့စပါးမျိုးကိုသုံးပြီးတော့ ပြန်စိုက်မယ်ဆိုရင် တောင်သူအနေနဲ့ အဆင်ပြေနိုင်ပါတယ်။ လက်ရှိတောင်သူစိုက်နေတဲ့မျိုးက လေးလစပါး ရက်ပေါင်း ၁၃၅ ရက်လောက်ရှိပါတယ်။ ထိခိုက်ပျက်စီးတဲ့ နေရာတွေက လယ်တွေကို ပျိုးထောင်ပြီး ပြန်စိုက်မယ်ဆိုရင် မမီနိုင်တော့ပါဘူး။ ကြဲခင်းအနေနဲ့ပဲ ပြန်ပြီးတော့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မျိုးကလည်း ရက် ၉၀(သုံးလ) မျိုးပဲ အဆင်ပြေမှာဖြစ်ပါတယ်။ ကြဲတဲ့အခါမှာ တစ်ဧကကို တစ်တင်းခွဲကုန်ပြီး ခန့်မှန်းထားတဲ့ ဧက ၁၀၀၀၀ အတွက် မျိုးစပါး တင်း ၁၅၀၀၀ လောက် လိုအပ်မှာဖြစ်ပါတယ်"ဟု ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ယနေ့နံနက်တွင် ပြောကြားသည်။

ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ရေလွှမ်းမိုးပြီးနောက် ပြန်ပေါ်လာသော စပါးစိုက်ခင်းများအတွက် အထွက်နှုန်းမထိခိုက်စေရန် ဝန်ထမ်းများနှင့်မိတ်ဖက်အဖွဲ့အစည်းများ ကွင်းဆင်း၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ကျရောက်တတ်သည့် ပိုးမွှားများအတွက် ဆေးဖျန်းစက်၊ ဆေးဖျန်းပုံးများ သိုလှောင်ထားရှိပြီး ပျက်စီးသွားသော စိုက်ခင်းများအတွက် အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ကြိုတင်စုဆောင်းထားရှိရန်နှင့် အဆင်သင့်ပြင်ဆင်ထားရှိရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# လူတိုင်းကိုယ်စီ ကြိုတင်သိရှိ မျှော်တွေးကာကွယ်ရမည့် လျှပ်စစ်အန္တရာယ်

**သန်းဖြိုးနိုင်(ကညင်ကျိုး)**

လွန်ခဲ့သည့်ရက်ပိုင်းတွင် မွန်ပြည်နယ် သထုံမြို့နယ်၌ လေပြင်းတိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ပြီး သစ်ကိုင်းကျိုးကျရာမှတစ်ဆင့် ဓာတ်ကြိုးပြတ်ကျကာ ခုနစ်တန်းကျောင်းသူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းဖတ်ရသည်။ ထို့အပြင် ပြီးခဲ့သည့် ဇူလိုင် ၁၃ ရက်ကလည်း တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းမကြီးပေါ်တွင် အလယ်တန်းကျောင်းသား မောင်မျိုးမင်းထွန်းနှင့် ၎င်း၏ သူငယ်ချင်းတို့သည် ကျူရှင်မှ စက်ဘီးဖြင့်ပြန်လာရာ ဓာတ်ကြိုးပြတ်ကျနေသော ရေအိုင်အနီးအရောက်တွင် မောင်မျိုးမင်းထွန်းက စက်ဘီးပေါ်မှဆင်း၍ လမ်းဆင်းလျှောက်ခဲ့ရာ ရေအိုင်အတွင်းပြတ်ကျနေသော ဓာတ်ကြိုးနှင့်ထိမိပြီး ဓာတ်လိုက်သေဆုံးခဲ့သည့် ဖြစ်စဉ်သတင်းကို တွေ့ရသည်။ ထိုသတင်းများအပြင် လွန်ခဲ့သည့်နှစ်ပတ်ကျော်ကလည်း စမ်းချောင်း ဗဟိုလမ်းတွင် စည်ပင်ဝန်ထမ်းတစ်ဦး လမ်းခင်းဖို့ပြင်ဆင်ရာမှ အရန်အတားအတွက် သံချောင်းများကို မြေကြီးထဲသို့စိုက်ရင်း ဓာတ်လိုက်သေဆုံးသည့် သတင်း ကြားခဲ့ရသေးသည်။

**လျှပ်စစ်အန္တရာယ်ကြောင့် သေဆုံးခဲ့ရမှုများ**

ယခုတစ်လအတွင်းတွင် ရန်ကုန်မြို့အတွင်း ဓာတ်လိုက်သေဆုံးသူ သုံးဦးရှိခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ဓာတ်လိုက်သေဆုံးမှုသည် ၂၀၁၆ ခုနှစ်တွင် ၅၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၄၀ ရှိကြောင်း သိရသည်။ ဓာတ်ကြိုးအန္တရာယ်များကြောင့် ဓာတ်လိုက်သေဆုံးမှုများတွင် ၂၀၁၆ ခုနှစ်၌ ကလေးငယ် ၁၀ ဦးနှင့်၂၀၁၇ ခုနှစ်တွင် ကလေးငယ် ငါးဦးပါရှိသည်ဟုလည်း သတင်းများတွင် တွေ့ခဲ့ရသည်။ ထိုသို့သေဆုံးမှုများမှာ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုခြင်း၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျှပ်စစ်အန္တရာယ်အသိမရှိခြင်း၊ လျှပ်စစ်အန္တရာယ် အသိရှိသော်လည်း သတိမမူခြင်းကြောင့် လျှပ်စစ်အန္တရာယ်ဖြင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ အသက်ဆုံးရှုံးရခြင်းနှင့် မီးလောင်မှုများ ဖြစ်ပေါ်ကြုံတွေ့ကြရခြင်းတို့ဖြစ်သည်ဟု ဆိုခဲ့ကြသည်။ သို့အတွက် လျှပ်စစ်အန္တရာယ်နှင့် ပတ်သက်ပြီး ပြည်သူအများ သိထားသင့်၊ သိထားထိုက်သည့်အချက်များကို လေ့လာထားကြရန် အထူးလိုအပ်လာပါသည်။ အဘယ်ကြောင့်ဆိုသော် လျှပ်စစ်ဆိုသည်မှာ ကျွန်ုပ်တို့နိစ္စဓူဝ ထိတွေ့ကိုင်တွယ်သုံးစွဲနေရသည့်အရာ၊ ကျွန်ုပ်တို့အတွက် မရှိမဖြစ်သည့်အရာသဖွယ်ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ လျှပ်စစ်အန္တရာယ်ကြောင့် ထိခိုက်မှု၊ အသက်ဆုံးရှုံးမှုဖြစ်ပွားရခြင်းကို လေ့လာကြည့်လျှင် လျှပ်စစ်စက်ကွင်းအတွင်း ဝင်ရောက်မိ၍ လျှပ်စစ်အန္တရာယ်ဖြစ်ပွားရခြင်းနှင့် လျှပ်စစ်စီးဆင်းနေသော ဝိုင်ယာကြိုး၊ လျှပ်စစ်ပစ္စည်းများကို ထိမိခြင်း၊ ကိုင်တွယ်မိရာမှ ခန္ဓာကိုယ်ကိုဖြတ်၍ လျှပ်စစ်စီးခြင်းကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်ပွားရခြင်းတို့ဖြစ်ကြောင်း တွေ့ကြရမည်ဖြစ်သည်။

**မိုးတွင်းကာလတွင် အဖြစ်များ**

အခြားတစ်ဖက်တွင်လည်း လျှပ်စစ်ဓာတ်ကြိုးအန္တရာယ်ကြောင့် သေဆုံးခဲ့ရမှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် မိုးရာသီအကြိုကာလနှင့် မိုးရာသီကာလ စိုစွတ်သည့်အချိန်တွင် ပိုမိုဖြစ်ပွားကြောင်း တွေ့ရသည်။ ထို့အတွက် ယခုလို မိုးရာသီကာလတွင် လျှပ်စစ်အန္တရာယ်မှကင်းဝေးစေရန် ကြိုတင်ဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ပြည်သူများအနေဖြင့် ကြိုတင်သိရှိပြီး လိုက်နာဆောင်ရွက်တတ်ကြစေရန် အထူးလိုအပ်လာသည်ကို တွေ့ရသည်။ ထိုသို့ လိုအပ်လာသည်နှင့်အမျှ ဆိုင်ရာလျှပ်စစ်ဌာနအနေဖြင့်လည်း ပြည်သူများသို့ လျှပ်စစ်ဓာတ်အားဆိုင်ရာ အသိပညာပေးခြင်း၊ လျှပ်စစ်အန္တရာယ်ရှိနိုင်သည့်နေရာများတွင် သတိပေးဆိုင်းဘုတ်များကပ်ထားခြင်းတို့ ပြုလုပ်ပေးကြရမည်ဖြစ်သည်။

**ဆိုင်ရာဌာနနှင့် ပြည်သူများပူးပေါင်းကာကွယ်**

နှစ်စဉ်မိုးကြိုကာလနှင့် မိုးတွင်းကာလများတွင် မြို့၊ ရွာ၊ ရပ်ကွက်များအတွင်းရှိ ဓာတ်အားလိုင်းများ၊ ဓာတ်တိုင်များ၊ ထရန်စဖော်မာများ၏ ကြံ့ခိုင်မှုတို့ကို ဆိုင်ရာဌာနက စစ်ဆေးခြင်းနှင့် ယင်းတို့နှင့်မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းအပြင် ပြည်သူများကလည်း ဖြစ်ပေါ်ကြုံတွေ့နိုင်သည့် လျှပ်စစ်ဓာတ်ကြိုးများ ပြုတ်ကျကာ ဓာတ်လိုက်တတ်သည့်အချက်များကို မိမိတို့ကိုယ်တိုင်နှင့် ကလေးငယ်များကိုလည်း အသိပညာပေးခြင်း၊ လိုအပ်လျှင် ရပ်ကွက်အတွင်း ဟောပြောခြင်းများကို လျှပ်စစ်ဌာနမှတာဝန်ရှိသူများနှင့် ပူးပေါင်းပြီးပြုလုပ်ကြရန် လိုသည်။ ထို့အပြင် မိုးကြိုကာလတွင် ဖြစ်ပေါ်တတ်လေ့ရှိသည့် လေပြင်းတိုက်ခတ်၍ သစ်ပင်သစ်ကိုင်းကျိုးကျပြီး ဓာတ်ကြိုးများပြုတ်ကျကာ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန် ဓာတ်အားလိုင်းများတွင် အပ်ကွင်း၊ အပ်ဘားများရှိ၊ မရှိ၊ လူစည်ကားရာအရပ် ရထားလမ်း၊ ကားလမ်း၊ ဈေးများတွင် ဓာတ်အားလိုင်းများအောက်တွင် ဓာတ်ကြိုးပြုတ်ကျပါက လူအများကို မထိခိုက်စေရန် လိုင်းပုခက်များတပ်ဆင်ထားခြင်း ရှိ၊ မရှိ၊ ရှိပါကလည်း အဆိုပါလိုင်းပုခက်များ၌ အပ်မိစေရန် မြေစိုက်ကြိုးများ တပ်ဆင်ထားခြင်းရှိ၊ မရှိနှင့်

> ‘လျှပ်စစ်ဓာတ်ကြိုး အန္တရာယ်ကြောင့် သေဆုံးခဲ့ရမှု ဖြစ်စဉ်များကို လေ့လာ ကြည့်လျှင် မိုးရာသီအကြို ကာလနှင့် မိုးရာသီကာလ စိုစွတ်သည့် အချိန်တွင် ပိုမိုဖြစ်ပွားကြောင်း တွေ့ရသည်’

အန္တရာယ်ရှိသောနေရာများ၌ သတိပေးဆိုင်းဘုတ်များ ရေးသားထားခြင်း ရှိ၊ မရှိ၊ အဆောက်အအုံများတွင် မိုးကြိုးလွှဲများ စနစ်တကျတပ်ဆင်ထားခြင်းနှင့် မိုးကြိုးမှလာသော ဓာတ်အားကို မိုးကြိုးလွှဲများက လွှဲဖယ်ပေးခြင်းရှိ၊ မရှိတို့ကို ပြည်သူများကိုယ်တိုင်သိရှိပြီး စစ်ဆေးကြည့်ရှုကာ လိုအပ်ချက်များကို လျှပ်စစ်ဌာနသို့ တင်ပြဆောင်ရွက်စေကြရမည် ဖြစ်သည်။

**အိမ်တိုင်းကိုယ်စီ သိရှိလိုက်နာကြရမည့် လျှပ်စစ်အန္တရာယ်ကင်းဝေးရန် အချက်များ**

မိုးကာလတွင် ဖြစ်ပေါ်တတ်လေ့ရှိသည့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန် ဓာတ်တိုင်မှအိမ်သို့ သွယ်တန်းထားသော ဆားဗစ်ကြိုးများ ဟောင်းနွမ်း ဆွေးမြည့် ပေါက်ပြဲနေပါက လဲလှယ်ခြင်း၊ ထိုသို့ ပေါက်ပြဲမှုရှိပါက လျှပ်စစ်ကြိုးသွယ်တန်းရာ လမ်းကြောင်းရှိ လျှပ်စစ်ဓာတ်ကူးနိုင်သည့် သံထည်ပစ္စည်းများနှင့် ထိစပ်ပါက လျှပ်စစ်စီးဝင်ကာ ဓာတ်လိုက်သေဆုံးတတ်သည်ကို သိရှိထားခြင်း၊ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်မှုများဖြစ်ပေါ်တတ်ခြင်း၊ ဆားဗစ်ကြိုးများ အိမ်အတွင်းသို့ အဝင်တွင် ပိုက်အတွင်းထည့်သွင်းကာ သွယ်တန်းထားသင့်ခြင်း၊ အိမ်အတွင်းမှ တစ်ဆင့်ခံ သွယ်တန်းမှုများတွင်လည်း လျှပ်စစ်ဒဏ်ခံကြိုး(Fuse)ကို ခံနိုင်သည်ထက် ပိုမထည့်ကြခြင်း၊ လျှပ်စစ်မီးဖို၊ မီးပူများကိုသုံးစွဲပြီးလျှင်သော်လည်းကောင်း၊ လျှပ်စစ်မီးပြတ်တောက်သွားလျှင်သော်လည်းကောင်း ခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားခြင်း၊ ချို့ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးစွဲခြင်း၊ လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက် ပိုမသုံးခြင်း၊ မလိုအပ်လျှင် လျှပ်စစ်မီးများနှင့် လျှပ်စစ်ပစ္စည်းများကို ပိတ်ထားခြင်းဖြင့် မီတာခချွေတာခြင်းစသည်တို့ကို သိရှိလိုက်နာကြရန် လိုအပ်သည်။ ထို့အပြင် ဓာတ်အားသုံးစွဲသူများသည် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ လျှပ်စီးလက်၍ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်းများ ဖြစ်ပေါ်ချိန်တွင်အိမ်တွင်းပင်မခလုတ်ကြီးအား ပိတ်ထားခြင်း၊ ညအချိန် အိပ်ရာဝင်လျှင် လျှပ်စစ်မီးများ၊ အင်ဗာတာ၊ ဘက်ထရီနှင့် ဗို့အားမြှင့်စက်များ၊ တီဗွီ၊ ရေခဲသေတ္တာ၊ မီးဖို၊ မီးပူစသည့် လျှပ်စစ်ပစ္စည်းများ ပိတ်၊ မပိတ် စစ်ဆေးပြီးမှအိပ်သည့် အလေ့အကျင့် ပြုလုပ်ကြရန် လိုအပ်ပါသည်။

**မတော်တဆ ဓာတ်လိုက်ခံရမှုနှင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ခြင်းများအတွက်ဆိုလျှင်**

မတော်တဆဓာတ်လိုက်ခံနေရသူများနှင့် အခြားသော လျှပ်စစ်ဝိုင်ယာကြိုးများ ရှော့ခ်ဖြစ်နေသည်ကို တွေ့ရှိလျှင်လည်း ပထမဦးစွာ ပင်မခလုတ်ကို ပိတ်ကာ ခြောက်သွေ့သည့်အဝတ်ဖြင့် ရိုက်ပုတ်ဖယ်ရှားခြင်း၊ ဖုံးအုပ်ငြိမ်းသတ်ခြင်း၊ အင်္ဂတေခင်းသောအိမ်များတွင် ဖိနပ်စီးပြီးမှသာ လျှပ်စစ်ခလုတ်အဖွင့်၊ အပိတ်လုပ်ခြင်း၊ ပြင်ပနေရာလမ်း၊ ကျောင်း၊ ဈေးများတွင် ဓာတ်ကြိုးများပြုတ်ကျပါက ကိုင်တွယ်ခြင်းမပြုဘဲ လျှပ်စစ်ဌာနသို့ အမြန်သတင်းပေးပို့ခြင်း၊ မတော်တဆဓာတ်လိုက်ခံရသူတွေ့ရှိပါက ထိုသူအား အဝတ်ခြောက်ဖြင့်ပတ်၍ အမြန်ဆွဲခြင်းတို့ကို စနစ်တကျ သတိရှိရှိဖြင့် ပြုလုပ်တတ်ကြရန် လိုအပ်ပါသည်။

**ကြိုတင်သိရှိ မျှော်တွေးဆောင်ရွက်ရမည့် မမြင်ရသည့်အန္တရာယ်**

လျှပ်စစ်စက်ကွင်းသည် မျက်မြင်မတွေ့နိုင်သည့် အန္တရာယ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုလျှပ်စစ်ဓာတ်အားစီးဆင်းနေမှု ရှိ၊ မရှိကို လျှပ်စစ်တိုင်းတာရေးကိရိယာနှင့်တိုင်းတာခြင်းနှင့် အခြားသော စမ်းသပ်နည်းများဖြင့် ကြည့်မှသာ တွေ့ရှိနိုင်သည့်အရာဖြစ်သည်။ သို့အတွက် လျှပ်စစ်စက်ကွင်းများကြောင့် လျှပ်စစ်အန္တရာယ် မဖြစ်ပွားစေရန် သတိပြုရမည့်အချက်များအနေဖြင့် ဓာတ်အားလိုင်းကြိုးများအနီးသို့ လူ၊ ပစ္စည်းများချဉ်းကပ်ခြင်း မပြုရန်၊ ဓာတ်အားလိုင်းကြိုးအောက်နှင့် ဓာတ်အားလိုင်းကြိုးများ အနီးပတ်ဝန်းကျင်တွင် တီဗွီအင်တာနာတိုင်ထောင်ခြင်း၊ စတီးပိုက်ချောင်းများ၊ သံပိုက်ချောင်းများထောင်၍ ကိုင်ဆောင်ခြင်းများ မပြုလုပ်ရန်၊ ဓာတ်အားလိုင်းကြိုးများအောက်တွင် ကားရပ်ပြီး ကားခေါင်မိုးပေါ်တက်၍ လုပ်ငန်းဆောင်ရွက်ခြင်းများ မပြုကြရန်၊ ဓာတ်အားလိုင်းကြိုးများ အောက်နှင့် အနီးပတ်ဝန်းကျင်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ဓာတ်အားလိုင်းတိုင်များပေါ်သို့ တက်ရောက်ကစားခြင်း၊ လျှပ်စစ်ကျွမ်းကျင်သူမပါဘဲ ဓာတ်အားလိုင်းတိုင်များပေါ်တက်၍ ကြိုးဆွဲခြင်း၊ ကြော်ငြာကပ်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်းမပြုလုပ်ကြရန် လျှပ်စစ်ဌာနမှ သတိပေးနှိုးဆော်ထားသည်တို့ကို လိုက်နာကြရမည် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့်တင်ပြရလျှင် လျှပ်စစ်အဖိုနှင့် အမဓာတ်ကူးတတ်သည့် သဘောတရားများကိုလည်း လူကြီးများသာမက ကလေးငယ်များသို့ပါ တစ်ချက်ချင်းအလိုက် အသိပညာပေးထားကြခြင်း၊ မိမိတို့လူတိုင်းကိုယ်စီ လျှပ်စစ်အန္တရာယ်အသိရှိခြင်း၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများအပေါ် ဂရုစိုက်ပြီး ရှောင်ရန်၊ ဆောင်ရန်အချက်များကို လိုက်နာကြခြင်းအားဖြင့် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ရန်ကုန်-မော်လမြိုင်-မြဝတီလမ်းကြောင်း ရေကျော်သည့်နေရာများတွင် ယာဉ်ငယ်များ သွားလာရန်ခက်ခဲ

**ဘားအံ ဩဂုတ် ၄**

ကရင်ပြည်နယ် ဘားအံမြို့ ရန်ကုန်-မော်လမြိုင်-မြဝတီလမ်းကြောင်းပေါ်မှ ရေကျော်နေသည့်နေရာများတွင် ယာဉ်ကြီးများဖြတ်သန်းသွားလာနေပြီဖြစ်သော်လည်း ယာဉ်ငယ်များအတွက် သွားလာရန်ခက်ခဲနေသေးကြောင်း သိရသည်။

ဩဂုတ် ၃ ရက်တွင် ဘားအံ-သထုံ-ရန်ကုန်သွားသည့်လမ်းမကြီး၌ ယာဉ်ကြီးယာဉ်ငယ်အားလုံးသွားလာနိုင်ပြီဖြစ်ကြောင်းသိရပြီး ဘားအံ-ဇာသပြင်-မော်လမြိုင်လမ်းကြောင်းတွင် ဦးနာအောက်လမ်းဆုံ၊ ကော့ရေးကျေးရွာ ငါးမွေးမြူရေးကန်အနီးတို့တွင် ရေနှစ်ပေခန့်စီနှင့် ခြံကလေးနှင့်ကော့ဆိုင်ကျေးရွာအကြား၌ ကားလမ်းမပေါ်၌ ရေသုံးပေခန့်အထိ ကျော်နေသည့်အတွက် ယာဉ်ကြီးများ ဖြတ်သန်းသွားလာနေကြသော်လည်း ယာဉ်ငယ်အချို့မှာ ဖြတ်သန်းရန်ခက်ခဲနေသဖြင့် စောင့်ဆိုင်းနေကြရကြောင်း သိရသည်။

ထို့အတူ ဘားအံ-အိန္ဒူ-ကော့ကရိတ်-မြဝတီလမ်းတစ်လျှောက်တွင် ယာဉ်ကြီးယာဉ်ငယ် သွားလာနိုင်သော်လည်း ဂျိုင်း(ကော့ကရိတ်)Pontoonဖောတံတား၏ ချဉ်းကပ်လမ်းမှာ ရေ လေးပေခွဲခန့်အထိရှိနေသဖြင့် အဆိုပါ Pontoon တံတားက ဖြတ်သန်းရမည့် ယာဉ်ကြီးများမှာ ဖြတ်သန်း၍မရသေးဘဲ ဆက်လက် စောင့်ဆိုင်းလျက်ရှိကြောင်း၊ ကျားကလေး-ဇာသပြင်ကားလမ်း ကီလိုမီတာ ၂၂ အနီးရှိ တံတားပေါ်တွင် ရေ သုံးပေခန့်ရှိနေသဖြင့် ယာဉ်ငယ်များ ဖြတ်သန်းနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

